ကြေးမှန်

The Mirror

Established in 1957

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ဖြာသိုလပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (27-1-2016) (စာမျက်နှာ ၁၆)

မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ် ၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

ထင်ရှားကျော်ကြားသည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ကောင်းမွန်သောဂုဏ်သတင်းများဖြင့် မွှေးပျံ့ပါစေသော်

သတင်းဆောင်းပါး

မင်းသစ်၊သီသီမင်း

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ကြည်ညိုဖွယ်ရာ ဖူးတွေ့ရစဉ်။*(ဓာတ်ပုံ-burmadhamma.blogspot.com)*

တစ်ချိန်တုန်းက ကျိုက်ထီးရိုးစေတီအား ဖူးမြော်ကြည်ညိုရန် ညဘက်တွင် မီးတုတ်များကိုင်ပြီး အပေါင်းအသင်းများနှင့် အဖွဲ့လိုက် တောင်ပေါ်တက်ခဲ့သည်ကို ပြန်ပြောင်းသတိရမိသည်ဟု နှစ်စဉ်နှစ်တိုင်း ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ အကြိမ်ကြိမ်တက်ရောက်သည့် ရန်ကုန်မြို့မှ ဘုရားဖူးလာသူ မနိုင်က ပြောသည်။

အဲဒီတုန်းက "ကားလမ်းကလည်း မပေါက်သေးတော့ အဖွဲ့လိုက်၊ မိသားစုလိုက် ပျော်ဖို့ကောင်းလိုက်တာများ၊ တောလမ်းတစ်လျှောက်မှာလည်း မောရင်နားနိုင်တဲ့ စခန်းတွေက ဆိုင်တွေမှာ စားချင်တာစား အလွန်စည်တာ၊ မိတ်ဆွေသစ်တွေလည်း နှစ်တိုင်းတိုးခဲ့တယ်။ ခုတော့ လမ်းတွေကလည်း ကောင်း၊ ကားလမ်းလည်းပေါက်သွားပြီဆိုတော့ ရန်ကုန်ကလာကတည်းက တောင်ခြေကနေ ကားနဲ့ပဲတက်ဖြစ်တော့တယ်။ တောလမ်းက မသွားဖြစ်တာကြာသွားပါပြီ" ဟု ရင်းကဆိုသည်။

ယခုအခါ ဘုရားဖူးများအနေဖြင့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီရင်ပြင်တော်ပေါ်သို့ တောင်ခြေမှ ခုနစ်မိုင်ခွဲခန့် ဝေးသည့် တောလမ်းအတိုင်း ခြေကျင်သွားရောက်နိုင်သကဲ့သို့ ကင်မွန်းစခန်းမှ မော်တော်ယာဉ်များစီးနင်းပြီး နာရီပိုင်းအတွင်း တက်ရောက် ဖူးမြော်ကြည်ညိုနိုင်ပြီဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့●

အမျိုးသမီးများ ဘဝလုံခြုံရေးကို အလေးထားခြင်းသည် အမျိုးသမီးရေးရာအဖွဲ့များ၏ အဓိကတာဝန်ဖြစ်

သတင်း စာမျက်နှာ - ၃

ကြေးမုံ စာတည်းရုံ ၂၇-၁-၂၀၁၆၊ ဗုဒ္ဓဟူးနေ့

လူမှုစီးပွားအကျိုးပြု စက်သုံးဆီ

စက်သုံးဆီသည် လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် အရေးကြီးပါသည်။ တစ်ချိန်သောကာလက ပြည်သူများအသုံးပြုသည့် ယာဉ်၊ မီးစက်နှင့် စက်ပစ္စည်းအမျိုးမျိုးတို့အတွက် စက်သုံးဆီကို ခွဲတမ်းစနစ်ဖြင့်လည်းကောင်း၊ မှောင်ခိုဈေးကွက်တွင်လည်းကောင်း ခက်ခက်ခဲခဲ ဝယ်ယူခဲ့ရသည်။ ယခုအခါ စက်သုံးဆီများကို လွတ်လပ်စွာ ဝယ်ယူတင်သွင်း ဖြန့်ဖြူးရောင်းချခွင့်ရှိသဖြင့် အများပြည်သူအတွက် အဆင်ပြေနေပြီဟု ဆိုနိုင်ပါသည်။

စက်သုံးဆီသည် လူမှုဘဝဖွံ့ဖြိုးမှုကိစ္စအဝဝတို့၌ အသုံးဝင်အဆင်ပြေစေသော ပစ္စည်းဖြစ်သလို နိုင်ငံဖွံ့ဖြိုးရေးအတွက်လည်း အရေးပါသည့် ပစ္စည်းတစ်မျိုးဖြစ်သည်။ စက်သုံးဆီကို လွယ်ကူစွာဝယ်ယူနိုင်ခြင်း၊ ဈေးနှုန်းသက်သာခြင်းသည် လူမှုစီးပွားနယ်ပယ်ကို အဆင်ပြေချောမွေ့စေသည့် အပြင် ကုန်ဈေးနှုန်းထိန်းညှိရေးအတွက်လည်း အခန်းကဏ္ဍတစ်ခုအဖြစ် အရေးပါပါသည်။

မြန်မာနိုင်ငံသည် တွင်းထွက်သယံဇာတပေါများသောနိုင်ငံအဖြစ် ရှေးအစဉ်ကတည်းက ရပ်တည်ခဲ့သည်။ စက်သုံးဆီကို တွင်းထွက်ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေတို့မှ ပြုပြင်ပြောင်းလဲအသုံးချသည်။ ယခင်က မြန်မာပြည်အလယ်ပိုင်းမှထွက်ရှိသည့် မြန်မာ့ရေနံများမှာ ပေါများခဲ့သော်လည်း ယခုအခါ မည်သို့မည်ပုံ လျော့နည်းသွားသည်ကို မခန့်မှန်းနိုင်ပေ။ လက်ရှိတွင် မြန်မာနိုင်ငံရေနံလုပ်ကွက်များ၌ အကျိုးတူပူးပေါင်း၍ ရေနံရှာဖွေထုတ်လုပ်နေသော်လည်း ယခင်ကအထွက်နှုန်းကို မမီတော့ချေ။ လွန်ခဲ့သော ၂၅ နှစ်ကျော်ကာလက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်နှစ်လျှင်ရေနံစည် ၂၀၀၀၀ ခန့်ထွက်ရှိရာမှ ယခုအခါ ရေနံစည် ၇၅၀၀ ခန့်သာ ထွက်ရှိတော့သည်ဟု သိရှိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွက် လိုအပ်သော စက်သုံးဆီများကို ပြည်ပမှ နှစ်စဉ်ဝယ်ယူတင်သွင်းနေရသည်။

ပြည်တွင်းမှ ထွက်ရှိသည်ဖြစ်စေ၊ ပြည်ပမှ ဝယ်ယူတင်သွင်းရသည်ဖြစ်စေ ယခုအခါ စက်သုံးဆီဈေးနှုန်းကျဆင်းမှုကြောင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အခက်အခဲရှိနိုင်ဟု ထင်မြင်ယူဆနိုင်သည်။ သို့သော်လက်ရှိ၌ ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းနေပြီး ဆိပ်ကမ်းရောက်ဈေးနှုန်းနှင့် ပြည်တွင်းလက်လီဖြန့်ဖြူးမှုဈေးနှုန်းတို့ ကွာဟနေသည်မှာ အံ့သြဖွယ်ဖြစ်သည်။ စက်သုံးဆီမှာ ငွေလဲနှုန်းပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲဖြစ်တတ်သောကြောင့် သက်ဆိုင်ရာက ဆိပ်ကမ်းရောက် တစ်လီတာဈေးနှုန်းကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ပေးလျက်ရှိသည်။ ပြည်တွင်းစက်သုံးဆီဆိုင်များတွင် ဆိပ်ကမ်းရောက် ဈေးနှုန်းကျသော်လည်း လက်လီဈေးနှုန်းမြင့်တက်နေ၍ သုံးစွဲသူပြည်သူများအတွက် နစ်နာမှုများဖြစ်နိုင်သည်။

ဥပမာအားဖြင့် ယခုလဆန်းက ပြည်ပမှ ဝယ်ယူတင်သွင်းရသည့် အောက်တိန်း 92 စက်သုံးဆီ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးနှုန်းမှာ တစ်လီတာ ၅၃၄ ကျပ် ဖြစ်သော်လည်း အရောင်းဆိုင်များတွင် တစ်လီတာ ကျပ် ၆၁၀ ဖြင့် ရောင်းချနေသည်ကို တွေ့ရသည်။ တစ်လီတာ၏ ကွာခြားချက်မှာများနေ၍ စက်သုံးဆီဈေးနှုန်းထိန်းသိမ်းရေးကော်မတီက အောက်တိန်း 92 တစ်လီတာကို ကျပ် ၅၅၀ ဖြင့် ရောင်းချရန် ထုတ်ပြန်ကြေညာထားသော်လည်း ယနေ့လက်ရှိအချိန်အထိ ရောင်းမြဲရောင်းဈေးနှုန်းအတိုင်းသာ ရောင်းချနေကြောင်း သိရသည်။

ဆိုလိုသည်မှာ စက်သုံးဆီဈေးနှုန်းကျဆင်းချိန်တွင် သုံးစွဲသူရော၊ အများပြည်သူအတွက်ပါ အကျိုးဖြစ်ထွန်းစေ၍ ဝမ်းမြောက်ရမည့်ကိစ္စရပ်ဖြစ်သော်လည်း ယခုကဲ့သို့ ဈေးနှုန်းမကျဆင်းမှုကို ပြန်လည်ထိန်းချုပ်ရန်လိုအပ်နေပြီဖြစ်သည်။ စက်သုံးဆီသည် ဈေးနှုန်းအတက်အကျအပေါ် မူတည်၍ ရောင်းချနေရခြင်းဖြစ်ပြီး ဈေးနှုန်းမြင့်တက်၍ ဝယ်ယူရပါကနိုင်ငံတော်က သတ်မှတ်ပေးထားသော ဈေးနှုန်းဖြင့် အများပြည်သူအားသင့်တင့်မျှတစွာ ရောင်းချပေးမည်ဆိုလျှင် အတ္တ၊ ပရမျှတပြီး နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

စက်သုံးဆီကို ဝယ်ယူတင်သွင်းခြင်းသဘောသာဖြစ်၍ ရင်းနှီးမြှုပ်နှံမှုမကြီးမားလှချေ။ ယခုကဲ့သို့ ကမ္ဘာ့ဆီဈေးကျဆင်းနေချိန်တွင် လက်လီဈေးကွက်မကျဆင်းခြင်းမှာ မဖြစ်သင့်သောကိစ္စတစ်ခုဟု သုံးသပ်မိပါသည်။ စက်သုံးဆီဈေးနှုန်း များခြင်း၊ နည်းခြင်းသည် အများပြည်သူအသုံးပြုနေသော သယံဇာတပို့ဆောင်ရေး၊ ကုန်ပစ္စည်းထုတ်လုပ်ရေးစသည့်ကိစ္စရပ်များတွင် တိုက်ရိုက်သက်ရောက်မှုရှိသဖြင့် အများပြည်သူအကျိုးအတွက် စက်သုံးဆီ အသင်းက ပါဝင်ထိန်းညှိပေးခြင်းကို ကြိုဆိုပါသည်။ ။

ရှင်းလင်းတိကျသော ကုန်သွယ်ရေးမူဝါဒ ချမှတ်နိုင်သည်အထိ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းအနေဖြင့် ဆက်လက်ဆောင်ရွက်မည်

ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံ လက်လီရောင်းချသူများအနေဖြင့် နိုင်ငံခြားဖြစ်အရက်၊ ဘီယာ၊ ဝိုင်၊ စီးကရက်များနှင့် ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ မြန်မာနိုင်ငံအတွက်သင့်လျော်သော ကူးသန်းရောင်းဝယ်ရေးမူဝါဒတစ်ခု ချမှတ်နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် နိုင်ငံတကာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နှိုင်းယှဉ်ကာ ရေးသားတင်ပြခြင်း အစည်းအဝေးနှင့် ဆွေးနွေးပွဲများ ပြုလုပ်၍ တရားဝင်ရောင်းချခွင့်ရရှိရန် ကြိုးစားခဲ့ကြသော်လည်း မူဝါဒ ချမှတ်နိုင်ခဲ့ခြင်း မရှိခဲ့ကြောင်း မြန်မာနိုင်ငံ လက်လီရောင်းချသူများ အသင်း၏ ၂၀၁၄-၂၀၁၅ အစီရင်ခံစာမှ သိရသည်။

နိုင်ငံခြားဖြစ် အရက်၊ ဘီယာ၊ ဝိုင်နှင့် စီးကရက်များ ရောင်းချခြင်းကို တရားမဝင်ကုန်သွယ်ခြင်း ပြုလုပ်နေသည်ဟု သတ်မှတ်ထားရာ လက်လီရောင်းချသူများအနေဖြင့် မိမိတို့ဆိုင်တင်ရောင်းရာတွင် အခက်အခဲများရှိလာပြီး အစိုးရဌာနများ၏ စစ်ဆေး အရေးယူမှုများနှင့်လည်း ရင်ဆိုင်ရနိုင်သောကြောင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် အဆိုပါကုန်ပစ္စည်းများရောင်းချခြင်းသည် တရားမဝင်ကြောင်း၊ နိုင်ငံတော်၏ တည်ဆဲဥပဒေအရ အရေးယူခံရနိုင်ခြင်းရှိကြောင်းကို မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းအတွင်း သတိပေးစာထုတ်၍ အသင်းဝင်များထံ အသိပေးအကြောင်းကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ပစ္စည်းများကိုစားသုံးသူများထံသို့ လက်လီလုပ်ငန်းရှင်များက ရောင်းချနေခြင်းကို တရားမဝင်ဟု သတ်မှတ်သည်ဆိုသောကြောင့် ဥပဒေကို လေးစားသည့်အနေဖြင့် အသင်းမှ အသင်းဝင်ဆိုင်များ၏ ကိုယ်တိုင်သဘောထားဖြင့် အဆိုပါ ပစ္စည်းများရောင်းချခြင်းကို ယာယီ အနေဖြင့် အသင်းဝင်ဆိုင်ပေါင်း ၃၀၀ နီးပါးခန့်ရပ်ဆိုင်းခဲ့ကြောင်းသိရသည်။

ထို့သို့ပြုလုပ်ခြင်း၏ အကျိုးဆက်အဖြစ် ၂၀၁၅ ခုနှစ် ဧပြီလတွင် ပထမဆုံးဖြေလျှော့မှုအနေဖြင့် ဝိုင်ကိုတရားဝင် တင်သွင်းရောင်းချခွင့် ပြုလိုက်ပြီဟူသော ထုတ်ပြန်ချက်ကို ရရှိခဲ့ကြောင်း သိရသည်။

ပြည်တွင်းရှိ အချို့အမှတ်တံဆိပ်များက အရည်အသွေးပြည့်မီသော်လည်း အမှတ်တံဆိပ်အများစုမှာ သတ်မှတ်ထားသော အရည်အသွေးစံချိန်စံညွှန်းမမီခြင်း၊ ပေါင်းထုတ်လုပ်ခြင်းမဟုတ်ဘဲ ဓာတုပစ္စည်းများသုံး၍ ချက်လုပ်ခြင်းတို့ပြုလုပ်နေကြပြီး တရားဝင် တင်သွင်းခွင့်မရှိသောကြောင့် နိုင်ငံခြားဖြစ်အရက်များ၏ မှောင်ခိုဈေးကွက်မှာ တစ်နေ့တခြား ပို၍ဆိုးလာကြောင်းသိရသည်။

ထို့ပြင် မည်သူက တင်သွင်းသည်ကို မသိနိုင်သည့်အတွက် ပစ္စည်းအတုဈေးကွက် ကြီးထွားလျက်ရှိရာ နိုင်ငံတော်အနေဖြင့် အခွန်များဆုံးရှုံးကာ ဈေးနှုန်းမှာလည်း ရှိသင့်သည်ထက်ကြီးမြင့်နေကြောင်း၊ ပြည်တွင်းတံဆိပ်အများစုမှာလည်း နိုင်ငံခြားကုန်အမှတ်တံဆိပ်နှင့် ယှဉ်ပြိုင်ရန် မလိုအပ်သည့်အတွက် အရည်အသွေးကို ဂရုစိုက်ထုတ်လုပ်မှုမရှိခြင်းစသော ဆိုးကျိုးများ ဈေးကွက်အတွင်း ဖြစ်ပေါ်နေကြောင်း သိရသည်။

ရောင်းချခွင့်လိုင်စင်များ ကန့်သတ်ချက်နှင့်သာ ထုတ်ပေးသည့်အတွက် ထပ်မံတိုးချဲ့ဖွင့်လှစ်လိုသော ကုန်စုံစတိုးဆိုင်များ၊ စတိုးများ အနေဖြင့် အခက်အခဲများရှိနေရာ ရှင်းလင်းတိကျသည့် ကုန်သွယ်ရေးမူဝါဒချမှတ်နိုင်သည်အထိ မြန်မာနိုင်ငံ လက်လီရောင်းချသူများ အသင်းအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

	ရန်ကုန်	ဇန်နဝါရီ ၂၆
ရန်ကုန်(ရွှေဈေး)	၇၇၆၀၀၀	- ၇၇၆၀၀၀
မန္တလေး(ရွှေဈေး)	၇၇၅၅၀၀	- ၇၇၅၅၀၀

စက်သုံးဆီဈေးနှုန်း	ရန်ကုန်	မန္တလေး
(က) ဒီဇယ် တစ်လီတာ	၄၇၀/၄၈၀ ကျပ်၊	၅၄၀/၅၆၀ ကျပ်
(ခ) အောက်တိန်း 95တစ်လီတာ	၆၃၀/၆၆၀ ကျပ်၊	၇၁၀/၇၅၀ ကျပ်
(ဂ) အောက်တိန်း 92 တစ်လီတာ	၅၂၀/၅၅၀ ကျပ်၊	၆၀၀/၆၂၀ ကျပ်
(ဃ) အဆင့်မြင့် ဒီဇယ် တစ်လီတာ	၅၁၀/၅၂၀ ကျပ်၊	၅၉၀/၆၂၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၄၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၃၀ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၉၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	- ၁,၂၉၇.၀
(ခ)	ဥရောပ	တစ်ယူရို	- ၁၄၀၆.၆
(ဂ)	တရုတ်	တစ်ယွမ်	- ၁၉၇.၁၃
(ဃ)	ထိုင်း	တစ်ဘတ်	- ၃၆.၀၄၈
(င)	မလေးရှား	တစ်ရင်းဂစ်	- ၃၀၂.၈၃
(စ)	အိန္ဒိယ	တစ်ရူပီး	- ၁၉.၁၃၅
(ဆ)	ဂျပန်	တစ်ရာယန်း	- ၁၀၉၇.၃
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	- ၁၀၈.၁၆
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	- ၉၀၁.၀၇
(ည)	စင်ကာပူ	တစ်ဒေါ်လာ	- ၉၀၆.၃၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

သူငယ်တန်း ဗဟိုအဆင့်နည်းပြသင်တန်း မန္တလေးမြို့တွင် ဖွင့်လှစ်မည်

မန္တလေး ဇန်နဝါရီ ၂၆

လာမည့်၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် KG (သူငယ်တန်း)ကို သင်နိုးသစ်ဖြင့် စတင်သင်ကြားနိုင်ရေးအတွက် KG (သူငယ်တန်း)ဆရာ၊ ဆရာမများအား လေ့ကျင့်သင်ကြားပေးနိုင်ရေး ဗဟိုအဆင့်နည်းပညာသင်တန်း (Centeral Level for Training) ကို ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၁၁ ရက်အထိ မန္တလေးမြို့တွင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗဟိုအဆင့်တွင်မြန်မာနိုင်ငံအတွင်းမှ ဆရာ ဆရာမပေါင်း ၅၀၀ အား လေ့ကျင့်သင်တန်းပေးမည်ဖြစ်ပြီး ၎င်းတို့မှတစ်ဆင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် သို့ ဆင့်ပွားသင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်သည်။

"တစ်နိုင်ငံလုံးက သင်တန်းသားတွေအတွက် ဗဟိုအဆင့်ကို မန္တလေးမှာ အထက (၄)နဲ့ အထက (၁၅) မှာ နှစ်နေရာခွဲပြီး ဖွင့်လှစ်သင်တန်းပေးမှာပါ။ ဒီသင်တန်းသားတွေကတစ်ဆင့် သက်ဆိုင်ရာပြည်နယ်နဲ့ တိုင်းဒေသကြီးအဆင့်တွေကို ထပ်မံပြီးဆင့်ပွားပို့ချပေးမှာဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ပညာရေးမျူးရုံးညွှန်ကြားရေးမှူး ဒေါက်တာစိုးမြင့်ထွန်းက ပြောသည်။

ဗဟိုအဆင့်သင်တန်းကို ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းနည်းပြ ၆၇ ဦးနှင့် သင်တန်းကြီးကြပ် ၁၀ဦးတို့မှ လာရောက်ပို့ချပေးမည်ဖြစ်ပြီး သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၉ ရက်တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)



ပညာမြင့်မှ လူမျိုးတင့်မည်

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလှိ၊ မေသကြီန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

အမျိုးသမီးများ ဘဝလုံခြုံရေးကို အလေးထားခြင်းသည် အမျိုးသမီးရေးရာအဖွဲ့များ၏ အဓိကတာဝန်ဖြစ်

နေပြည်တော် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရှိ သီရိရတနာခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းရွှေမှုန်တို့ တက်ရောက်ချီးမြှင့်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အမျိုးသမီးများ ဘဝလုံခြုံရေးကို အလေးထားခြင်းသည် အမျိုးသမီးရေးရာအဖွဲ့များ၏ အဓိကတာဝန်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ၂၀၁၅ ခုနှစ်အတွင်းဖြစ်ပွားခဲ့သည့် သက်ငယ်အမွေပြုကျင့်မှုများသည် ၄၀ ရာခိုင်နှုန်းရှိခဲ့သည့်အတွက် ကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို မြို့ပြနှင့် ကျေးရွာမကျန် အရှိန်အဟုန်မြှင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဥပဒေပိုင်းဆိုင်ရာ အကူအညီပေးမှုများကိုလည်း ယခုထက်ပိုပြီး ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ကြပြီး လူကုန်ကူးခံရသူ အမျိုးသမီးများဘဝ ရပ်တည်ရေးအတွက် တတ်စွမ်းနိုင်သမျှ ကူညီပံ့ပိုးပေးကြရမည်ဖြစ်ပါကြောင်း။

အမျိုးသမီးများ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အမျိုးသမီးများ၏ အရည်အသွေးစွမ်းပကားများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသမီးများကို အသိပညာပေးရုံသာမဟုတ်ဘဲ ကိုယ်တိုင်နားလည်သဘောပေါက်ပြီး ကိုယ်တိုင်လိုက်နာကျင့်သုံးသည့် အလေ့အထရလာသည်အထိ ထဲထဲဝင်ဝင်ပိုင်းဝန်းဆောင်ရွက်နိုင်အောင်လည်း မိမိတို့လုပ်ဆောင်ချက်များကို တင်ပြရင်း ထပ်မံအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဆွေးနွေးကြစေလိုပါကြောင်း။

နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၁၅ ခုနှစ်အတွင်း လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အမျိုးသမီးများ၏ အရည်အသွေးစွမ်းပကားများကို မြှင့်တင်ရာတွင် အမျိုးသမီးများကိုယ်တိုင် နားလည်ဆောင်ရွက်နိုင်သည့် အရည်အသွေးများ၊ မြန်မာယဉ်ကျေးမှုနှင့် ကိုက်ညီပြီး မိမိဘဝလမ်းကြောင်းကို မိမိကိုယ်တိုင် ဦးဆောင်လျှောက်လှမ်းနိုင်သည့် အရည်အသွေးများကို ပိုင်ဆိုင်ခွင့်ရလာသည်အထိ လိုအပ်သည့် သင်တန်းများဖွင့်လှစ်ပေးပြီး အရည်အသွေးများ မည်မျှတက်လာသည်ကို ပြန်လည်တိုင်းထွာနိုင်သည်အထိ ဆွေးနွေးနိုင်ကြလိမ့်မည်ဟု မျှော်လင့်မိပါကြောင်း။

ထို့ပြင် ဒီမိုကရေစီနိုင်ငံအဖြစ် လျှောက်လှမ်းရာတွင် မြန်မာအမျိုးသမီးထုတစ်ရပ်လုံး ကျရာအခန်းကဏ္ဍတွင်ပါဝင်နိုင်မည့် ဆွေးနွေးချက်များကို ဆွေးနွေးကြပါဟု တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မာထွန်းက ၂၀၁၅ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သောလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၁၅ ခုနှစ်အတွင်း လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

နှစ်ပတ်လည်အစည်းအဝေးတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စည်းရုံးရေး၊ စီမံရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေး၊ ပြန်ကြားရေး၊ အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးစသည့် ဌာနကြီးများနှင့် လုပ်ငန်းအဖွဲ့များက ဆောင်ရွက်မှုများကို တင်ပြခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်မှုများကို တင်ပြခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့မှစ၍ ဇန်နဝါရီ ၂၈ ရက် အထိ ၃ ရက် ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသမီးများဘဝ ကာကွယ်မြှင့်တင်ကြရာဝယ်---

"အမျိုးသမီးတွေဟာ အတန်းပညာ မရှိတောင် အတတ်ပညာရှိရမယ်။ အတတ်ပညာရှိရင် အတတ်ပညာ ပေါ်ကရတဲ့ အကျိုးရလဒ်ဟာ သူတို့ဘဝတွေကို တိုးတက်လာစေပါတယ်။ ဒါ့ကြောင့် အသိပညာ၊ အတတ်ပညာတွေရရှိစေဖို့ရည်ရွယ်ပြီး အမျိုးသမီးများဘဝမြှင့်တင်ရေးကို ဆောင်ရွက်တယ်။ နိုင်ငံထက်ဝက်ကျော်ရဲ့ လူဦးရေဟာ အမျိုးသမီးတွေဖြစ်တဲ့အတွက် အသိပညာ၊ အတတ်ပညာတွေ ဘက်ပေါင်းစုံက မြှင့်တင်လာတာနဲ့ အမျှ နိုင်ငံတိုးတက်လာမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲ သေချာတဲ့ ဖြစ်ရပ်ပါပဲ"ဟု မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သန္တာဘုန်းဝင်းက အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးတွင် ပြောကြားသည်။

အမျိုးသမီးများ၏ ဘဝလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသမီးများကိုယ်တိုင်ဦးဆောင်သည့် အင်အားစုတစ်ရပ်ဖွဲ့စည်းကာ တစ်ပြည်လုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန်အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်အဖြစ် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တွင် အဖွဲ့ဝင်ဦးရေ (၅ သောင်း ၆)သန်းကျော်ရှိသည်။ စတင်ဖွဲ့စည်းချိန်မှစ၍ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပြီး တစ်နှစ်တာလှုပ်ရှားဆောင်ရွက်ခဲ့မှုများကို နှစ်ပတ်လည်အစည်းအဝေးများကျင်းပကာ ပြန်လည်သုံးသပ်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်မှာ ၁၂ ကြိမ် တိုင်ခဲ့ပြီဖြစ်သည်။

ယခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်တွင်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ◆

ဒေါ်သန္တာဘုန်းဝင်း

ဒေါ်သန်းသန်းဝင်း

ဒေါက်တာခင်မာထွန်း

ဒေါ်အယ်ခွန်းရီ

ဒေါ်ခင်စန္ဒာထွန်း

အိန္ဒိယသမ္မတနိုင်ငံတည်ထောင်သည့် (၆၇)နှစ်မြောက် စစ်ရေးပြအခမ်းအနား နယူးဒေလီ၌ကျင်းပ

နယူးဒေလီ ဇန်နဝါရီ ၂၆

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီတွင် ယနေ့နံနက်ပိုင်းက ကျင်းပသော အိန္ဒိယသမ္မတနိုင်ငံတည်ထောင်သည့် (၆၇)နှစ်မြောက် အမျိုးသားနေ့ နှစ်ပတ်လည် စစ်ရေးပြအခမ်းအနားကျင်းပရာ နိုင်ငံတော်၏စစ်အင်အား ခိုင်မာတောင့်တင်းပုံကို ထုတ်ဖော်ပြသကြောင်း၊ အဆိုပါအခမ်းအနားသို့ တက်ရောက်ရန် ပြင်သစ်သမ္မတဖရန်ဆွာဟော်လန်းအား ဂုဏ်ထူးဆောင်ဧည့်သည်အဖြစ် ဖိတ်ကြားခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အကြမ်းဖက်သမားများ၏ခြိမ်းခြောက်မှုများရှိနေလင့်ကစား စစ်ရေးပြအခမ်းအနားကိုကျင်းပခဲ့သည်။ စစ်ရေးပြအခမ်းအနားကျင်းပခိုန်တွင် လုံခြုံရေးကိုတင်းကျပ်ထားပြီး ရဲတပ်ဖွဲ့ဝင်အင်အား ၅၀၀၀၊ လေထီးစစ်သည် ၁၅၀၀၀၊ လေယာဉ်ပစ်အမြောက်များနှင့် လက်ဖြောင့်တပ်သား ၁၀၀၀ နီးပါးခန့်ကို ဖြန့်ကြက်ထားခဲ့သည်။

အဆိုပါစစ်ရေးပြအခမ်းအနားတွင် အိန္ဒိယကြည်းတပ်၊ ရေတပ်နှင့် လေတပ်တို့မှ တင့်ကားများ၊ အမြောက်လက်နက်များ၊ စစ်လေယာဉ်များအပြင် ရေတပ်ဖွဲ့မှ ပုံစံတူစစ်ရေယာဉ်များနှင့် ရေငုပ်သင်္ဘောများကို နယူးဒေလီမြို့၏ အချက်အချာကျသော ရာဇ၀ိုလမ်းမကြီးတစ်လျှောက်တွင် မောင်းနှင်ပြသကြသည်။

စစ်ရေးပြတပ်ဖွဲ့များ၏ ချီတက်အလေးပြုမှုကို အိန္ဒိယနိုင်ငံသမ္မတ ပရာနတ်မူခါဂျီးက ခံယူပြီး ယင်းအခမ်းအနားသို့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နရိန္ဒြာမိုဒီနှင့် ပြင်သစ်သမ္မတ ဟော်လန်းတို့လည်း တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ အာမစ်အန်ဆာရီး၊ အတိုက်အခံပါတီခေါင်းဆောင် ဆိုနီရာဂန္ဒီနှင့် အိန္ဒိယအစိုးရ အထက်တန်းဝန်ကြီးများ တက်ရောက်ကြသည်။ **ဆင်ဟွာ။**

ပိုင်နက်အငြင်းပွားကျွန်းစုများအနီး ရေလုပ်ငန်းဖွံ့ဖြိုးရေး ရုရှားက ဂျပန်ကိုအဆိုပြု

ဒါဗိုစ် ဇန်နဝါရီ ၂၆

ပိုင်နက်နယ်မြေ အငြင်းပွားနေသော ပစိဖိတ်ကျွန်းစုများ အနီးတစ်ဝိုက်၌ ရေလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရုရှားနိုင်ငံက ဂျပန်နိုင်ငံကို ဖိတ်ခေါ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသော်လည်း အခြေခံအဆောက်အအုံ မပြည့်စုံသေးသော နယ်မြေဒေသကြီးတစ်ခု ဖွံ့ဖြိုးတိုးတက်လာစေမည့် အစီအစဉ်တစ်ရပ်၏ တစ်စိတ်တစ်ဒေသအရ ပစိဖိတ်ကျွန်းစုများ အနီး၌ ရေလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ဂျပန်နိုင်ငံအား ကမ်းလှမ်းကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်၏ အရှေ့ဖျားဒေသဆိုင်ရာအထူးသံတမန် ယူရီထရက်နက်က ပြောကြားသည်။

ရုရှားနှင့် ဂျပန်နိုင်ငံတို့သည် ပင်လယ်ရေကြောင်း ပိုင်နက်အငြင်းပွားမှုရှိနေကြသော နိုင်ငံများဖြစ်ကြသည်။ ရုရှားအခေါ် ကူရိုင်းကျွန်းစု၊ ဂျပန်အခေါ် မြောက်ပိုင်းပိုင်နက်နယ်မြေများဟု သိရှိကြသော ကျွန်းစုများပိုင်ဆိုင်မှုကို အကြောင်းပြု၍ ဒုတိယကမ္ဘာစစ်နောက်ပိုင်းကာလမှစ၍ နှစ်နိုင်ငံဆက်ဆံရေးအဖုအထစ်များ ရှိခဲ့ကြသည်။

ပစိဖိတ်ကျွန်းစုများ အနီးတစ်ဝိုက်တွင် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေမည့်အစီအစဉ်အတွက် ဂျပန်နိုင်ငံကို ဦးစားပေးဖိတ်ခေါ်ခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် စိုက်ပျိုးမွေးမြူရေးစီမံကိန်းတစ်ရပ်ကို ပူးတွဲဆောင်ရွက်ရန်လည်း မိမိတို့အဆိုပြုထားကြောင်း ဆွစ်ဇာလန်နိုင်ငံ ဒါဗိုစ်မြို့၌ကျင်းပသော ကမ္ဘာ့စီးပွားရေးဖိုရမ်အစည်းအဝေးသို့ တက်ရောက်လာသူ ယူရီထရက်နက်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ **ရိုက်တာ။**

ထိုင်းနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ ၂၀၁၇ ခုနှစ်၌ ကျင်းပပေးမည်ဟုဆို

ဗန်ကောက် ဇန်နဝါရီ ၂၆

ထိုင်းနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ယခုနှစ်အတွင်းလူထုဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ခြင်းမရှိသည့်တိုင် အထွေထွေရွေးကောက်ပွဲကို ၂၀၁၇ ခုနှစ်တွင်ကျင်းပမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ပရာယွတ်ချန်အိုချာ(**ယာပုံ**)က ဇန်နဝါရီ ၂၆ ရက်တွင် ပြောကြားသည်။

ထိုင်းနိုင်ငံ၌ နိုင်ငံရေးတည်ငြိမ်မှုရှိရန် အစိုးရက ကြိုးပမ်းလျက်ရှိသည်။ ထိုင်းနိုင်ငံ၌ တပ်မတော်အစိုးရအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲစေရန် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးခဲ့သည်။ တပ်မတော်အစိုးရက ခန့်အပ်ပေးသော အဆိုပါကော်မတီက ဖွဲ့စည်းပုံအခြေခံဥပဒေကို မူကြမ်းရေးဆွဲခဲ့ပြီး ဇန်နဝါရီ ၂၉ ရက်တွင် ထုတ်ပြန်ကြေညာမည်ဟု မျှော်လင့်ရသည်။

ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြုပြင်ပြောင်းလဲရေးကောင်စီက စက်တင်ဘာလတွင် ပယ်ချခဲ့သည်။ ယခုတစ်ကြိမ်တွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အတည်ပြုမည်ဖြစ်သည်။ ပြည်သူ့ဆန္ဒခံယူပွဲကို ဇူလိုင်လအတွင်း ကျင်းပမည်ဟု မျှော်လင့်ရသော်လည်း ရက်သတ်မှတ်ရခြင်း မရှိသေးပေ။

ပြည်သူ့ဆန္ဒခံယူပွဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ထောက်ခံသည်ဖြစ်စေ၊ ပယ်ချသည်ဖြစ်စေ ၂၀၁၇ ခုနှစ် နှစ်လယ်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ရိုက်တာ။

ဘင်္ဂလားဒေ့ရှ်သမ္မတ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၏ လစာများ နှစ်ဆတိုးမြှင့်ရန် ဥပဒေကြမ်းတင်သွင်း

ဒါကာ ဇန်နဝါရီ ၂၆

သမ္မတ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများကို လစာများနှင့် အထူးအခွင့်အရေးများကို နှစ်ဆတိုးမြှင့်မည့် အဆိုပြုချက်များ ပါရှိသော သီးခြားဥပဒေကြမ်းသုံးခုကို ဘင်္ဂလားဒေ့ရှ်လွှတ်တော်သို့ တင်သွင်းလိုက်ကြောင်း သိရသည်။

လွှတ်တော်ရှိ အစိုးရအဖွဲ့ဌာနခွဲ အကြီးအကဲဖြစ်သူ ဘင်္ဂလားဒေ့ရှ်လယ်ယာစိုက်ပျိုးရေးဝန်ကြီး မာတီယာ ချောင်ဒူရီက သမ္မတ၊ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ လစာနှင့်အထူးအခွင့်အရေးများပြင်ဆင်သည့်ဥပဒေကြမ်းများကို ယမန်နေ့ညပိုင်းက လွှတ်တော်ရှေ့မှောက်တင်သွင်းခဲ့ခြင်းဖြစ်သည်။အဆိုပြုချက်များနှင့် အညီ သမ္မတ၏လစာမှာ လက်ရှိလစာ တစ်လလျှင် တာကာ ၆၁၂၀၀ (အမေရိကန်ဒေါ်လာ ၇၇၅ ဝန်းကျင်)မှ တာကာ ၁၂၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၅၁၉ ဝန်းကျင်)ထိ တိုးမြှင့်ပေးမည်ဖြစ်ပြီး ဝန်ကြီးချုပ်များ၏လစာမှာ လက်ရှိလစာ တစ်လလျှင် တာကာ ၅၈၆၀၀ (အမေရိကန်ဒေါ်လာ ၇၄၂ ဝန်းကျင်)မှ တာကာ ၁၁၅၀၀၀ (အမေရိကန်ဒေါ်လာ ၁၄၅၅ ဝန်းကျင်)ထိ တိုးမြှင့်မည်ဖြစ်သည်။

အဆိုပါဥပဒေကြမ်းများက ဝန်ကြီးများ၏လစာကို လက်ရှိလစာ တစ်လလျှင် တာကာ ၅၃၁၀၀(အမေရိကန်ဒေါ်လာ ၆၇၂ ဝန်းကျင်)မှ တာကာ ၁၀၅၀၀၀ (အမေရိကန်ဒေါ်လာ ၁၃၂၉ ဝန်းကျင်)၊ ပြည်နယ်ဝန်ကြီးများ၏ လက်ရှိလစာ တစ်လလျှင် ၄၇၈၀၀(အမေရိကန်ဒေါ်လာ ၆၀၅ ဝန်းကျင်) မှ တာကာ ၉၂၀၀၀ (အမေရိကန်ဒေါ်လာ ၁၁၆၅ ဝန်းကျင်)ထိနှင့် ဒုတိယဝန်ကြီးများ၏လက်ရှိလစာ တစ်လလျှင် တာကာ ၄၅၁၅ (အမေရိကန်ဒေါ်လာ ၅၇ ဝန်းကျင်)မှ တာကာ ၈၆၅၀၀ (အမေရိကန်ဒေါ်လာ ၁၀၉၅ ဝန်းကျင်) ထိတိုးမြှင့်ရန် အဆိုပြုထားသည်။ လစာများအပြင် သမ္မတ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ နေ့တွက်ကြေးနှင့် မော်တော်ယာဉ်အပါအဝင် အခြားအထူးအခွင့်အရေးများကိုလည်း တိုးမြှင့်မည်ဖြစ်သည်။ သို့သော် ဘင်္ဂလားဒေ့ရှ်လွှတ်တော်က ဥပဒေကြမ်းများ ပြန်လည်သုံးသပ်ရန် လွှတ်တော်အမြဲတမ်းကော်မတီသို့ ပေးပို့ခဲ့ပြီး ရက်သတ္တပတ်တစ်ပတ်အတွင်း ယင်းဥပဒေကြမ်းများ ပြန်လည်ပေးပို့ရန် တောင်းဆိုထားသည်။ **ဆင်ဟွာ။**

အကြမ်းဖက်မှုတိုက်ဖျက်ရေးပဟိုဌာန အီးယူတွင် ဖွင့်လှစ်

သည်ဟိုဂ် ဇန်နဝါရီ ၂၆

ဥရောပသမဂ္ဂ(အီးယူ)၏ တရားဥပဒေစိုးမိုးရေးအေဂျင်စီက အဖွဲ့ဝင်နိုင်ငံများကြား အကြမ်းဖက်မှုများကို ပူးပေါင်းတိုက်ဖျက်ရေးအတွက် ဗဟိုဌာနသစ်တစ်ခုကို ထူထောင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ဥရောပ တန်ပြန်အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုဌာနကို နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့တွင် ဥရောပရဲတပ်ဖွဲ့ဝင်များဖြင့် ဇန်နဝါရီ ၂၅ ရက်တွင် တရားဝင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အီးယူအဖွဲ့ဝင်နိုင်ငံများကြား စုံစမ်းထောက်လှမ်းရရှိသည့် သတင်းအချက်အလက်များကို ဌာနတစ်ခုမှ ပြန်လည်မျှဝေသွားခြင်းဖြင့် ဥရောပတစ်ဝန်း အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဥရောပရဲတပ်ဖွဲ့ ဒါရိုက်တာ ရော့ဘ်ဝေးအင်ရိုက်က သတင်းထောက်များကို ပြောကြားသည်။

ထို့ပြင် ဇန်နဝါရီ ၂၅ ရက်က အီးယူအဖွဲ့ဝင်နိုင်ငံများမှ ပြည်ထဲရေးဝန်ကြီးများသည် နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများကြား ထောက်လှမ်းရရှိသော အကြမ်းဖက်မှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အပြန်အလှန်မျှဝေသွားကြရန် သဘောတူညီမှုရရှိခဲ့ကြသည်။

စုံစမ်းထောက်လှမ်းမည့်သတင်းအချက်အလက်များတွင် ဘယ်နေရာ ဘယ်ဒေသမှ အီးယူနိုင်ငံသားများသည် အိုင်အက်စ်အဖွဲ့သို့မဟုတ် အခြားသောအကြမ်းဖက်အဖွဲ့အစည်းများသို့ တိုက်ခိုက်ရေးသမားအဖြစ် ပူးပေါင်းသွားသည်ဆိုသော သတင်းအချက်လက်များနှင့် ၎င်းတို့၏ ဆက်သွယ်မှုမှတ်တမ်းမှတ်ရာများ ပါဝင်မည်ဖြစ်သည်။

အိုင်အက်စ်အဖွဲ့နှင့် အခြားအကြမ်းဖက်အဖွဲ့အစည်းများ၏ ခြိမ်းခြောက်မှုအန္တရာယ်ကြီးထွားလာမှုနှင့်အတူ အီးယူအဖွဲ့ဝင်နိုင်ငံများကြား အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများလည်း ပိုမိုတိုးမြှင့်လုပ်ဆောင်လာခဲ့ကြသည်။ ပြင်သစ်နိုင်ငံတွင် လွန်ခဲ့သည့်နှစ်က အိုင်အက်စ်အဖွဲ့၏အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူ ၁၀၀ ကျော်ခန့် သေဆုံးခဲ့ရသည်။

အင်န်အိတ်ချ်ကေ။

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့အစည်းအဝေး (၁/၂၀၁၆) ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union) အစည်းအဝေး (၁/၂၀၁၆)ကို ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးမြညိမ်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာက မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၏ ထုတ်ပြန်ကြေညာချက်(မူကြမ်း)နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး (၃/၂၀၁၅) အစည်းအဝေးဆုံးဖြတ်ချက်များ အပါအဝင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၏ ထုတ်ပြန်ကြေညာချက်ကို အတည်ပြုပြီး တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများက အထွေထွေဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

(မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့၏ ထုတ်ပြန်ကြေညာချက်အမှတ် (၁/၂၀၁၆)ကို သီးခြားဖော်ပြထားပါသည်။)

(သတင်းစဉ်)

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၏ ထုတ်ပြန်ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့
ပြည်ထောင်စုလွှတ်တော်ရုံး

ထုတ်ပြန်ကြေညာချက်အမှတ်(၁/၂၀၁၆)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၏ ထုတ်ပြန်ကြေညာချက်

၁။ ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် လွှတ်တော်အသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းများ မှန်ကန်ခိုင်မာပြီး အရည်အသွေးမြင့်မားတိုးတက်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအားလုံးတွင် ပါတီစုံဒီမိုကရေစီနှင့် စျေးကွက်စီးပွားရေးစနစ်ကို ညီညွတ်မျှတစွာ တိုးတက်ရရှိစေမည့် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union-MPU) ကို ဖွဲ့စည်းရန် ၁၆-၃-၂၀၁၂ ရက်တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး(၂၁)ရက်မြောက်နေ့တွင် အတည်ပြုခဲ့ပြီး လွှတ်တော်ရုံး၏ ၂၂-၃-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ဖွဲ့စည်းခဲ့ပါသည်။

၂။ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဖွဲ့စည်းမှုနှင့်စပ်လျဉ်း၍ ပိုမိုခိုင်မာမှုရှိစေရန် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၄-ခ ဖြင့် ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်း၍လည်းကောင်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဖွဲ့စည်းပုံစည်းမျဉ်းကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ၆-၁-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၅)ဖြင့် ထုတ်ပြန်၍လည်းကောင်း အဖွဲ့ဝင်လွှတ်တော်အသီးသီးနှင့် ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။

၃။ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေးများကို ၂၀၁၂ ခုနှစ်တွင် နှစ်ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် သုံးကြိမ်၊ ၂၀၁၄ ခုနှစ်တွင် ခြောက်ကြိမ်နှင့် ၂၀၁၅ ခုနှစ်တွင် သုံးကြိမ်ပြုလုပ်နိုင်ခဲ့ပြီး လွှတ်တော်အသီးသီး၏ ဥပဒေပြုရေးမဏ္ဍိုင်တစ်ရပ်အနေဖြင့် ခိုင်မာစွာရပ်တည်၍ နိုင်ငံတော်နှင့်ပြည်သူများ အကျိုးစီးပွားကာကွယ်ဖြစ်ထွန်းစေမည့် ဥပဒေများပြဋ္ဌာန်းနိုင်ရေးနှင့် လွှတ်တော်အသီးသီး၏ အရည်အသွေးပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ထိုက်သင့်သည့် အောင်မြင်တိုးတက်မှုများရရှိအောင် ဆောင်ရွက်နိုင်သကဲ့သို့ နောင်ဖြစ်ပေါ်လာမည့် ဒုတိယအကြိမ် လွှတ်တော်အသီးသီးအနေဖြင့်လည်း မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၏ ကောင်းမြတ်သည့် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းပူးပေါင်းဆောင်ရွက်နိုင်ပါရန် တိုက်တွန်းကြောင်း ထုတ်ပြန်အပ်ပါသည်။

◆ အမျိုးသမီးများဘဝမှ

ဇန်နဝါရီ ၂၆ ရက်မှစတင်ကာ သုံးရက် ကျင်းပသွားမည်ဖြစ်ပြီး ယနေ့အစည်းအဝေးတွင် "နှစ်စဉ်တိုင်းလည်း အားသာချက်၊ အားနည်းချက်တွေကို ထည့်သွင်းစဉ်းစားပြီး နောင်လာမည့်နှစ်တွေအတွက် ထိရောက်အောင်မြင်အောင် ဆောင်ရွက်မယ့်လုပ်ငန်းတွေကို ဆွေးနွေးအကောင်အထည်ဖော်လျက်ရှိပါတယ်။

အမျိုးသမီးတွေဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဘဝလုံခြုံရေးအတွက် ဆောင်ရွက်တဲ့အခါ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနဲ့ကျန်းမာရေးက အခြေခံကျပါတယ်။ ဘဝ လုံခြုံရေးအတွက် အလေးထားရမှာက အမျိုးသမီးရေးရာအဖွဲ့ရဲ့ အဓိကတာဝန်ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်အတွင်းဖြစ်ပွားခဲ့တဲ့ သက်ငယ်အမွေပြုကျင့်မှုတွေဟာ ၄၀ ရာခိုင်နှုန်းရှိတဲ့အတွက် ကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကို ကျေးရွာတွေအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ဖို့လိုပါမယ်"ဟု အဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းက လှုပ်ရှားဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြောကြားသည်။

"အဖွဲ့ဝင်တွေ အဓိကဆောင်ရွက်တာကတော့ ပညာပေးခြင်းလုပ်ငန်းတွေ ဆောင်ရွက်တယ်။ ဘာပဲပြောပြော ကိစ္စတစ်ခုဟာဖြစ်ပြီးမှ အကူအညီပေးတာထက် မဖြစ်ခင် ကာကွယ်တားဆီးရေးက ပိုပြီးတော့ကောင်းတယ်။ ဇောင်းပေးပြီး လုပ်တာကတော့ ရပ်ရွာလူထုအထိ ကာကွယ်တားဆီးရေးလုပ်ငန်းတွေပါ။ ဒီလိုဆောင်ရွက်ရင်းကနေ အကြမ်းဖက်မှုလုပ်ငန်းတွေ တွေ့လာတဲ့အခါမှာ အကြမ်းဖက်ခံရတဲ့ အားနည်းတဲ့အမျိုးသမီးထုဘက်ကနေ အဖွဲ့ဝင်တွေဟာ စိတ်ပိုင်းဆိုင်ရာစောင့်ရှောက်မှုတွေ၊ ရုပ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုတွေနဲ့ ဥပဒေပိုင်းဆိုင်ရာ အကြံပြုပြီးတော့ အကူအညီပေးတဲ့လုပ်ငန်းတွေကို လုပ်ဆောင်ပါတယ်" ဟုလည်း ဒေါ်သန္တာဘုန်းဝင်းက အမျိုးသမီးများအားအကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်မှုများကို ပြောပြသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်အတွင်း စိတ်လူမှုစောင့်ရှောက်ရေးသင်တန်းအပါအဝင် ပညာရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ကာ သင်တန်းသား ၂၈၇၁၁စစ ဦးကို သင်ကြားမှုဝေနိုင်ခဲ့ကြောင်းနှင့် အသိပညာပေးဟောပြောပွဲပေါင်း စ၃၅၇၆ ကြိမ်ပြုလုပ်နိုင်ခဲ့ကြောင်း အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ သိရသည်။

ထို့ပြင် ၂၀၁၅ ခုနှစ်အတွင်း စေတနာညကျောင်းနှင့် စာဖတ်ဝိုင်းများ၊ သက်ကြီး စာသင်စာဖတ်ဝိုင်းများကိုလည်း ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

"အမျိုးသမီးလေးတွေက အတန်းပညာတတ်ရုံနဲ့မပြီးဘူး။ ကျန်းမာကြံ့ခိုင်ဖို့လည်းလိုအပ်တယ်။ နောက်ပြီး ပညာအပြင် သညာရှိရမယ်။ စာတစ်ခုတတ်ရုံနဲ့ မပြီးဘူး။ ပြင်ပဗဟုသုတလေ့လာဖို့လိုအပ်တယ်။ အလိမ္မာ စာမှာရှိ ဆိုသလိုပဲ စာဖတ်ဖို့ကို အဓိကအကြံပေးချင်ပါတယ်။ စာဖတ်မှ အသိပညာ ဗဟုသုတတိုးပွားမယ်။ ရုပ်ရှင်ကြည့်မယ်ဆိုရင်လည်း ရိုးရိုးဇာတ်လမ်းလေးတွေ ကြည့်မယ့်အစား ပညာပေးဇာတ်လမ်းတွေကြည့်စေချင်တယ်။ အကျိုးရှိအောင်လို့ပါ။ အဓိကစာဖတ်ပါလို့ပြောချင်ပါတယ်။ မိသားစုတစ်စုချင်းက လိမ္မာမယ်၊ ကလေးတွေကလည်း တော်မယ်ဆိုရင် တိုင်းပြည်အတွက်လည်း အထောက်အကူပြုမယ်လို့လုံ့ကြည်ပါတယ်"ဟု မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီးများအတွက် အကြံပြုပြောကြားသည်။

အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားချေးငွေထုတ်ချေးပေးခြင်း၊ ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် အလုပ်အကိုင်ရှာဖွေပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်အတွင်း အသေးစားချေးငွေသိန်းပေါင်း ၂၉၁၁ သိန်းကျော်ကို အမျိုးသမီး ၄၀၆၈ ဦးကျော်အား ထုတ်ချေးပေးခဲ့ကြောင်း၊ အမျိုးသမီး ၂၆၁၄ ဦးအတွက် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ အမျိုးသမီး ၂၁၇၈ ဦးအတွက် အလုပ်အကိုင်ရှာဖွေပေးခဲ့ကြောင်း အဆိုပါ အဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးမှ သိရသည်။

"အဓိကကတော့ အမျိုးသမီးတွေ ကိုယ်ပိုင်အလုပ်ရှိတဲ့အခါ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတယ်။ ပုံမှန်ဝင်ငွေလည်း ရရှိဖို့လုပ်ဆောင်ကြရမယ်။ အိမ်ထောင်စုတစ်ခုမှာ အိမ်ထောင်ဦးစီးရဲ့ ဝင်ငွေတစ်ခုတည်းကိုမမှီခိုဘဲ အိမ်ရှင်မအမျိုးသမီးရဲ့ ဝင်ငွေနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ကိုယ်ပိုင်ယုံကြည်မှုအတွက် ဝင်ငွေရလုပ်ငန်းတွေ လုပ်စေချင်ပါတယ်။ အိမ်ရဲ့စီးပွားရေးကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုပေးတယ်။ ဒီလိုမဟုတ်ဘဲ အမျိုးသမီးလေးတွေဟာ သူတစ်ပါးကို မှီခိုနေရတယ်ဆိုရင်၊ အားကိုးနေရတယ်ဆိုရင် သိမ်ငယ်သလိုလည်း ခံစားရပါတယ်။ လူတိုင်းတော့ ဟုတ်ချင်မှ ဟုတ်မယ်။ အရည်အချင်းတွေ တိုးတက်အောင် အမြဲတမ်းကြိုးစားဖို့လိုပါတယ်"ဟု အမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနခေါင်းဆောင် ဒေါ်ခင်စန္ဒာထွန်းက ပြောပြသည်။

ထို့ပြင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်မာထွန်းက "အမျိုးသမီးတွေ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အသေးစားချေးငွေလုပ်ငန်း၊ ဝင်ငွေတိုးလုပ်ငန်းတွေကတော့ ပုံမှန်လုပ်နေကျ လုပ်ငန်းတွေပါ။ မနှစ်ကစပြီး social business လုပ်မှုစီးပွားအတွက် ဆောင်ရွက်တယ်။ ချေးငှားတာမျိုးမဟုတ်ဘဲ ရင်းနှီးမြှုပ်နှံဖို့ ဆောင်ရွက်ပေးတယ်။ ရင်းနှီးမြှုပ်နှံမှုအတွက် လုပ်ငန်းလည်ပတ်ပြီး အမြတ်ရရင် အမြတ်တစ်ဝက်ကို ယူ၊

စာမျက်နှာ ၉ သို့

ခေတ်အဆက်ဆက် ပြည်သူ့ဝန်ဆောင်မှုပေးနေသည့် အမျိုးသားစာကြည့်တိုက်

ရီရီဝေး

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏အဆင့်အတန်းကို ယင်းလူမျိုးတို့၏ ယဉ်ကျေးမှုကို ကြည့်၍ အကဲခတ်နိုင်သည်။ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်ဖြစ်သည်။ ကမ္ဘာတွင် မြန်မာဟူ၍ အခွန်ရှည် တည်တံ့နေရန်မှာ မြန်မာ့ယဉ်ကျေးမှု ရှင်သန်ထွန်းကားနေရေးပင်ဖြစ်သည်။ မိမိတို့၏ အမျိုးသားယဉ်ကျေးမှု ခိုင်မာအားကောင်းစေရန် အစဉ်တစိုက် ဆောင်ရွက်ရမည်မှာ နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်၊ နိုင်ငံရေးတာဝန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဟူ၍ ဦးတည်ချက်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဆိုသည်မှာ ယင်းလူမျိုးတို့မွေးဖွားချိန်မှ သေဆုံးချိန်အထိ ပြုလုပ်သုံးစွဲခဲ့သော ပစ္စည်းမှန်သမျှ၊ ယင်းလူမျိုးတို့ပြောဆိုသော ဘာသာစကား၊ အတွေးအခေါ်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ယုံကြည်ကိုးကွယ်မှု၊ အသက်မွေးဝမ်းကျောင်းမှု၊ လူနေမှုစနစ်၊ ရိုးရာဓလေ့ထုံးစံများ၊ လက်မှုအနုပညာနှင့် အနုသုခုမပညာတို့ ပေါင်းခြံုထားမှုဖြစ်သည်ဟု မနုဿဗေဒပညာရှင်များက အနက်အဓိပ္ပာယ် ဖွင့်ဆိုထားသည်။

မြန်မာတို့သည် ကိုယ့်မင်းကိုယ်ချင်း၊ ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ရပ်တည်ခဲ့သော နိုင်ငံဖြစ်ကြောင်း၊ မြန်မာတို့၏ အသိပညာ၊ အတတ်ပညာ အတွေးအခေါ်မြင့်မားစွာဖြင့် မြန်မာ့လူဘောင်အဖွဲ့အစည်းကို တည်ဆောက်ခဲ့ကြောင်းကိုဖော်ပြသည့် စာပေအထောက်အထားများစွာရှိပေသည်။ ယင်းစာပေ၏ အထောက်အထားများသည် ခေတ်တစ်ခေတ်၏ စာပေအဆင့်အတန်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေများကို လေ့လာသုတေသနပြုနိုင်သော အဖိုးမဖြတ်နိုင်သော စာပေအထောက်အထားများဖြစ်သည်။

ထို့ကြောင့် ယင်းစာပေ အထောက်အထားများ မပျောက်ပျက်အောင် ထိန်းသိမ်းခြင်း၊ လက်ဆင့်ကမ်းပေးခြင်း၊ ယင်းစာပေများပါ အကြောင်းအရာများကို ပြည်သူများအကြား ပြန့်ပွားအောင် ဆောင်ရွက်ခြင်းသည် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းပင်ဖြစ်သည်။ ယင်းတာဝန်များကို အဓိကဆောင်ရွက်နေသည်မှာ စာကြည့်တိုက်များပင်ဖြစ်သည်။

စာကြည့်တိုက်အမျိုးအစားကိုလိုက်၍ ရည်ရွယ်ချက်၊ လုပ်ဆောင်ချက် အနည်းငယ်ကွာခြားမှုရှိသည်။ ပြည်သူ့စာကြည့်တိုက်သည် ပြည်သူများ ဗဟုသုတရရှိစေမည့်၊ အသိပညာတိုးတက်မြင့်မားစေမည့် စာအုပ်စာတမ်း အမျိုးအစားစုံလင်စွာ စုဆောင်းထားရှိသည်။ တက္ကသိုလ်၊ ကောလိပ် စာကြည့်တိုက်သည် ယင်းတက္ကသိုလ်၊ ကောလိပ်တွင် သင်ကြားနေသော ဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများကို အဓိကထားစုဆောင်းပြီး ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ဝန်ဆောင်မှုပေးသည်။ အမျိုးအားစာကြည့်တိုက်သည် တစ်နိုင်ငံလုံး တစ်မျိုးသားလုံးနှင့်သက်ဆိုင်သော နိုင်ငံတော်အဆင့် စာကြည့်တိုက်ဖြစ်သည်။ နိုင်ငံတော်နှင့်သက်ဆိုင်သော ခေတ်အဆက်ဆက်မှ စာပေအထောက်အထားများ မပျောက်မပျက် ရေရှည်တည်တံ့နေအောင်ထိန်းသိမ်းရပေသည်။

အမျိုးသားစာကြည့်တိုက်သည် နိုင်ငံတော်အဆင့် စာကြည့်တိုက်ဖြစ်သဖြင့် နိုင်ငံ၏အမျိုးသားအဆင့်စာကြည့်တိုက်ဖြစ်ခြင်း၊ တစ်မျိုးသားလုံးနှင့်သက်ဆိုင်ပြီး နိုင်ငံတစ်နိုင်ငံတွင် စာပေပစ္စည်း အစုံလင်ဆုံးနှင့် အကြီးမားဆုံး စာကြည့်တိုက်ဖြစ်ခြင်း၊ အမျိုးသားစာပေ အမွေအနှစ်ကို ထိန်းသိမ်းရာဌာန၊ သုတေသီများ သုတေသနပြုရာဌာန၊ စာပေနှင့်လူထုကို ဆက်သွယ်ပေးရာဌာနဖြစ်ခြင်း၊ လူမျိုးဘာသာ အဆင့်အတန်းမခွဲခြားဘဲ စာရှာလိုသူများ သိလိုသမျှအကြောင်းအရာ၊ အချက်အလက်များကို ရှာဖွေလေ့လာဆည်းပူးနိုင်၊ သုတေသနပြုနိုင်သောဌာနဖြစ်ခြင်း စသည့်အခြား စာကြည့်တိုက်များနှင့်မတူသော ထူးခြားသည့် ဝိသေသများရှိသည်။

မြန်မာနိုင်ငံအမျိုးသားစာကြည့်တိုက်ကို ၁၉၅၂ ခုနှစ် ဇွန် ၁ ရက်တွင် ပြည်ထောင်စုယဉ်ကျေးမှုဌာနက နိုင်ငံတော်စာကြည့်တိုက်အမည်ဖြင့် ရန်ကုန်မြို့ ဂျူဗလီဟောဘ်ဖွင့်လှစ်ခဲ့သည်။ ၁၉၆၂ ခုနှစ် ဇွန်လတွင် နိုင်ငံတော်စာကြည့်တိုက်ကို ပန်းဆိုးတန်းလမ်းရှိ အမှတ်(၁၆၆) ဒုတိယထပ်နှင့် တတိယထပ်သို့ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် နိုင်ငံတော်စာကြည့်တိုက်မှ "အမျိုးသားစာကြည့်တိုက်"ဟု အမည်ပြောင်းခဲ့သည်။ ၁၉၆၄ခုနှစ် သြဂုတ်လတွင် အမျိုးသားစာကြည့်တိုက်ကို ရန်ကုန်မြို့တော်ခန်းမ တတိယထပ်သို့ ပြောင်းရွှေ့ခဲ့သည်။ ၁၉၈၄ ခုနှစ် သြဂုတ်လတွင် အမျိုးသားစာကြည့်တိုက်ကို ကမ်းနားလမ်း ခြောက်ထပ်ရုံးသို့ ပြောင်းရွှေ့ခဲ့သည်။

၂၀၀၂ ခုနှစ် ဇွန် ၁၇ ရက်တွင် အမျိုးသားစာကြည့်တိုက်ကို အမှတ်(၁၈/၅၁)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းထောင့်၊ တာမွေမြို့နယ်သို့ ပြောင်းရွှေ့ခဲ့သည်။ ၂၀၀၈ ခုနှစ် မေ ၂ ရက်တွင် နာဂစ်မုန်တိုင်းဒဏ်ကြောင့် အမျိုးသားစာကြည့်တိုက် အဆောက်အအုံပျက်စီးခဲ့ရသည်။ အမျိုးသားစာကြည့်တိုက်ရှိ ပုံနှိပ်စာအုပ်စာတမ်းများနှင့် အခြားစာပေပစ္စည်းအချို့မှာ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသော်လည်း အများစုကို ပြန်လည်သန့်စင်နိုင်ခဲ့ပါသည်။

ယင်းနောက် အမျိုးသားစာကြည့်တိုက်ကို ယခုတည်ရှိရာ အမှတ်(၈၅-က)၊ သီရိမင်္ဂလာရိပ်သာ လမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်သို့ ၂၀၀၈ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။ ယင်းနေရာသည် အနည်းငယ်အတွင်းပိုင်းကျသဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ပြည်သူများ သွားလာရေး ပိုမိုလွယ်ကူသော ပြည်လမ်းရှိ အမျိုးသားပြတိုက် ပထမထပ်တွင် အမျိုးသားစာကြည့်တိုက်ခွဲ(ရန်ကုန်)ကို ထပ်မံဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံအမျိုးသားစာကြည့်တိုက်သည် မြန်မာနိုင်ငံ၏ အမျိုးသားစာပေစုအမွေအနှစ် ဗဟိုဌာနဖြစ်လာစေရန်၊ တစ်နည်းအားဖြင့် မြန်မာနိုင်ငံရှိစာကြည့်တိုက်များ၏ အမျိုးသားဗဟိုဌာနအဖြစ် လည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အသိပညာဗဟုသုတများ၊ အမွေအနှစ်များ၏ အချက်အလက်ဗဟိုဌာနအဖြစ် လည်းကောင်းဖြစ်လာစေရန် မျှော်မှန်းချက်ထားရှိပြီး ယင်းမျှော်မှန်းချက်ပေါက်မြောက်ရန်အတွက် အောက်ပါရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ရည်ရွယ်ချက်များမှာ- ပြည်တွင်းထုတ် ပုံနှိပ်စာများနှင့် ရှားပါးလက်ရေးစာမူများအားလုံးကို ပြည့်စုံအောင်စုဆောင်း၍ သုတေသီများနှင့် ပြည်သူလူထုက ရည်ညွှန်းကိုးကား အသုံးပြုနိုင်စေရန်၊ မြန်မာ့ယဉ်ကျေးမှု ရှေးဟောင်းစာပေပစ္စည်းနှင့် ပြည်ပထုတ် မြန်မာနိုင်ငံ အကြောင်းဆိုင်ရာ စာစုများကို ပြည့်စုံအောင်စုဆောင်း၍ အမျိုးသားစာပေစုတစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် နိုင်ငံလုံးဆိုင်ရာစာကြည့်တိုက်စနစ်ကို ဦးစီးဦးဆောင်ပြုရန်တို့ဖြစ်ပါသည်။

ပြည်တွင်းပြည်ပမှ ပုံနှိပ်ထုတ်ဝေသော မြန်မာနိုင်ငံ အကြောင်းဆိုင်ရာ စာစုများကို စုဆောင်းထိန်းသိမ်းသော ဗဟိုစာစုဌာနအဖြစ်လည်းကောင်း၊ ပြည်တွင်းမှ ပုံနှိပ်ထုတ်ဝေသော စာအုပ်စာတမ်းနှင့် စာပေပစ္စည်းများကို ပြည့်စုံစွာရရှိအောင် စုဆောင်းခြင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်၍ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်း၊ အရှေ့တောင်အာရှဒေသမှ စာစုများကို စုဆောင်းခြင်း၊ အမျိုးသားစာစုစာရင်းပြုစုထုတ်ဝေခြင်း၊ မြန်မာနိုင်ငံထုတ် စာနယ်ဇင်းများ၏အညွှန်းများ၊ မြန်မာနှင့်သက်ဆိုင်သော ဘာသာရပ်ဆိုင်ရာ စာစုစာရင်းများပြုစုခြင်း စသည့် လုပ်ငန်းများကို အမျိုးသားစာကြည့်တိုက်က အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့နေ့ထူးနေ့မြတ်များတွင် စာအုပ်ပြပွဲများ၊ ဟောပြောပွဲများ၊ ကလေးများအတွက် အထူးအစီအစဉ်များကိုလည်း အခါအားလျော်စွာ ပြုလုပ်ပေးလျက်ရှိသည်။ ထို့အပြင် စာကြည့်တိုက်ပညာပြန့်ပွားရေး၊ စာကြည့်တိုက်မှူးများ မွေးထုတ်နိုင်ရေးအတွက် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)တွင် စာကြည့်တိုက်ပညာရပ်ဆိုင်ရာ ရက်တိုသင်တန်းနှင့် ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာ ဒီပလိုမာ(တစ်နှစ်) သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားစာကြည့်တိုက်သည် အမျိုးသားစာပေ အမွေအနှစ်များကို ထိန်းသိမ်း၍ နောင်လာနောက်သားများကို လက်ဆင့်ကမ်းသယ်ဆောင်ရန် တာဝန်ရှိသည်ဖြစ်ရာ စာကြည့်တိုက်ပိုင် စာအုပ်၊ စာတမ်းများကို ပြင်ပသို့ငှားရမ်းခြင်း မပြုပါ။ သို့ရာတွင် အထူးလိုအပ်ချက်အရ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက မေတ္တာရပ်ခံလာပါက ဝန်ကြီး သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် ငှားရမ်းပေးပါသည်။ အမျိုးသားစာကြည့်တိုက်ရှိ စာစုများကို မြန်မာနိုင်ငံသား မည်သူမဆိုအခမဲ့ လာရောက်လေ့လာ ဖတ်ရှုနိုင်ပါသည်။ စာကြည့်တိုက် အသုံးပြုသူများအနေဖြင့် မိမိတို့ ရှာဖွေကူးယူလိုသည့် အထောက်အထားများကို စာကြည့်တိုက်မှ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ မိတ္တူကူးယူနိုင်ပါသည်။

အမျိုးသားစာကြည့်တိုက်ခွဲ(ရန်ကုန်)တွင် ၂၀၁၄ ခုနှစ်မှစ၍ နောက်ပိုင်းထုတ်အသစ်ထွက်ရှိသော စာအုပ်များ၊ စာနယ်ဇင်းများ၊ မြန်မာ၊ အင်္ဂလိပ် ရည်ညွှန်းစာအုပ်များ၊ ကုလသမဂ္ဂထုတ်စာအုပ်များ၊ အာဆီယံဆိုင်ရာစာစုများ ထားရှိပါသည်။ စင်ဖွင့်စနစ်ဖြစ်သဖြင့် စာကြည့်တိုက် အသုံးပြုသူများကိုယ်တိုင် စာအုပ်စင်ပေါ်ရှိ စာအုပ်များကို ကိုယ်တိုင်ရှာဖွေနိုင်ပြီး စင်ပေါ်ရှိ စာအုပ်မြည်းခြင်းကိုလည်း လွတ်လပ်စွာ လုပ်ဆောင်နိုင်သည်။ ထို့အပြင် အွန်လိုင်းကတ်တလောက် (Online Public Access Catalogue) စနစ်မှလည်း စာအုပ်၊ စာတမ်းများ ရှာဖွေနိုင်ခြင်း၊ အင်တာနက်အသုံးပြုနိုင်ရန် ကွန်ပျူတာများထားရှိပေးခြင်း စသည့် ဝန်ဆောင်မှုများ ပေးနေပါသည်။

ကလေးစာဖတ်ခန်းတွင် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရေးသားထားသော ပုံပြင်စာအုပ်များ၊ ကလေးများအတွက် ပုံဆွဲစာအုပ်များ၊ ဆေးရောင်ခြယ်စာအုပ်များ၊ ဉာဏ်စမ်းပဟေဠိစာအုပ်များ စသည့် ကလေးစာအုပ်များ၊ ကလေးများစိတ်ဝင်စားသည့် ရုပ်ပုံကားချပ်များ၊ အရုပ်များဖြင့် ကလေးငယ်များ လွတ်လပ်ပျော်ရွှင်စွာ စာဖတ်နိုင်ရန် စီစဉ်ပေးထားသည်။

အမျိုးသားစာကြည့်တိုက်သည် မြန်မာစာပေအမွေအနှစ် ဗဟိုဌာနကြီးဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံသားများ သုတေသီ၊ ရဟန်းရှင်လူ ကျောင်းသား၊ ကလေး၊ လူကြီး မည်သူမဆို စာပေလေ့လာဖတ်ရှုခြင်း၊ သုတေသန ပြုခြင်း၊ စာပေအထောက်အထားရှာဖွေခြင်း၊ အချက်အလက် ရှာဖွေခြင်းများအတွက် အသုံးပြုနိုင်သော ဌာနကြီးဖြစ်ကြောင်း၊ အမျိုးသားစာကြည့်တိုက်ရှိ စာစုများ၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ အမျိုးသားစာကြည့်တိုက်၏ သတင်းများကို အောက်ဖော်ပြပါ လိပ်စာများ၊ ဖုန်းနံပါတ်များ၊ Website များတွင် ဝင်ရောက်လေ့လာခြင်း၊ ဆက်သွယ်ခြင်းများ ပြုလုပ်နိုင်ကြောင်း ရေးသားဖော်ပြအပ်ပါသည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အမှတ်(၈၅-က) သီရိမင်္ဂလာရိပ်သာလမ်းသွယ် ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်။ ဖုန်း- ၀၁ ၆၆၂၄၇၀၊ ၀၁- ၆၆၃၉၀၂ ၀၁- ၆၅၇၈၂၈၊ အမျိုးသားစာကြည့်တိုက်ခွဲ(ရန်ကုန်) အမျိုးသားပြတိုက်၊ ပထမထပ်၊ ဒုတိယထပ် အမှတ် (၆၆/၇၄) ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း- ၀၁- ၃၉၅၁၉၈ website <www.nlm.org.mm>, facebook : (National Library of Myanmar) , Email: nlmyanmar@yahoo.com စာကြည့်တိုက် ဖွင့်ချိန်- အင်္ဂါနေ့မှ စနေနေ့အထိ
(ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ)
နံနက် ၁၀ နာရီမှ ညနေ ၄နာရီအထိ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

စာရင်းစစ်များသည် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်မညီသောကိစ္စများကို နားလည်မှုနှင့် ဖြေလျှော့မျက်ကွယ်ပြု၍မရ

နေပြည်တော် ဇန်နဝါရီ ၂၆

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပရာ **ပြည်သူ့ဌေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ (၂/၂၀၁၆)** အပါအဝင် **အစီရင်ခံစာ (၆)ခု**အား ဆွေးနွေးခြင်း၊ ဖတ်ကြားအတည်ပြုခြင်းနှင့် လွှတ်တော်က **မှတ်တမ်းတင်ခြင်း** တို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သည့် **ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်တွင် ရပ်ကွက် (၅)ရပ်ကွက်ပါဝင်သော အင်းမမြို့ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကျေးရွာအုပ်စု တစ်အုပ်စုနှင့် ကျေးရွာ ၁၆ ရွာ ပယ်ဖျက်ခြင်း၊ ကျေးရွာအုပ်စု တစ်အုပ်စု အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျေးရွာအုပ်စု တစ်အုပ်စု နယ်နိမိတ်ဧရိယာ ပြင်ဆင်ဖွဲ့စည်းခြင်း**တို့ကို **လွှတ်တော်က မှတ်တမ်းတင်ကြောင်း** ပြည်ထောင်စုလွှတ်တော်နာယကသူရဦးရွှေမန်းက ကြေညာသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော **၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွဲ့ဖြိုးရေးရန်ပုံငွေနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအပေါ် ပြည်သူ့ဌေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၂/၂၀၁၆)**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမျိုးမြင့်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမိန့်ကြော်ငြာစာအရ Withholding Tax ဖြတ်တောက်ပေးသွင်းခြင်းမှာ ကြိုတင်ဝင်ငွေခွန်ပေးသွင်းခြင်းဖြစ်ပြီး အခွန်ပေးဆောင်ထားသူများအနေဖြင့် အပြီးသတ်စည်းကြပ်မှုခံယူရာတွင် ကြိုတင်ခွန်ပိုမိုပေးသွင်းထားခြင်းဖြစ်ပါက ခုနှိမ်နိုင်ပြီး ပိုငွေကို ပြန်အမ်းငွေအဖြစ် ရရှိမည်ဖြစ်ပါကြောင်း၊ လျှောနည်းပေးသွင်းထားခြင်းဖြစ်ပါက ထပ်မံပေးဆောင်ရမည်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းများတွင် အဖွဲ့အစည်းမှ ကိုယ်တိုင်ဆောင်ရွက်ခြင်းဖြစ်ပါက Withholding Tax ပေးဆောင်ရန်မလိုအပ်ဘဲ ပစ္စည်းဝယ်ယူခြင်းများအပေါ် (၃)သိန်းကျော်လွန်ပါက ကြိုတင်ဝင်ငွေခွန် (၂)ရာခိုင်နှုန်း ဖြတ်တောက်ပေးသွင်းရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကိုယ်တိုင်ဆောင်ရွက်ခြင်းမဟုတ်ဘဲ ကန်ထရိုက်တာ၊ ထပ်ဆင့်ကန်ထရိုက်တာများဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ပါက ၎င်းတို့အား ပေးချေငွေအပေါ် ကြိုတင်ဝင်ငွေခွန်ဖြတ်တောက်ပေးသွင်းရမည် ဖြစ်ပါကြောင်း။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၃၈)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွဲ့ဖြိုးရေးရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပြင်ပပုဂ္ဂလိကများထံမှ ပစ္စည်းဝယ်ယူခြင်းများအတွက် ငွေကျပ်(၃)သိန်းအထက် ပေးချေငွေများကို တည်ဆဲဝင်ငွေခွန်ဥပဒေနှင့် အမိန့်ကြေညာစာများအရ Withholding Tax ဖြတ်တောက်ပေးဆောင်ရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွဲ့ဖြိုးရေးရန်ပုံငွေဖြင့် မြို့နယ်များ ဖွဲ့ဖြိုးတိုးတက်စေရေးအတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲ၊ ကန့်သတ်ချက်များကို ဝိုင်းဝန်းပူးပေါင်းဖြေရှင်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွဲ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများအပေါ် (၂)ရာခိုင်နှုန်း ကြိုတင်ဝင်ငွေခွန်ပေးဆောင်ရာတွင် လတ်တလောကြုံတွေ့နေရသည့် အခက်အခဲ၊ ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ်အလိုက် ပြည်တွင်းအခွန်ဦးစီးဌာနကပူးပေါင်းဖြေရှင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွဲ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများအပေါ် (၂)ရာခိုင်နှုန်း ကြိုတင်ဝင်ငွေခွန်ဖြတ်တောက်ခြင်းကို ကင်းလွတ်ခွင့်ပြုရန်ကိစ္စမှာ အခြားသော ပုဂ္ဂလိက၊ အဖွဲ့အစည်း၊ ဌာနများ၏ ကြိုတင်ဝင်ငွေခွန် ဖြတ်တောက်ပေးသွင်းစေခြင်းတို့နှင့် ဆက်စပ်နေသည့်အတွက် သီးခြားပြန်လည်ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမျိုးမြင့်က စာရင်းစစ်များသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းမှ ကိစ္စအလိုက် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးရသူများ ဖြစ်ပါကြောင်း၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် မညီသောကိစ္စများကို နားလည်မှုနှင့် ဖြေလျှော့မျက်ကွယ်ပြု၍ မရပါကြောင်း၊ ပကတိ အခြေအနေဖြစ်ရပ်ကို စစ်ဆေး၍ တင်ပြရခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် **ပြည်သူ့ဌေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၂/၂၀၁၆)**ကို အတည်ပြုကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ**ကို ပူးပေါင်းကော်မတီတွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဥာဏစိုးက ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယက ကဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အတည်ပြုပြီးသည့် အမှန်စာရင်း(Actual)များနှင့်စပ်လျဉ်းသည့် ပြည်သူ့ဌေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ (၅/၂၀၁၆)**ကို ပူးပေါင်းကော်မတီအဖွဲ့ဝင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေက ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လ စာရင်းများကို စစ်ဆေးရာတွင် တွေ့ရှိရသည့် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များနှင့် အရေးယူဆောင်ရွက်ပြီးစီးမှုများ အစီရင်ခံစာအပေါ် ပြည်သူ့ဌေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၃/၂၀၁၆)** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ပါဝင်ဆွေးနွေးကြသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေနှင့် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုလွှတ်တော်နာယကက **ပြည်သူ့ဌေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၃/၂၀၁၆)** ကို အတည်ပြုကြောင်းကြေညာသည်။

ဆက်လက်၍ **ပထမအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း ပြည်သူ့ဌေစာရင်းပူးပေါင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သုံးသပ်အကြံပြုချက် အစီရင်ခံစာ**ကို ပူးပေါင်းကော်မတီအဖွဲ့ဝင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ်က ဖတ်ကြားတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော **၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ နိုင်ငံတော်၏ အရအသုံးစာရင်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာအပေါ် ပြည်သူ့ဌေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၄/၂၀၁၆)** နှင့်စပ်လျဉ်း၍ မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင်က ဆွေးနွေးသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းဝေး (၃၉)ရက်မြောက်နေ့ကို ဇန်နဝါရီ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

ယောမင်းကြီးရပ်ကွက်ရှိ ဗိုလ်ရာညွန့်လမ်းကို ဇန်နဝါရီလအတွင်း ပြန်လည်ဖွင့်လှစ်၍ ဖြတ်သန်းသွားလာခွင့်ပြုမည်

နေပြည်တော် ဇန်နဝါရီ ၂၆

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ ဆက်လက်ကျင်းပရာ မေးခွန်းတစ်ခုမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခုကိုဆွေးနွေး၍ အဆုံးအဖြတ်ရယူခြင်းနှင့် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် အဆိုတင်သွင်းခြင်းနှင့် အဆုံးအဖြတ်ရယူခြင်း၊ ကော်မတီ(၁၂)ခုတို့မှ ကော်မတီများအလိုက် သုံးသပ်တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဒုတိယဝန်ကြီး
ဗိုလ်မှူးချုပ်အောင်သော်

ကြီးရပ်ကွက် အများပြည်သူသွားလာနေသည့် လမ်းမကြီးအား ဝိတ်ဆို့ထားသော Myanmar Mobile Money Services သည် မည်သည့်အခွင့်အာဏာအရ ဝိတ်ဆို့ထားသည်ကို သိလိုခြင်း၊ အများပြည်သူများ ဖြတ်သန်းသွားလာရန် ခွင့်မပြုဘဲ ဌာနဆိုင်ရာယာဉ်များသာဆိုသည်မှာ မည်သည့်ဌာနမှ ယာဉ်များဖြစ်သည်ကို သိလိုခြင်း၊ ယာဉ်ထိန်းဥပဒေအရ အရေးယူမည်ဆိုသည်မှာ မည်သည့်ပုဒ်မဖြင့် အရေးယူမည်ကို သိလိုခြင်း၊ 'ယာဉ်မရပ်ရ'ဆိုင်းဘုတ်ငယ်များကို အများပြည်သူသွားလာသော လမ်းမကြီးပေါ်တွင် ချထားခွင့်ရှိမရှိ သိလိုခြင်း" တို့နှင့် စပ်လျဉ်းသည့် မေးခွန်းအား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်က ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ပြန်လည်ဖွင့်လှစ်၍ ဖြတ်သန်းသွားလာခွင့်ပြုမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေဟွာ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ဒေါ်နန်းစေဟွာ

ကပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော "နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်း"နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်များအား လွှတ်တော်ကိုယ်စားလှယ်များက တစ်ပိုဒ်ချင်းစီအလိုက် ဆက်လက်ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ဆက်လက်၍ အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကော်မတီနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့က လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးမြှင့်တင်မှုကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ကလည်းကောင်းကော်မတီအလိုက် သုံးသပ်တင်ပြချက်များကို တာဝန်ရှိသူများက တင်ပြကြသည်။

(သတင်းစဉ်)

●ရှေ့ဖုံးမှ

မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားစေတီများအနက် မွန်ပြည်နယ် ကျိုက်ထီမြို့နယ်ရှိ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၄၀၀ ခန့်တွင် တည်ထားသည့် ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီးသည် တည်ထားပုံ ထူးခြားဆန်းကျယ်ခြင်း၊ တောတောင်သဘာဝ လှပခြင်းတို့အပြင် နားခိုနိုင်သည့်စခန်းများ လမ်းခရီးတစ်လျှောက်တွင် ရှိနေခြင်းတို့ကြောင့် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ နှစ်စဉ်များပြားလျက်ရှိသည်။

ကျိုက်ထီးရိုးစေတီတော်သို့ ဘုရားဖူးခရီးသည်များ နေ့စဉ်များပြားမှုကြောင့် အခမဲ့နားနေဆောင်များ မလုံလောက်မှု၊ တည်းခိုခန်းနှင့် ဟိုတယ်ခန်းခများ ဈေးနှုန်းကြီးမြင့်မှုတို့ကြောင့် တည်းခိုနားနေရန် အခက်အခဲများ ကြုံတွေ့နေရကြောင်း ဘုရားဖူးခရီးသည်များထံမှ သိရသည်။

“တည်းခိုခန်းခက ရိုးရိုးလေးဟိုတယ်ဆို နှစ်ယောက်ခန်းက ကျပ်တစ်သိန်း၊ တိသဆောင်ဆို ကျပ်ခုနစ်သောင်းခွဲ၊ အောက်ထပ်ထမင်းဆိုင်တွေကလည်း ငှားတာပဲ။ လူပါးတဲ့အချိန် သိပ်မပေးရပေမယ့် ဒီဇင်ဘာခရစ္စမတ်တို့၊ နှစ်သစ်ကူးညနဲ့ အခါကြီး၊ ရက်ကြီးတွေဆို ကျပ်ခြောက်သောင်း၊ ခုနစ်သောင်းပေးရတယ်။ ရင်ပြင်တော်မှာ အခမဲ့ဆိုလို့ ဆီမီးကိုးထောင်အဆောင်ပဲ ရှိတယ်။

ရင်ပြင်တော်အောက်ဘက်မှာ ပြည့်စုံမှုရဲ့ ရှိတယ်။ ကျန်တဲ့နေရာတွေမှာ အခမဲ့ဆိုတာမရှိဘူး။ အခန်းမရတော့ဘူးဆိုရင်တော့ ရင်ပြင်တော်ပေါ်မှာပဲ ဖြစ်သလို တည်းခိုကြရတယ်”ဟု ရန်ကုန်မှလာသည့် ဘုရားဖူးခရီးသည် မနိုင်ကပြောသည်။

ရင်ပြင်တော်ပေါ်တွင်ရှိသော ပြည့်စုံမှုရဲ့နှင့် တိသဆောင်၏ အောက်ထပ်ကို စီးပွားရေးလုပ်ငန်းရှင်တစ်ဦးထံ စာချုပ်ဖြင့် ငှားရမ်းထားပြီး အပေါ်ထပ်တွင် ဘုရားဖူးပြည်သူများအတွက် အခမဲ့တည်းခိုခွင့်ပြုထားသည်ဟု ဂေါပကအဖွဲ့က ဆိုသော်လည်း အထူးဧည့်သည်များမှလွဲ၍ အခြားဘုရားဖူးများမှာ အခမဲ့တည်းခိုခွင့်မရရှိကြကြောင်း သွားလာဖူးသူများအား မေးမြန်းမှုများအရ သိရသည်။

ယခင်က ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ နားနေနိုင်မည့် ဆီမီးကိုးထောင်ဓမ္မာရုံ၊ ရွှေနန်းကျင်ဓမ္မာရုံ၊ ထောက်လှမ်းရေးဓမ္မာရုံနှင့် တိသဆောင် အစရှိသည့် အခမဲ့ဓမ္မာရုံများ၊ ဇရပ်များရှိခဲ့သော်လည်း ယခုအခါ ဓမ္မာရုံနှင့် ဇရပ်အချို့မှာ စီးပွားရေးအကွက်မြင်သူများအတွက် ဈေးကွက်နေရာများ ဖြစ်လာခဲ့သည်။

ထို့ပြင် ရိုးရိုးလေးဆိုသည့်အဖွဲ့က ၁၉၉၄ ခုနှစ်တွင် မြေနေရာဝယ်ယူခဲ့ပြီး ရိုးရိုးလေးအမည်ဖြင့် ဟိုတယ်တစ်လုံးဆောက်လုပ်ခဲ့သည့်အပြင် ၂၀၁၁ ခုနှစ်တွင် ရွှေနန်းကျင်ဓမ္မာရုံကိုလည်းကောင်း၊ ၂၀၀၄ ခုနှစ်နောက်ပိုင်းတွင် ထောက်လှမ်းရေးဓမ္မာရုံကိုလည်းကောင်း လွှဲပြောင်းရယူကာ ရိုးရိုးလေး(၁)၊(၂)၊(၃) ဟူသောအမည်များဖြင့် ဟိုတယ်တစ်လုံးနှင့် တည်းခိုခန်းနှစ်လုံးဖွင့်လှစ်ထားကြောင်း၊ အဆိုပါလုပ်ငန်းများအတွက် လုပ်ငန်းတစ်ခုလျှင် ငွေကျပ်သိန်း ၂၀၀ နှုန်းဖြင့် နှစ်စဉ် ကျပ်သိန်း ၆၀၀ ကို ဂေါပကအဖွဲ့သို့ ပေးသွင်းနေပြီး ယင်းလုပ်ငန်းသုံးခုကို နှစ် (၃၀) နှစ်ရှည်ငှားရမ်း လုပ်ကိုင်ခွင့်ရရှိထားကြောင်းသိရသည်။

“၂၀၀၄ ခုနှစ် မီးလောင်တုန်းက ပါသွားတဲ့သူတွေကို မျှမျှတတ ပြန်ပေးခဲ့တာပါ။ သူတို့ကို စာချုပ်နဲ့ ခွင့်ပြုပေးထားတာပါ။ အရင်ကတည်းက ဂေါပကပိုင် ဓမ္မာရုံတွေပါ။ ထောက်လှမ်းရေးပိုင်ဓမ္မာရုံကတော့ ထောက်လှမ်းရေးအဖွဲ့ မရှိတော့တဲ့အခါမှာ ပြည်နယ်အစိုးရက လွှဲယူပြီး ရိုးရိုးလေးကို လုပ်ပိုင်ခွင့်ပေးခဲ့တာပါ။

ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးများ အခမဲ့နားနေနိုင်ရန် ရွက်ဖျင်တဲများ ပြုလုပ်ပေးထားသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-နေလင်း)

> ယခင်က ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ နားနေနိုင်မည့် ဆီမီးကိုးထောင်ဓမ္မာရုံ၊ ရွှေနန်းကျင်ဓမ္မာရုံ၊ ထောက်လှမ်းရေးဓမ္မာရုံနှင့် တိသဆောင် အစရှိသည့် အခမဲ့ဓမ္မာရုံများ၊ ဇရပ်များရှိခဲ့သော်လည်း ယခုအခါ ဓမ္မာရုံနှင့် ဇရပ်အချို့မှာ စီးပွားရေးအကွက်မြင်သူများအတွက် ဈေးကွက်နေရာများ ဖြစ်လာခဲ့။

ဂေါပကကို ပြန်လွှဲပေးခဲ့တာပါ။ အရင်အုပ်ချုပ်ရေးအဖွဲ့တွေ ချုပ်ဆိုခဲ့တဲ့ စာချုပ်တွေပါ။ မူလလူဟောင်းတွေ ဖြစ်တာကြောင့် တစ်နှစ်ကို ဆယ်ရာခိုင်နှုန်းစီတိုးပြီးကောက်ခံပါတယ်။ အဲဒီငွေတွေကို ဂေါပကအဖွဲ့ကို ပေးသွင်းပါတယ်”ဟု ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဌေးဝင်းက ဆိုသည်။

ရိုးရိုးလေး (၂) တည်းခိုခန်းကို ဟိုတယ်အဖြစ် ပြောင်းလဲဖွင့်လှစ်ထားသော်လည်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသေးကြောင်း သိရသည်။

“ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်ပေါ်မှာ ဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ ဟိုတယ်က သုံးလုံးရှိတယ်။ ကျိုက်ထိုဟိုတယ်၊ မောင်တိန်းတော့ပ်နဲ့ ရိုးရိုးလေး (၃) ဖြစ်ပါတယ်။”

“ရိုးရိုးလေး (၁)က စည်ပင်လိုင်စင်နဲ့ တည်းခိုခန်းပါ။ ရိုးရိုးလေး (၂) လည်း အရင်တုန်းက စည်ပင်လိုင်စင်နဲ့ပါ။ အခုပြုပြင်ပြီး ဟိုတယ်လုပ်ထားပေမယ့် ဟိုတယ်လိုင်စင်တော့ ယူမထားသေးပါဘူး။ မှတ်ပုံတင်ဖို့တော့ ညွှန်ကြားထားတယ်။ ရင်ပြင်တော်ပေါ်မှာ ဖွင့်ထားတဲ့ အခြားတည်းခိုခန်းတွေကလည်း စည်ပင်လိုင်စင်နဲ့ ဆောင်ရွက်နေတာပါ”ဟု ကျိုက်ထိုမြို့နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စန်းစန်းနုက ပြောသည်။

ပြည်တွင်း ပြည်ပခရီးသွားများ အဆင်ပြေစွာတည်းခိုနိုင်ရန် ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်ပေါ်တွင် ဟိုတယ်သုံးလုံး၊ ရသေ့တောင်တွင် ဟိုတယ်တစ်လုံး၊ ကင်မွန်းချောင်းတွင် ဟိုတယ်လေးလုံး၊ ကျိုက်ထိုမြို့ပေါ်နှင့် ထိုမှ ကျိုက်ထီးရိုးသွားရာလမ်းမပေါ်တွင် ဟိုတယ်တစ်လုံးစီရှိပြီး ကျိုက်ထိုတစ်မြို့နယ်လုံးတွင် စုစုပေါင်း ဟိုတယ် ၁၀ လုံးရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

“ဟိုတယ်တွေက လိုင်စင်မရှိဘဲ ဖွင့်ခွင့်မရှိပါဘူး။ တည်းခိုခန်းဆိုလည်း တည်းခိုခန်းအလျောက်ပါ။ ဆောက်လုပ်ခွင့်ပါမစ်က မွန်ပြည်နယ်အစိုးရနဲ့ ဂေါပကအဖွဲ့ပေါ်မှာ မူတည်ပါတယ်။ ကျိုက်ထီးရိုးတောင်ပေါ်မှာ အဆောက်အအုံတွေ တိုးချဲ့တာ၊ ဈေးသည်တွေ၊ ဈေးဆိုင်တွေ၊ ဟိုတယ်တွေကို ဂေါပကအဖွဲ့နဲ့ ပြည်နယ်အစိုးရခွင့်ပြုချက်နဲ့ပဲ လုပ်တာပါ”ဟု ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျိုက်ထီးရိုးစေတီတော်တွင် ရင်ပြင်တော်စခန်း၊ ကင်မွန်းစခန်း၊ ရသေ့တောင်စခန်း၊ ရေမြောင်ကြီးစခန်းတို့ရှိ နတ်ကွန်း၊ နတ်နန်း ၁၉ ခု၊ ဈေးဆိုင် ၁၉၆ ဆိုင်၊ စာချုပ်ဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်း ၁၂ ခုနှင့် ကြားစခန်းများမှ လေလံပြင်ပဆိုင် ၅၀၂ ဆိုင်ရှိကြောင်း ဂေါပကအဖွဲ့ထံမှသိရပြီး ၎င်းလေလံဆိုင်ခန်းများကို လူဟောင်း ဦးစားပေးစနစ်ဖြင့် ၂၀၀၄ ခုနှစ်မှစ၍ ငှားရမ်းခဲ့ရာတွင် လေလံတစ်ဆိုင်ကို တစ်နှစ်လျှင် ကျပ် ၁၀ သိန်းမှ သိန်း ၁၀၀ ကျော်အထိရှိကြောင်း၊ လေလံပြင်ပဆိုင်ခန်းများမှာ အနိမ့်ဆုံး ငွေကျပ်သုံးသောင်းမှ ခုနစ်သောင်းဝန်းကျင်အထိ ဂေါပကအဖွဲ့သို့ နှစ်စဉ်ငှားရမ်းခ ပေးဆောင်ရကြောင်း ဆိုင်ခန်းပိုင်ရှင်များထံမှ သိရသည်။

“ဆိုင်ကြီး၊ ဆိုင်သေးနဲ့ ရောင်းချတဲ့ ကုန်ပစ္စည်းတွေအပေါ်မူတည်ပြီး ဈေးကွာတယ်။ လေလံဆိုင်တွေက သတ်မှတ်ထားတာပဲ ရောင်းချခွင့်ရှိတယ်။ လေလံ ပြင်ပဆိုင်တွေကတော့ ရောင်းချင်တာ ရောင်းလို့ရတယ်။ လေလံရော၊ လေလံပြင်ပဆိုင်တွေရော အားလုံးက ဘုရားအလှူငွေကို ဂေါပကထံ ပေးသွင်းရတယ်။ နှစ်စဉ်ရာခိုင်နှုန်းအလိုက် တိုးပြီးပေးရတယ်။ ဥပမာ ပြီးခဲ့တဲ့နှစ်က ၁၀ သိန်းဆိုရင် အခု ၁၀ သိန်းနဲ့ တစ်သောင်း အဲဒီလိုမျိုးပါ”ဟု နှစ် ၂၀ နီးပါး ကျိုက်ထီးရိုးတောင်ပေါ်တွင် ဈေးရောင်းနေသူ ကိုမိုးကျော်က ရှင်းပြသည်။

တည်းခိုရန်နေရာမလုံလောက်မှု၊ ဈေးနှုန်းကြီးမြင့်မှုများအပြင် ကျိုက်ထီးရိုးစေတီသွားရာ လမ်းတစ်လျှောက်နှင့် ဘုရားဝန်းကျင်မှနတ်ကွန်း၊ နတ်နန်းများတွင် အတင်းအဓမ္မအလှူခံနေမှုများကလည်း ဘုရားဖူးများအတွက် စိတ်အနှောင့်အယှက်ဖြစ်ကြရသည်။

“အလှူခံတွေက နေရာအနှံ့ပဲ။ ရသေ့တောင်နဲ့ကျောက်ထပ်ကြီးဘက်ဆို အလှူခံတွေက မလွတ်ဘူး။ ကျိုက်ထီးရိုးလေးဘက်ဆိုလည်း အတင်းဝင်ဖူးခိုင်းတာ၊ အထဲရောက်လို့ ဦးချရုံရှိသေးတယ် ရွှေဆိုင်းကပ်ဆိုပြီး အတင်းထိုးပေးတာ၊ ရွှေဆိုင်းတစ်ဆိုင်းကို ကျပ် ၁၅၀၀၊ ၂၀၀၀ ပေးရတယ်။ ဖားဘုရား၊ ငါးဘုရားဘက်ဆို လမ်းဆုံလေးမှာ နာဂစ်တုန်းက လေတိုက်လို့ ပြိုကျသွားတဲ့ စိန်ဖူးတော်မြေခနေတဲ့ ဘုရားအတွက် အလှူခံနေတာက နောက်နှစ်လာလည်း ဒီအတိုင်းပါပဲ”ဟု မန္တလေးမှလာသည့် ဒေါ်ခင်ရွှေက ပြောသည်။

ထို့အတူ ပဲခူးသနပ်ပင်မြို့မှ ဘုရားဖူးလာသည့် ဦးကျော်သက်ကလည်း “ကြားတာကတော့ ဒီမှာရှိတဲ့လုပ်ငန်းတွေအားလုံးကို ကန်ထရိုက်ပေးထားတာတဲ့။ ကိုယ့်ရဲ့ စေတနာနဲ့ သဒ္ဓါတရားနဲ့လှူချင်မှလှူမှာပေါ့၊ ကားလမ်းမှာ ဆိုလည်း

စာမျက်နှာ ၉ သို့ ❐

နတ်ရေတွင်းတောင်အောက်ဘက်တွင် ရေဆိုးပိုက်များပေါက်နေပြီး ရေဆိုးများ စီးဆင်းနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-နေလင်း)

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားမှုအရ ရေရှည်တည်တံ့ရေးအတွက် အစဉ်ထိန်းသိမ်းဆောင်ရွက်ရမည့် ရှုထောင့်အမျိုးမျိုးပါဝင်သည့် ဘက်စုံလုပ်ငန်းစီမံချက် (Master Plan)ကို ရေးဆွဲနေ။

❒ စာမျက်နှာ ၈ မှ

တောင်ပေါ်စတက်ကတည်းက တောင်တက်ကားလမ်းပြုပြင်ဖို့ဆိုပြီး အလျှုံခံနေတာတွေရှိတယ်" ဟု ပြောသည်။

ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့မှ စေတီပုထိုး၊ နတ်ကွန်းနတ်နန်းနှင့် အလျှုံခံဌာနများတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများသတ်မှတ်ထားပြီး မလိုက်နာပါက လုပ်ငန်းပိတ်သိမ်းသည်အထိ အရေးယူမည်ဟု ထုတ်ပြန်ထားသော်လည်း အလျှုံခံဌာနများက လိုက်နာမှုမရှိကြဘဲ အဓမ္မအလျှုံခံမှုများ ရှိနေမြဲဖြစ်ကြောင်း ဘုရားဖူးများထံမှ သိရသည်။

"အထူးသဖြင့် နာမည်ပျက်နေတာ အလျှုံခံကိစ္စပါ၊ ဘုရားပေါ်မှာ ကန်ထရိုက်ယူပြီဆိုကတည်းက စီးပွားရေးလုပ်တာ၊ စီးပွားရေးသမားဆိုတော့ စီးပွားရေးဆန်ဆန်လုပ်တာပေါ့။ အလျှုဝင်ငွေနဲ့ပတ်သက်ပြီး ထွက်နေတဲ့သတင်းတွေက ဟုတ်နေတယ်။ တိုင်စာတွေလည်း တက်လာတယ်။ ဒါတွေကို စစ်ဆေးအရေးယူမှုတွေ လုပ်နေတယ်။ ဘုရားဖူးများတဲ့အခါ ကြီးကြပ်မှုအပိုင်းကလည်း တချို့နေရာတွေအထိ မရောက်နိုင်တော့ အားနည်းမှုရှိတယ်"ဟု ကျိုက်ထိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်ကပြောသည်။

ထိုကဲ့သို့ အလျှုဝင်မှုများ အတင်းအကျပ်ကောက်ခံနေခြင်းနှင့်ပတ်သက်ပြီး ဒေသခံတစ်ဦးဖြစ်သူ ကိုမိုးကျော်က "စေတီပုထိုးတွေ၊ နတ်ကွန်းနတ်နန်းတွေ ပြုပြင်ဖို့ဆိုတာ ငွေရှိမှပါ။ လေလံသမားက သိန်း ၅၀ အထက်နဲ့ နတ်ကွန်းတစ်ခုကို လေလံဆွဲထား တယ်ဆိုပါတော့။ အဲ့ဒီငွေကျေအောင် လာသမျှဘုရားဖူးတွေဆီက ဓားပြတိုက်သလိုအတင်းအလျှုံခံတော့တာပဲ။ အဲ့ဒီမှာ ပြဿနာတွေဖြစ်တော့တာ" ဟု ပြောသည်။

၂၀၁၄-၂၀၁၅ ခုနှစ် ဘုရားပွဲတော်ကာလ တစ်ရာသီမှာပင် ရင်ပြင်တော်စခန်း၊ ကင်မွန်းစခန်း၊ ရသေ့တောင်စခန်း၊ ရေမြောင်ကြီးစခန်းတို့ရှိ စေတီပုထိုးများနှင့် နတ်ကွန်းများ၊ အလျှုံခံဌာနများမှ ရငွေများနှင့် စာချုပ်လုပ်ငန်း ၁၂ ခုတို့မှ ငွေကျပ် သိန်းပေါင်း ခုနစ်ထောင်ကျော်ရရှိကြောင်း၊ ၎င်းတွင် လေလံဆိုင်ခန်း ၅၀၂ ခန်းမှ ရငွေများမပါဝင်သေးကြောင်း၊ ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ဘဏ္ဍာရေးရှင်းတမ်းအရ စာရင်းပိတ်လက်ကျန်ငွေမှာ ငွေကျပ် ၁၃၉၉၇၈၆၇၈၁ ဒသမ ၉၀ ကျပ်(သိန်းပေါင်း တစ်သောင်း သုံးထောင်ကျော်)ရှိပြီး နှစ်စဉ်လိုငွေမရှိအောင် ဆောင်ရွက်နေကြောင်း ဂေါပကအဖွဲ့ ထံမှ သိရသည်။

"လူမှုကွန်ရက်ဖေ့စ်ဘွတ်တွေမှာ ဂေါပကအဖွဲ့က အကြွေးတင်နေတယ်လို့ရေးနေကြတယ်။ တကယ်တမ်းလျှပ်မှာ သိန်းပေါင်း တစ်သောင်းသုံးထောင်ကျော်လက်ကျန်ရှိတယ်။ အဲ့ဒါ ဘဏ်ထဲမှာ အပ်ထားတာ။ ဂေါပကအဖွဲ့မှာ လိုငွေမရှိပါဘူး။ ပြည်နယ် အစိုးရကလည်း ဘဏ္ဍာငွေလက်ကျန်ကိုကြည့်ပြီးမှ လုပ်ငန်းတွေ လုပ်ခိုင်းတာ ဖြစ်ပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

စေတီတော်ဘက်စုံပြုပြင်ရန်နှင့် မြေထိန်းနံရံများ ပြုလုပ်ရန် တောင်တက် မော်တော်ယာဉ်အသင်းကလည်း နှစ်စဉ် ကားတစ်စီးလျှင် လေးသိန်းနီးပါးဖြင့် ကားအစီးရေ ၁၅၀ အတွက် ထည့်ဝင်လျက်ရှိကြောင်း၊ တောင်တက်လမ်းတစ်လျှောက်တွင် လမ်းများပျက်စီးပါက လမ်းခင်းရန်အတွက် ကားတစ်စီးလျှင် အတက်၊ အဆင်းအသုံးပြုခဲ့ငွေကျပ်၄၀၀၀ နှုန်းဖြင့် နေ့စဉ်လမ်းကြေးအဖြစ် ထည့်ဝင်ကြကြောင်း တောင်တက်မော်တော်ယာဉ်အသင်းမှ ဦးဌေးဝင်းက ပြောပြသည်။

"ဂေါပကအဖွဲ့အသုံးစရိတ်ကို အရင်အစဉ်အဆက်ကတည်းက ညွှန်ကြားထားတာရှိတယ်။ ၁၀ သိန်းအောက်ဆို အနီးကပ်ကြီးကြပ်အဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ သုံးခွင့်ရှိတယ်။ ခရိုင်အုပ်ချုပ်ရေးမှူးခွင့်ပြုချက်ပါ။ ၁၀ သိန်းကျော်ရင် ပြည်နယ်အစိုးရအဖွဲ့ထံ သဘောထားရယူခွင့်ပြုချက်တောင်းခံပြီးမှ သုံးစွဲရတယ်။ လုပ်ငန်းတွေအားလုံး ဒီအတိုင်းဆောင်ရွက်ခဲ့တယ်" ဟု ဂေါပကဥက္ကဋ္ဌ ဦးဌေးဝင်းက ဆက်လက်ပြောကြား သည်။

ရသေ့တောင်စခန်းသို့ သွားရာလမ်းဘက်တွင် ထမင်းဆိုင်ဖွင့်ထားသည့် ဆိုင်ရှင်တစ်ဦးက "ဒီလောက် ဘုရားဖူးတွေလာတော့ တစ်နှစ်တစ်နှစ်ရတဲ့ အလျှုဝင်ငွေက မနည်းဘူး။ ဘုရားဖူးလာတဲ့သူတွေ အဆင်ပြေချောမွေ့ဖို့ အဓိကလုပ်ပေးရမယ်။ အခမဲ့တည်းခိုဆောင်တွေ၊ ရေတွေ၊ မိလ္လာစနစ်တွေလုပ်ပေးသင့်တယ်။

"အလျှုရှင်တစ်ဦးကလည်း အခမဲ့တည်းခိုဆောင် လျှုသွားသေးတယ်။ အခမဲ့ တည်းခိုဆောင်တွေက နှစ်အနည်းငယ်လောက်ကြာရင် ဂေါပကအဖွဲ့နဲ့ စီးပွားရေးသမားပေါင်းပြီး အခပေးတည်းခိုဆောင်တွေ ဖြစ်သွားတာပဲ။ ဂေါပကအဖွဲ့ကလည်း ရတဲ့ငွေတွေကို ဘယ်မှာ ဘယ်လိုသုံးတယ်ဆိုတာ ပွင့်လင်းမြင်သာမှုမရှိဘူး။ ဒါတွေက မဖြစ်သင့်ဘူး" ဟု ပြောသည်။

တောင်အောက်သို့ အမှိုက်များ စွန့်ပစ်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-နေလင်း)

ကျိုက်ထီးရိုးစေတီရင်ပြင်တော်ပေါ်နှင့် အနီးတစ်ဝိုက်ရှိ စားသောက်ဆိုင်များနှင့် စျေးဆိုင်များတွင် ဘုရားဖူးညေ့်သည်များ မျက်နှာသစ်၊ ရေချိုး၊ အပေါ့အပါးသွားရန် အခက်အခဲများရှိနေကြပြီး မျက်နှာသစ်ရန် ရေတစ်ခွက်လျှင် ကျပ်၁၀၀၊ ရေချိုးရန် ရေတစ်ပုံးလျှင် ကျပ်၅၀၀ ပေးရသည်။ စားသောက်ဆိုင်နှင့် စျေးဆိုင်လုပ်ကိုင်သူများပင် အပေါ့အပါးသွားရန် မလွယ်ကူလှသည့် ဒုက္ခကို ဘုရားဖူးများလည်း ကြုံတွေ့ခံစားကြရသည်။

"တည်းဖို့အဆင်မပြေလို့ ဘုန်းကြီးကျောင်းမှာ အလျှုငွေထည့်ပြီးတည်းတာ နှစ်သောင်းပေးရတယ်။ အဖွဲ့လိုက်ပါ။ အညစ်အကြေးစွန့်တဲ့ အိမ်သာတွေက မသန့်ဘူး။ ရေလောင်းအိမ်သာတွေကလည်း ညစ်ပတ်နံစော်နေတာပဲ။ ဘုရားရင်ပြင်အောက်ဘက်က အိမ်သာဆိုလည်း သွားတဲ့လမ်းမှာကို ညစ်ပတ်နေတယ်။ အခမဲ့တွေကလည်း ပိုက်ဆံကောက်ကြတာပါပဲ။ အဓိကကတော့ ရေပဲ။ ရေကစျေးကြီးသလို သန့်ရှင်းမှုကလည်း အားနည်းတယ်" ဟု မန္တလေးမှ ဘုရားဖူးလာသူ ဒေါ်ခင်ရွှေက ပြောသည်။

ထို့အပြင် ရန်ကုန်မှ ဘုရားဖူးလာသည့် မနိုင်ကလည်း "စားစရိတ်ကလည်း စျေးကြီးတယ်။ ထမင်းစားမယ်ဆိုရင် ထမင်းတစ်နပ်ကို ကျပ် ၂၀၀၀။ ဒါတောင် သာမန်ပဲ။ အသားဟင်းနဲ့ဆို ကျပ် ၃၅၀၀ ကနေ ကျပ်၄၀၀၀ နီးပါး ပေးရတယ်။ သောက်ရေသန့်တစ်ဘူး ဆိုလည်း ကျပ် ၅၀၀၊ တောင်ပေါ်မှာ အစစအရာရာ စျေးကြီးတယ်" ဟု ပြောသည်။

ကျိုက်ထီးရိုးရင်ပြင်တော် မြောက်ဘက်သို့ ဆင်းလျှင်

ကျိုက်ထီးရိုးစေတီရင်ပြင်တော်ပေါ်နှင့် အနီးတစ်ဝိုက်ရှိ စားသောက်ဆိုင်များနှင့် စျေးဆိုင်များတွင် ဘုရားဖူးညေ့်သည်များ မျက်နှာသစ်၊ ရေချိုး၊ အပေါ့အပါးသွားရန် အခက်အခဲများရှိနေကြပြီး မျက်နှာသစ်ရန် ရေတစ်ခွက်လျှင် ကျပ်၁၀၀၊ ရေချိုးရန် ရေတစ်ပုံးလျှင် ကျိုးပါးစပ်ဂူကို တွေ့ရပြီး အရှေ့ဘက်ကို အနည်းငယ် ဆက်ပြီးဆင်းသွားလျှင် နတ်ရေတွင်းသို့ ရောက်ရှိမည်ဖြစ်သည်။ အဆိုပါနတ်ရေတွင်းအောက်ဘက်တွင် လွန်ခဲ့သည့် သုံးလခန့်က ပေါက်ထွက်နေသည့် အညစ်အကြေးရေများကြောင့် အနံ့အသက်များ ဆိုးရွားစွာထွက်ပေါ်လျက်ရှိရာ ပြုပြင်ပေးနိုင်ရေး တင်ပြထားသော်လည်း ယနေ့အထိ ပြုပြင်နိုင်မှုမရှိသေးကြောင်း တာဝန်ထမ်းဆောင်နေသူ တစ်ဦးက ရှင်းပြသည်။

"နိုင်ငံတကာက ခရီးသွားတွေလာတဲ့အတွက် ဒါကို ဂေါပကအဖွဲ့က သေသေချာချာ ကြပ်မတ်ပေးဖို့ လိုတယ်။ အမှိုက်စွန့်တဲ့စနစ်ကလည်း အားနည်းတယ်။ သန့်ရှင်းရေးလုပ်နေကြတာတော့ တွေ့တယ်။ နိုင်ငံခြားသားတွေကို ဝင်ကြေးကောက်ခံတဲ့ ရုံးနားကနေ တောင်အောက်ကို အမှိုက်တွေ ပစ်ချနေကြတာများတယ်။ ရေရှည်မှာ ပလတ်စတစ်အမှိုက်တွေကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လာနိုင်တယ်"ဟု ဘုရားဖူးလာသူ မနိုင်က ပြောသည်။

ကျိုက်ထီးရိုးတောင်ခြေ ကင်မွန်းစခန်းအနီးမှ တောင်ပေါ်သို့ ခြေကျင်ခရီးသွားပါက ဖြတ်သန်းသွားရသည့် ရေမြောင်ကြီး၊ ဖိုးပြန်တောင်၊ စိုင်တမော့၊ စခန်းလေးနှင့် နဂါးပတ် အစရှိသည့် ကြားစခန်းများတွင် ဝါးဖြင့်ပြုလုပ်သည့် လက်မှုပညာဖြစ်သည့် သေနတ်ရိုက်လုပ်ငန်း၊ ပုတီးလုပ်ငန်းလုပ်ကိုင်ကြသူများအပြင် စားသောက်ဆိုင်နှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်အနည်းငယ်ကို တွေ့ရသည်။

ယခုအခါ အတက်၊ အဆင်းပြုလုပ်သူ နည်းပါးလာသဖြင့် ရှေးယခင်ကကဲ့သို့ စည်ကားမှုမရှိတော့ကြောင်းလည်း သိရသည်။

ကျိုက်ထီးရိုးရင်ပြင်တော်ပေါ်တွင် ဟိုတယ်များ၊ စျေးဆိုင်ခန်းများနှင့် လူနေအဆောက်အအုံများ တိုးချဲ့ပြင်ဆင်ဆောက်လုပ်မည်ဆိုပါက ကျိုက်ထီးရိုးတောင်အတွက် ထိခိုက်နိုင်မှုကိုလည်း ဒေသခံများက စိုးရိမ်နေကြသည်။

ဒေသခံလည်းဖြစ်၊ ကျိုက်ထီးရိုးတောင်တန်းချစ်သူများအသင်းဥက္ကဋ္ဌ ဦးရေချမ်းက "ဒီတောင်က သက်ရင့်ကျောက်မဟုတ်ဘူး။ မြေသားတွေက ကြားမှာခံနေတယ်။ အဆောက်အအုံတွေ ထပ်မတိုးချဲ့သင့်တော့ဘူးလို့မြင်တယ်။ တောင်ပေါ်တက်တဲ့ ကားတွေကလည်း ခြောက်လုံးထိုး၊ ရှစ်လုံးထိုးအင်ဂျင်တွေနဲ့ သွားနေရတော့ တုန်ခါမှုတွေရှိတယ်။

"ကားပြေးဆွဲတာတော့ကောင်းပါတယ်။ အဆောက်အအုံတွေ တိုးချဲ့ဆောက်တာပဲဖြစ်ဖြစ်၊ လမ်းဖောက်တာပဲဖြစ်ဖြစ် တောင်ရဲ့ကြံ့ခိုင်မှုကိုလည်း ပညာရှင်တွေရဲ့ အကြံဉာဏ်တွေယူပြီး လုပ်ဆောင်သင့်တယ်"ဟု ၎င်း၏ အမြင်ကိုပြောသည်။

"စျေးဆိုင်ခန်းတွေ၊ တည်းခိုခန်းတွေ၊ အဆောက်အအုံတွေ တိုးချဲ့မဆောက်လုပ်ဖို့ညွှန်ကြားထားပြီးသားပါ။ အနီးကပ်ကြီးကြပ်ရေးအဖွဲ့ကလည်း ဆောက်လုပ်ခွင့်ပေးမထားဘူး။ ပြည်နယ်အစိုးရကလည်း ခွင့်မပြုပါဘူး။ အခုမှ ဆောက်လုပ်ကြတာလည်း မဟုတ်ပါဘူး"ဟု ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း က ပြောသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောပြန်းတီးမှုကာကွယ်ရန် တောတောင်စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောပြန်းတီးမှုမှကာကွယ်နိုင်ရန် ထင်းခုတ်၊ ဝါးခုတ်ပြုလုပ်ခြင်းများကို ထိန်းသိမ်းဆောင်ရွက်ရန် သစ်တောရေးရာဦးစီးဌာနက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်ကို ရေးဆွဲနေကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

"ဒီမှာနေရာအနှံ့ ဝါးတွေပေါက်တယ်။ တောင်ကမြေမာနဲ့ထိန်းတာမဟုတ်ဘူး။ တောနဲ့ထိန်းထားတာ။ သစ်ပင်၊ ဝါးပင်တွေ အလွန်မပြန်းတီးအောင် ထိန်းသိမ်းရမယ်။ မိုးတွင်းဆို တောင်ပြိုတယ်ဆိုတာကြားနေရတယ်။ တောတွေပြန်းတာများလာရင် တောင်တွေပြိုလာမှာပဲ။ ဒီတော့ အချိန်မီထိန်းသိမ်းသွားသင့်တယ်" ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (ကျိုက်ထို) မှ ကိုသီဟအောင်က ပြောသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဇန်နဝါရီ ၁၁ ရက်က ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ရောက်ရှိဖူးမြော်ခဲ့စဉ် စေတီတော် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းညွှန်မှာကြားမှုများပြုလုပ်ခဲ့ရာ အဆိုပါ လမ်းညွှန်ချက်များအနက် ရေရှည်တည်တံ့ရေးအတွက် အစဉ်ထိန်းသိမ်းဆောင်ရွက်ရမည့် ရှုထောင့်အမျိုးမျိုးပါဝင်သည့် ဘက်စုံလုပ်ငန်းစီမံချက်(Master Plan)ကိုလည်း ရေးဆွဲနေကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ရုံးထံမှ သိရသည်။

ထို့ပြင် ဘုရားဖူးခရီးသည်များ နားနေရန်အတွက် ရင်ပြင်တော်ပေါ်တွင် အခမဲ့တည်းခိုဆောင် နှစ်ဆောင်၊ ရသေ့တောင်တွင် တစ်ဆောင်၊ ကင်မွန်းချောင်းတွင် တစ်ဆောင် ဆောက်လုပ်သွားရန်ရှိကြောင်း၊ ကင်မွန်းချောင်းတွင် မြေလွတ်မရှိသည့် အတွက် ဝယ်ယူဆောင်ရွက်သွားမည့်ကိစ္စများ ဆွေးနွေးညှိနှိုင်းနေကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ဘုရားဖူးရာသီဖြစ်သော ၂၀၁၄ ခုနှစ် ဇူလိုင်လမှ ၂၀၁၅ ခုနှစ် ဇွန်လအထိ ပြည်တွင်းခရီးသည်ဦးရေ ၁၈၅၄၂၆ ဦး၊ ပြည်ပခရီးသည်ဦးရေ ၁၁၈၃၃၃ ဦး စုစုပေါင်း ၃၀၃၇၆၀၀ မော်တော်ယာဉ်ဖြင့် ဘုရားဖူးလာရောက်ခဲ့ကြကြောင်း၊ ၂၀၁၅ ခုနှစ် ဘုရားဖူးရာသီဖြစ်သော ဇူလိုင်လမှ ဒီဇင်ဘာလအထိ မော်တော်ယာဉ်ဖြင့် ဘုရားဖူးလာရောက်ကြသော ပြည်တွင်းပြည်ပ ခရီးသည်ဦးရေမှာ ၇၉၉၂၇၀ အထိရှိနေပြီး ၂၀၁၆ ခုနှစ် ဇွန်လအထိ ဆက်လက်မှတ်တမ်းပြုစုနေကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာမှာပါ ထင်ရှားကျော်ကြားလှသည့် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးတည်ရှိရာ ကျိုက်ထိုမြို့နယ်မှ ကိုတင်မောင်ဝင်းက "အခုဆိုရင် ကိုယ့်ဒေသရဲ့ ကျက်သရေဆောင်လည်းဖြစ်၊ ဂုဏ်ယူဖွယ်ရာလည်းဖြစ်တဲ့ ကျိုက်ထီးရိုးစေတီက နာမည်ဆိုးတွေ ထွက်နေတာကြားနေရတယ်။ လူမှုကွန်ရက်စာမျက်နှာတွေမှာလည်း တွေ့ရတော့ ရှက်မိတယ်။ တည်းခိုခန်းခနဲ့ အထွေထွေစရိတ်တွေ အဆမတန်ကြီးမြင့်တာ၊ နောက်ပြီး အလျှုံခံကိစ္စ၊ ဒါတွေကို ထိန်းထိန်းသိမ်းသိမ်း လုပ်စေချင်ပြီ"ဟု ၎င်း၏ ခံစားချက်ကို ရင်ဖွင့်သည်။

● စာမျက်နှာ ၅ မှ

ကျန်တဲ့တစ်ဝက်ကို အရင်းကျေအောင် ဆပ်ရတယ်။ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်တာဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်တာကိုလည်း အထောက်အကူပြုတဲ့အတွက် ဆက်လက်ပြီးတော့လည်း ဆောင်ရွက်သွားမယ်" ဟု ဆိုသည်။

အမျိုးသမီးရေးရာအဖွဲ့ချုပ်တွင် စည်းရုံးရေး၊ စီမံရေးရာ၊ စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေး၊ ပြန်ကြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးစသည့် ဌာနကြီး ခြောက်ခုကို ဖွဲ့စည်းထားပြီး တိုင်းဒေသကြီး၊ ပြည်နယ်အဖွဲ့၊ ခရိုင်အဖွဲ့၊ မြို့နယ်အဖွဲ့နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအဖွဲ့များဖြင့် အဆင့်ဆင့် ပါဝင်ဖွဲ့စည်းထားသည်။

အဖွဲ့ချုပ်၏ ရည်ရွယ်ချက်များတွင် အမျိုးသမီးများ၏ အခွင့်အရေးကို တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်မည်ဟူသော ရည်ရွယ်ချက်ပါဝင်ပြီး အဆိုပါ ရည်ရွယ်ချက်အပေါ် "အနာဂတ် နိုင်ငံတော်ဟာ မျိုးဆက်သစ်တွေရဲ့ လက်ထဲမှာပါ။ မျိုးဆက်သစ်တွေ အားကောင်းတာနဲ့ အမျှ၊ မျိုးဆက်သစ်တွေ ကိုယ့်ယဉ်ကျေးမှုကို ချစ်မြတ်နိုးတာနဲ့ အမျှ၊ မျိုးဆက်သစ်တွေ ပညာတတ်တာနဲ့အမျှ နိုင်ငံတော်ကြီးရဲ့ အနာဂတ်ဟာ တောက်ပြောင်လာမှာပဲ၊ နိုင်ငံကို တည်ဆောက်တဲ့နေရာမှာ အဲ့ဒီနိုင်ငံမှာရှိတဲ့ ယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းဖို့ဟာလည်း မျိုးဆက်သစ်တွေရဲ့ လက်ထဲမှာပဲ တာဝန်ရှိတယ်။ အဲ့ဒီတော့ ကိုယ့်ရဲ့ ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်တဲ့နေရာမှာ ခေတ်နဲ့အညီဆိုပေမယ့် ကိုယ့်ရဲ့ ရိုးရာယဉ်ကျေးမှုလည်းမပြယ်တာ၊ ခေတ်ကိုလည်း နောက်ပြန်မဆွဲတာမျိုးနဲ့ ကိုယ့်အမျိုးဘာသာရဲ့ ယဉ်ကျေးမှုကို ထိန်းသိမ်းကြပါ" ဟု ဒေါ်သန္တာဘုန်းဝင်းက ပြောကြားသည်။

"မြန်မာအမျိုးသမီးတွေရဲ့ စွမ်းရည်ဟာ အင်မတန်ကို ထက်ထက်မြက်မြက် ရှိကြပါတယ်။ ပူးပေါင်းဆောင်ရွက်မှုအောင်မြင်မှာပါ။ ဒါကြောင့်မို့ အမျိုးသမီးကြီးငယ် အရွယ်မရွေး ကိုယ့်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့၊ အဓိကကတော့ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် ဘယ်နေရာ၊ ဘယ်ကဏ္ဍ၊ ဘယ်လိုနယ်ပယ်မှာပဲဖြစ်ဖြစ် ရောက်ရာနေရာမှာ ကျရာဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို ဝိုင်းဝန်းဆောင်ရွက်ပေးကြပါ" ဟုလည်း ပြန်ကြားရေးဌာနကြီး အတွင်းရေးမှူး ဒေါ်သန်းသန်းဝင်းက အကြံပြုပြောကြားခဲ့သည်။

(ရှင်မင်း)

နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှု အထောက်အကူပြုကော်မတီနှင့် NLD ပါတီ အသွင်ကူးပြောင်းရေးအပွဲ၊ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်အကြီးအကဲတာဝန် လွှဲပြောင်းမှု အထောက်အကူပြုကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အသွင်ကူးပြောင်းရေးအဖွဲ့တို့အကြား ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နေပြည်တော်ရှိ ရုံးအမှတ် (၁၈) အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာဝုံ)**

အစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းသည့် အခမ်းအနားကျင်းပမည့် အစီအစဉ်လျာထားချက်များ၊ ဝန်ကြီးဌာနအချို့၏ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ တာဝန်လွှဲပြောင်းမှု အဆင်ပြေချောမွေ့ရေး ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလအတွင်း နှစ်ဖက်ညှိနှိုင်းကျင်းပနိုင်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံတော်အကြီးအကဲတာဝန် လွှဲပြောင်းမှု အထောက်အကူပြု ကော်မတီမှ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အုန်းနှင့် နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူး ဦးဇော်ဌေးတို့ တက်ရောက်ခဲ့ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အသွင်ကူးပြောင်းရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးဝင်းထိန်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမျိုးအောင်နှင့် ဒေါက်တာအောင်သူတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းရေးကိစ္စနှင့် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၆

ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းရေးကိစ္စနှင့် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းတို့နှင့်စပ်လျဉ်းသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် ပြည်ထောင်စုလွှတ်တော် (D) ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ဒုတိယဥက္ကဋ္ဌ၊ ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်တွင်းနိုင်ငံရေးပါတီ (၁၆)ပါတီမှ ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

စက်သုံးဆီ သတ်မှတ်စျေးထက်ပိုရောင်းချခြင်းမရှိနိုင်အောင် ရန်ကုန်စျေးနှုန်းနှင့် ထိန်းညှိရောင်းချနိုင်ရေး ညှိနှိုင်းထုတ်ပြန်ပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်းမှ စက်သုံးဆီများ ညှိနှိုင်းစျေးနှုန်းထက်မပိုသောစျေးနှုန်းများဖြင့် ရောင်းချနိုင်ရန် ထုတ်ပြန်ပြီးနောက် လူမှုကွန်ရက် ဖေ့စ်ဘွတ်စာမျက်နှာတွင် သတ်မှတ်စျေးနှုန်းအတိုင်း၊ သတ်မှတ်အရည်အသွေးအတိုင်း၊ သတ်မှတ်အခြေအတွယ်အတိုင်း ရောင်းချခြင်းမရှိသော စက်သုံးဆီဆိုင်များအား တိုင်ကြားနိုင်သည်ဆိုသော သတင်းမှာ အသင်းမှထုတ်ပြန်ခြင်း မဟုတ်ကြောင်း၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေး အသင်းမှ စက်သုံးဆီများ ညှိနှိုင်းရောင်းချနိုင်ရန်အတွက် ဒီဇယ် တစ်လီတာ ကျပ် ၅၀၀၊ အောက်တိန်း 92 တစ်လီတာ ကျပ် ၅၅၀၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၅၆၀နှင့် အောက်တိန်း 95 တစ်လီတာ ကျပ် ၆၆၀ ဖြင့် ရောင်းချနိုင်ရန် မြန်မာနိုင်ငံရှိ စက်သုံးဆီ အရောင်းဆိုင်များသို့ ဇန်နဝါရီ ၁၈ ရက် ရက်စွဲဖြင့် ညှိနှိုင်းအကြောင်းကြားစာ ပေးပို့ခဲ့ပြီး လက်လီဆိုင်များအနေဖြင့် ညှိနှိုင်းစျေးနှုန်းထက်မပိုသော စျေးနှုန်းများဖြင့် ရောင်းချနိုင်ရန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်သုံးဆီ အရောင်းဆိုင်များအား ရန်ကုန်စျေးနှုန်းနှင့် ထိန်းညှိရောင်းချနိုင်ရန် ထုတ်ပြန်ခဲ့သည်။

ထိုသို့ ညှိနှိုင်းစျေးသတ်မှတ်ပြီးနောက် ရန်ကုန်မြို့တွင်းရှိ ရွှေတောင် စက်သုံးဆီအရောင်းဆိုင်မှ ဒီဇယ် တစ်လီတာ ကျပ် ၄၇၀၊ အဆင့်မြင့် ဒီဇယ်တစ်လီတာ ကျပ် ၅၅၀၊ အောက်တိန်း 92 တစ်လီတာ ကျပ် ၅၂၀ နှင့် အောက်တိန်း 95 တစ်လီတာ ကျပ် ၆၃၀၊ မန္တလေးမြို့ရှိ 35boc စက်သုံးဆီ အရောင်းဆိုင်မှလည်း ဒီဇယ်တစ်လီတာ ကျပ် ၅၆၀၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၆၂၀၊ အောက်တိန်း 92 တစ်လီတာ ကျပ် ၆၁၀ နှင့် အောက်တိန်း 95 တစ်လီတာ ကျပ် ၈၄၀ ဖြင့် ရောင်းချလျက်ရှိသည်။

"စက်သုံးဆီလက်လီအရောင်းဆိုင်အချို့ကတော့ သတ်မှတ်ညှိနှိုင်းစျေးနဲ့ရောင်းတယ်။ အချို့ဆိုင်တွေက သတ်မှတ်ညှိနှိုင်း စျေးထက်တော့ လျှော့ရောင်းပြီး အခြေအတွယ် မပြည့်ဘူး"ဟု ယာဉ်မောင်တစ်ဦးက ပြောသည်။

"စက်သုံးဆီစျေးတွေ ကျနေပေမယ့် အဝေးပြေးခရီးသည်တင်ယာဉ်တွေ၊ မြို့တွင်းခရီးသည် တင်လိုင်းကားတွေက ခရီးစရိတ်လျှော့ရမှာကို မသိချင်ယောင်ဆောင်နေကြတယ်။ ဆီစျေးတက်ရင်တော့ ခရီးစရိတ်ကို ချက်ချင်းတက်ပြီး တောင်းတော့တာပဲ"ဟု ခရီးသည်တစ်ဦးက ပြောသည်။

နေ့စဉ်စက်သုံးဆီ စျေးနှုန်းများကို နိုင်ငံပိုင်သတင်းစာများတွင်လည်းကောင်း၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်း လူမှုကွန်ရက်ဖေ့စ်ဘွတ်စာမျက်နှာတွင်လည်းကောင်း ကြည့်ရှုနိုင်ကြောင်း သိရသည်။ **အောင်ကျော်ဝင်း**

သီရိရတနာစျေးတွင် နေ့ခင်းကြောင်တောင် မီးထပ်လန့်၍ စျေးသူ စျေးသားများ စိုးရိမ်ပူပန်နေ

မုံရွာ ဇန်နဝါရီ ၂၆

မုံရွာမြို့ သီရိရတနာစျေးတွင် မီးနှစ်ကြိမ်လောင်အပြီး ဇန်နဝါရီ ၂၆ ရက်ညနေ ၅ နာရီကျော်စျေးသိမ်းခါနီးတွင် စျေးအနောက်ဘက်တန်းခေါင်မိုးသွပ်ပြားပေါ်အမှိုက်များမီးစွဲနေသည်ကို စျေးသူစျေးသားများတွေ့၍ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။**(အပေါ်ပုံ)**

"စျေးသိမ်းပြီး ရွာပြန်မလို့လုပ်နေတုန်း အနောက်ဘက်တန်းခေါင်မိုးပေါ်က မီးခိုးတွေမြင်တာနဲ့ ဝိုင်းငြိမ်းခဲ့ကြပါတယ်။ လောင်နေတာက သွပ်မိုးပေါ်က သစ်ရွက်ဆွေးအမှိုက်ခြောက်တွေပါ။ ဒီဇယ်နဲ့လည်းရတယ်။ အပေါ်ရောက်တော့ လူရိပ်လူခြေတော့ မတွေ့ရဘူး" ဟု မီးတက်ငြိမ်းသူ စျေးသည်တစ်ဦးက ပြောပြသည်။

စျေးသူ စျေးသားများအနေဖြင့် မီးသုံးကြိမ်လောင်သည့်အပေါ် စိုးရိမ်စိတ်များနေသည့်အပြင် မီးလောင်သည့်ကျိုးကြောင်းရင်းမြစ် ဖော်ထုတ်မှု အားနည်းသည့်အပေါ် သံသယစိတ်များလျက်ရှိကြောင်း သိရသည်။

"သုံးကြိမ်စလုံးမှာ ဘာကြောင့် လောင်တယ်ဆိုတာကို သတင်းစာတွေကတစ်ဆင့် သိရပေမယ့် သိထားတဲ့အချက်နဲ့က လွဲနေတယ်လို့မြင်မိတယ်။ စျေးသူစျေးသားတွေအနေနဲ့ စျေးတာဝန်ရှိသူတွေအပေါ် ပိုသံသယရှိပြီး မယုံကြည်ကြတော့ပါဘူး။ အခုတတိယတစ်ခါမှာလည်း ဘာကြောင့် ဘယ်သူက ရှို့သွားတယ်ဆိုတာ တိတိကျကျ တာဝန်ရှိသူတွေကိုယ်တိုင် မသိဘူးဖြစ်နေတယ်"ဟု စျေးသည်တစ်ဦးက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့များ ပူးပေါင်းကြပ်မတ်၍ မီးဘေးကာကွယ်ရေးနှင့် စျေးများ ရေရရှိရေးများကို ဆောင်ရွက်နေချိန်ဖြစ်သည့် ဇန်နဝါရီ ၁၁ ရက် နံနက် အစောပိုင်းက မုံရွာမြို့ သီရိရတနာစျေးတွင် ဒုတိယအကြိမ် လောင်ကျွမ်းခဲ့ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် ညပိုင်းက ဆိုင်ခန်းပေါင်း ၇၁ ခန်းရှိစျေးရုံ ပထမအကြိမ် မီးလောင်ခဲ့ပြီး ယခု ဇန်နဝါရီ ၂၆ ရက်တွင် တစ်ကြိမ်ထပ်မံ မီးလန့်ခြင်းဖြစ်သည်။

မီးလောင်ခံရသော စျေးရုံအား ချက်ချင်းပြန်ဆောက်မည်ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားထားသော်လည်း ယခုအချိန်အထိ ပြန်လည်မတည်ဆောက်သေးကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ပြည်တွင်းရေးရာ

ရန်ကုန်မြစ်ဝအနီးတွင် နစ်မြုပ်ခဲ့သည့် ဗီယက်နမ်ကုန်သင်္ဘောမှ ရေလုပ်သားများကို အချိန်မီကယ်တင်ပြီး သက်ဆိုင်ရာဌာနေကိုယ်စားလှယ်ထံ ပြန်လည်အပ်ပေးနိုင်ခဲ့

ရန်ကုန် ဇန်နဝါရီ ၂၆

ကျောက်ချရပ်နားထားသည့်ဆီတင်သင်္ဘောကို ဝင်ရောက်တိုက်မိ၍ ရန်ကုန်မြစ်ဝအနီးတွင် နစ်မြုပ်ခဲ့သည့် M.V Dong Then Phu Silver သင်္ဘောမှ ရေလုပ်သားများကို အချိန်မီကယ်တင်ပြီး သက်ဆိုင်ရာဌာနေကိုယ်စားလှယ်ထံ ပြန်လည်အပ်ပေးနိုင်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

ဗီယက်နမ်နိုင်ငံပိုင် ဘီလပ်မြေတင်ဆောင်လာသည့် M.V Dong Then Phu Silver သည် ဇန်နဝါရီ ၂၅ ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်မြစ်ဝအနီး ရပ်နားထားစဉ်ကျောက်ကြိုးပြတ်ကာ ရေစီးဖြင့်မျောပါပြီး အနီးတွင် ကျောက်ချရပ်နားထားသည့် သြစတြေးလျနိုင်ငံမှ ဆီများတင်ဆောင်လာသော M.T Ocean Osprey သင်္ဘောဦးပိုင်ကို တိုက်မိရာမှ ဝမ်းပိုက်ပေါက်ကာ ရေဝင်နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

"ဒီလိုနစ်မြုပ်နေတဲ့အကြောင်းကို ဆက်သွယ်ရေးစက်တွေကနေကြားတဲ့အတွက် ကယ်ဆယ်နိုင်ဖို့ ရေကြောင်းပြ ရေယာဉ်က အမြန်ဆုံးသွားရောက်ခဲ့တယ်။ သင်္ဘောသား ၁၃ ဦးကတော့ ဆီတင်သင်္ဘောပေါ် ရောက်နေပြီ။ တစ်ယောက်ကတော့ ရေထဲမျောသွားလို့ ရေကြောင်းပြ သင်္ဘောကတစ်ဆင့် ချိတ်ဆက်မှုအရ ငါးဖမ်းလှေတစ်စင်းက ကယ်တင်ထားနိုင်ခဲ့တယ်။ သူတို့ရဲ့ သင်္ဘောသားစာရင်းအရ ၁၄ ဦးလုံးကို အချိန်မီကယ်ဆယ်နိုင်ခဲ့ပါတယ်။ အခုလိုကယ်လိုက်တဲ့ သူတွေကို တပ်မတော် ရေယာဉ်နဲ့ နန်းသီတာဆိပ်ကမ်းကို အဲဒီည ၁၁ နာရီခွဲခန့်မှာ ခေါ်ဆောင်နိုင်ခဲ့ပြီး သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ထံ အပ်ပေးနိုင်ခဲ့တယ်" ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ရေကြောင်းဌာနမှူးချုပ် ဦးအောင်ကျော်ထူးက ပြောသည်။

ဆက်လက်၍ "တစ်နာရီအတွင်း ရေကြောင်းအချက်ပြ ယာဉ်ရောက်သွားတော့ ဦးခေါင်းပိုင်း ပဲ ပေါ်တော့တယ်။ ဘီလပ်မြေတွေ ဆိုတော့ ရေဝင်ပြီး ဝိတ်တိုးတော့ မြုပ်တာလည်းမြန်တယ်။ ရေစီးကြောင့်လား၊ ရာသီဥတုကြောင့်လား၊

သတင်း - ကော်ကြီး
ဓာတ်ပုံ - တပ်မတော်(ရေ)

ကျောက်ကြိုးက သတ်မှတ်ထားတဲ့ စံချိန်မမှီတာလား ဆိုတာတွေကို စစ်ဆေးသွားမယ့်အပြင် သင်္ဘောမျောနေတာကို မသိတာလား။ သင်္ဘောမျောနေတာကို သိပေမယ့် main engine ကို နှိုးမရတာလား၊ duty မထားတာလား ဆိုတာကို သေချာအောင် စုံစမ်းစစ်ဆေးမှုတွေ လုပ်သွားမှာပါ။ လတ်တလောမှာတော့ အဲဒီနေရာမှာရာသီဥတု မကောင်းသေးလို့ စစ်ဆေးမှုတွေ မလုပ်နိုင်သေးပါဘူး။ ရာသီဥတုကောင်းသွားရင် သက်ဆိုင်ရာ အဖွဲ့အစည်းတွေ ပူးပေါင်းပြီး သင်္ဘောနစ်မြုပ်တဲ့အကြောင်းကို စုံစမ်းသွားမှာပါ"ဟု ၎င်းကပြောသည်။

ယခုအခါ သင်္ဘောမြုပ်ခဲ့သည့် နေရာအနီးတွင် ပင်လယ်ပြင်လေတိုက်နှုန်း တစ်နာရီလျှင် ၃၅ မိုင်ခန့်ရှိပြီး လှိုင်းအမြင့် လေးပေမှ ငါးပေခန့်အထိရှိနေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

အဆိုပါ ဖြစ်ပွားသည့်နေရာသည် ပင်လယ်ရေလမ်းကြောင်း ကျယ်ဝန်းသော်လည်း သက်ဆိုင်ရာမှ နစ်မြုပ်သည့်နေရာကို ရေကြောင်းသတိပေးချက်များ ချက်ချင်းထုတ်ပြန်ခဲ့သည့်အပြင် ရေကြောင်းအမှတ်အသားများပြုလုပ်ထားပြီး အသိပေးထားကြောင်းသိရသည်။

နစ်မြုပ်ခဲ့သည့် အဆိုပါသင်္ဘောသည် အလျား ၈၄ မီတာ၊ ရေစူး ၆ ဒသမ ၁ မီတာရှိကာ တန်ချိန် ၁၉၉၈ တန်ရှိပြီး ထိုင်းနိုင်ငံ KANTANG ဆိပ်ကမ်းမှ ဘီလပ်မြေတန်ချိန် ၃၅၀၀ ခန့်တင်ဆောင် ထွက်ခွာလာရာ ဇန်နဝါရီ ၂၄ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် ရန်ကုန်မြစ်ဝအနီး ကျောက်ချရပ်နားခဲ့ကြောင်း၊ အဆိုပါ သင်္ဘောနှင့်တိုက်မိခဲ့သည့် M.T Ocean Osprey သင်္ဘောမှာ ဝဲဘက်ခြမ်းတွင် အနည်းငယ်ပိန်သွားရုံမှအပ သင်္ဘောပေါက်ခြင်း၊ ရေဝင်ခြင်း၊ ဆီများစိမ့်ထွက်မှုများ မရှိကြောင်း မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ သိရသည်။

❒❒

တံခွန်တိုင်၊ ယန္တရားရပ်ကွက်တွင် မီးလောင် မီးသတ်အရန်တပ်ဖွဲ့ဝင်တစ်ဦး ကားပေါ်မှပြုတ်ကျ

မန္တလေး ဇန်နဝါရီ ၂၆

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်-ယန္တရားရပ်ကွက် အမှတ် ၃ လမ်းနှင့် ၂ လမ်းအကြားတွင် ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်ကားပေါ်မှ အရန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး ကားပေါ်မှ ပြုတ်ကျခဲ့သဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီး သို့ပို့ပေးခဲ့ရကြောင်း တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ သိရသည်။

မီးငြိမ်းသတ်ရန် အရေးပေါ်ရောက်ရှိလာစဉ် ရပ်ကွက်အဝင် သွယ်တန်းထားသည့်ဝါယာကြိုးနှင့် ထိခိုက်မိကာ မီးသတ်ယာဉ်ပေါ်မှ ပြုတ်ကျခဲ့သဖြင့် ဆေးရုံသို့ပို့ဆောင်ပေးခဲ့ပြီး ဦးနှောက်နှင့် အာရုံကြောဌာနတွင် တက်ရောက်ကုသမှု ခံယူနေရသည်ဟုဆိုသည်။

"ရပ်ကွက်တွေမှာ နေအိမ်တွေမှာ သွယ်တန်းထားတဲ့ ဝါယာကြိုးတွေရှိတယ်။ အရေးပေါ်မောင်းလာတာဆိုတော့ မီးကို အာရုံစိုက်နေရလို့ မမြင်လိုက်ရာက ခုလိုဖြစ်သွားတာ။ ဓါတ်မှန်တွေရိုက်ပြီးမှ ဘာဖြစ်တယ်ဆိုတာသိမယ်"ဟု မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မီးလောင်မှုဖြစ်စဉ်မှာ ၎င်းရပ်ကွက်နေဒေါ်ခင်အုန်းမြင့်နေအိမ်မီးဖိုချောင်တွင် ဂက်စ်အိုးမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး နေအိမ် ခြောက်လုံး၊ မီးလောင်ကျွမ်းခံရပြီး မီးစတင်လောင်ကျွမ်း ချိန်မှ နာရီဝက်ခန့် အကြာတွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

"ပေါက်ကွဲတဲ့ အသံကြားလိုက်တယ်။ ခဏအကြာမှာ မီးလောင်တာသိပြီး မီးသတ်ဖုန်းနံပါတ်မသိတော့ သူများတွေကို ဖုန်းဆက်ခိုင်းတယ်" ဟု ၎င်းရပ်ကွက်တွင်နေထိုင်သူတစ်ဦးက ပြောသည်။

အဆိုပါရပ်ကွက်နေအိမ်များမှာ ထရံကာအိမ်အများဆုံးဖြစ်၍ ရေနံချေးသုတ်ထားသည့် အိမ်များလည်းရှိသဖြင့်မီးလောင်ရန်လွယ်ကူကြောင်း၊ မိနစ်ပိုင်းအတွင်း အခြားအိမ်များသို့ ကူးစက်လောင်ကျွမ်းခဲ့ရာ (ပ)၄၁/ ၂၀၁၆၊ ဥပဒေပုဒ်မ ၂၈၅ အရ အမှုဖွင့်ထားကြောင်း သိရသည်။

အောင်သန့်ခိုင်

❒❒

ကျူးကျော်တဲများ ရွှေ့ပြောင်းမှု အခြေအနေကို ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဦးလမ်းကြီး တင်အောင်ထွန်းက ရှင်းလင်းပြောကြားစဉ်။

✱ မဂ်လာဒုံမှ

"ယခုပျဉ်းမပင်စက်မှုဇုန်ရှိ ကျူးကျော်တဲတွေကို ဖျက်သိမ်းဖို့ ၂၀၁၄ ခုနှစ်က နှစ်ကြိမ်၊ အခု ၂၀၁၆ ခုနှစ်မှာ နှစ်ကြိမ် တာဝန်ရှိသူတွေက လူကိုယ်တိုင်သော်လည်းကောင်း၊ စာနဲ့သော်လည်းကောင်း သတိပေးအကြောင်းကြားခဲ့ပါတယ်။ ယခုရှင်းတဲ့ ကျူးကျော်မြေတွေက နိုင်ငံတော်ပိုင် အစိုးရပိုင်မြေတွေသာ ဖြစ်ပါတယ်။ ဥပဒေနဲ့ မညီဘူးဆိုတာ ကျူးကျော်တဲ့သူတွေကိုယ်တိုင်သိပါတယ်။ မြေယာဥပဒေ၊ စည်ပင်ဥပဒေ၊ ဘယ်ဥပဒေနဲ့ ကြည့်ကြည့် အကျုံးမဝင်ပါဘူး။ ဒါပေမယ့် ရွှေ့ပြောင်းတဲ့အချိန်မှာ ကိုယ့်မိသားစုလို သဘောထားပြီး သူတို့ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို ဇွန်းတစ်ချောင်းအစ ပန်းကန်လေးတစ်လုံးအဆုံး မပျက်စီးအောင် ပြောင်းရွှေ့ပေးဖို့ မှာကြားထားပါတယ်။ ကျူးကျော်သူတချို့ကလည်း သတိပေးစာရရှိပြီးနောက်ပိုင်း ပစ္စည်းတွေသိမ်းပြီး သူတို့အစီအစဉ်နဲ့ ကြိုတင်ရွှေ့ပြောင်းပေးကြပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဆက်လက်ပြောကြားသည်။

မဂ်လာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန်ရှိ ကျူးကျော်တဲများကို ယနေ့ဖျက်သိမ်းခဲ့သည့် အချိန်တွင် ရန်ကုန်မြို့၌ အချိန်အခါမဲ့ မိုးအနည်းငယ်ရွာသွန်းမှုနှင့် တိုက်ဆိုင်နေ၍ ပြည်သူ့အချို့က စာနာမှုနှင့် စိုးရိမ်ပူပန်မှုများရှိနေကြောင်းလည်း ကြားသိရသည်။

လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက "နို့တစ်သတိပေးစာ ထုတ်ထားလို့ တချို့က သူ့မိသားစုအစီအစဉ်၊ ဆွေမျိုးတွေအစီအစဉ်နဲ့ ပြောင်းရွှေ့သွားတဲ့ လူတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ဘက်ကလည်း သူတို့သွားချင်တဲ့ မဂ်လာဒုံ၊ တောင်ဒဂုံ၊ ရွှေပြည်သာစတဲ့နေရာတွေကို ဒိုင်နာကားတွေထိုးပြီး သက်ဆိုင်ရာက ရွှေ့ပြောင်းပေးပါတယ်။ လတ်တလော သွားဖို့ အဆင်မပြေသူတွေကို မဂ်လာဒုံမြို့နယ်က ပေါ့စကိုသင်္ဘောဆေးစက်ရုံမှာ ယာယီနေဖို့၊ စားဖို့၊ ရေမီးစတာတွေနဲ့ ယာယီစီစဉ်ပေးထားပါတယ်။ ဒါ့အပြင် ကျန်းမာရေးအတွက် ကူညီစောင့်ရှောက်ရေးအဖွဲ့တွေလည်း ထားပေးထားပါတယ်။ ပြောင်းရွှေ့သူတွေအတွက် လိုအပ်တဲ့ ဆန်နဲ့ဆီကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကူညီဖို့စီစဉ်ထားပါတယ်" ဟုပြောသည်။

သို့သော်လည်း ယခုလက်ရှိအချိန်အထိ ယာယီစီစဉ်ပေးထားသည့် ပေါ့စကို သင်္ဘောဆေးစက်ရုံ၌ နေထိုင်သူမရှိကြောင်း၊ အစိုးရမြေတွင် ကျူးကျော်နေထိုင်သူအများစုမှာ အချိန်မရွေးဖယ်ရှား ရှင်းလင်းခံရမည်ကို သိကြ၍ သက်ဆိုင်ရာက ကျူးကျော်တဲများကို ရှင်းလင်းချိန်တွင် အစားထိုးနေထိုင်ရန် ကြိုတင်နေရာရှာထားပြီးဖြစ်ကြောင်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဆိုသည်။

ထို့ပြင် အမှန်တကယ်မြေယာမရှိသူများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြေလွတ်နေရာများတွင် စိစစ်ချထားပေးရန်လည်း အစီအစဉ်များရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မြန်မာ့သတင်းစဉ်သို့ပြောသည်။

(သတင်းစဉ်)

ကျူးကျော်တဲများ ဆောက်လုပ်ခြင်းမရှိဘဲ မြေနေရာ သတ်မှတ်ထားမှုများကိုတွေ့ရစဉ်။

ရုပ်မြင်သံကြားအစီအစဉ်များ
[၂၇ - ၁ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဌသုတ်
၅း၄၀ "စိတ္တာနုပဿနာ" (အပိုင်း-၁)တရားတော် [ဆရာတော်အရှင်ကုသလ (ဆားဘူးတောင်းဆရာတော်)]
၈း၀၀ "မင်္ဂလာပါ"The Morning Show
၁၁း၁၅ ဟင်းချက်ရအောင်
၁၁း၄၀ MRTV-4 Stage
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၄၅)
၂း၂၀ မြန်မာ့ရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွာ" (အပိုင်း-၆)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၈၄)
၃း၄၀ ရန်ကုန်မြင်ကွင်းကျယ်
၄း၀၀ Cartoon Series (English Playground)
၅း၀၀ ခေတ်သစ်ပျိုမေ
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၈၅)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွာ" (အပိုင်း-၇)
၈း၁၅ ရသစုံဌာန်းတမ်းများ
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၄)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၄၆)
၉း၅၀ အနုပညာမိုးကောင်းကင်
၁၀း၃၀ World of Knowledge (Monster Fish : Great White Sturgeon)
၄း၁၀ နေယဉ်ဆန်းထွင်ပန်းအလှဆင် (ပန်းအိုးအမြင့်ဖြင့် ပန်းများ နွယ်ကျသော ပုံပြင်ဆင်ခြင်း)

မြဝတီ

၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၀ မျိုးချစ်တပ်မတော်
၆း၃၅ မှတ်တမ်း
၆း၄၅ မြန်မာသံစဉ်ချိန်းဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၇း၂၅ သင့်အတွက်တစ်နေ့တာ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ မွေးမြူသုတ
၈း၃၀ DVD Hits
၈း၃၅ ဇာတ်လမ်းတို
၈း၄၅ မြဝတီနေ့စဉ်သတင်း
၈း၅၀ သူနှင့်သူ၏သီချင်းများ
၉း၀၀ စာပေအလင်းစာပေသတင်း
၄း၁၅ လျှပ်တစ်ပြက်
၄း၂၅ အမျိုးသားရေးတေးကဗျာ
၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅ ရေးဟောင်းသုတ
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၅ ပန်းကလေးများပွင့်တော့မည်
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း အပိုင်း(၁၁၁)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၆ Amazing Cities
၆း၁၅ Meet Whith The Celebrities
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှစ်သီးခြာချစ်လိပ်ပြာ အပိုင်း(၆၂)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ နိုင်ငံတကာသတင်း မိုးလေဝသသတင်း ရယ်စရာပျော်စရာဟာသကမ္ဘာ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် မြဝတီရုပ်မြင်သံကြားသတင်း ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မောင်မောင်ချစ်သူလေဒီဒီဇိုင်နာ အပိုင်း(၂၄)

mitv

07:26 Taung Byone Nat Festival (Ep-4)
07:43 Chanmyay Yeiktha Meditation Centre- Chaw Dwin Gone
08:26 Horse Cart Driver
08:36 Lawka Nandar Wildlife Sanctuary And Its Rare Star Tortoises
09:26 Bollywood Actress "Laila Khan" (Born & Raised in Myanmar) (Part-II)
09:49 Myanmar Traditional Bullock-Cart & Equestrian Racing
10:26 Pet Fish Biz
10:39 Insight Myanmar "Role of MNHRC" (Episode-II)
Prime Time
07:26 A Visit To San-Taw-Shin Kyike-Hti-Yo Pagoda
07:42 Natural Mineral Water
08:26 Myanmar Traditional Identity (EP- 3) The Sphinx Of Egypt And The Manousiha Of Myanmar
08:40 Up Against The Tide

ဗီလိန်တွေရဲ့ဒေါသကို ခံစားရမယ့် "Gotham" ရုပ်ရှင်သစ်

"Gotham" ရုပ်ရှင်တွေရဲ့ရုပ်ရှင်သစ်အတွက် ပိုစတာကိုထုတ်ဖော်ပြသခဲ့ရာမှာ ရုပ်ရှင်ရဲ့အမည်ကို "Wrath of the Villains "လို့ပေးထားတာတွေ့ရပါတယ်။ ဒါ့ကြောင့် ဒုတိယရာသီအတွက် ယခုပြသမယ့်ရုပ်ရှင်မှာ ဗီလိန်တွေရဲ့ ဒေါသတွေကို ပုံဖော်ရိုက်ကူးထားနိုင်ဖွယ်ရှိကြောင်း အော့စ်ရှိုးဘော့ဒ့ဲကွန်းက ဖော်ပြခဲ့ပါတယ်။

ရုပ်ရှင်ရဲ့ပိုစတာမှာတော့ ဂေါ်သမ်မြို့ရဲ့ လူစွမ်းကောင်းတွေနဲ့ မြို့ကို နှောင့်ယှက်လေ့ရှိတဲ့ ဗီလိန်တွေရဲ့ပုံတွေကို ရောနှောဖော်ပြထားပါတယ်။ ယခုရာသီရဲ့ ပထမပိုင်းမှာ ပြသခဲ့တဲ့ရုပ်ရှင်ကို "Rise of the Villains" လို့အမည်ပေးခဲ့ပြီး ယင်းရုပ်ရှင်ရဲ့အဆက်ဖြစ်တဲ့ ဒုတိယပိုင်းကိုတော့ ယခုလို "Wrath of the Villains" လို့ ခေါင်းစဉ်ကွဲတစ်ခု ထပ်မံပေးလိုက်တာဖြစ်ပါတယ်။

ယင်း "Gotham"ရုပ်ရှင်တွေဟာ ပြစ်မှုဒရမ်မာရုပ်ရှင်အမျိုးအစားဖြစ်ကာ ၎င်းရုပ်သံဇာတ်လမ်းတွဲ ရုပ်ရှင်တွေရဲ့ ပထမဦးဆုံးသောရုပ်ရှင်ကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၂ ရက်က ဖောက်ဇ်ရုပ်သံလိုင်းကနေ စတင်ထုတ်လွှင့်ခဲ့တာပါ။ ယင်းရုပ်ရှင်ဟာ ၂၀၁၄ ခုနှစ် "Critics' Choice Television Award" ဆုပေးပွဲကြီးမှာ စိတ်လှုပ်ရှားစရာအကောင်းဆုံး ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်သစ်ဆုကို ရရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာပဲ "Gracie Awards"ဆုပေးပွဲမှာတော့ ယင်းရုပ်ရှင်ဟာ ထူးချွန်ဒရမ်မာဆုကို ရရှိခဲ့ပါတယ်။

အဆိုပါရုပ်ရှင်သစ် "Wrath of the Villains"ကို လာမယ့်ဖေဖော်ဝါရီ ၂၉ ရက်မှာ ဖောက်ဇ်ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပြသသွားမှာဖြစ်ပါတယ်။

"Sure" မဂ္ဂဇင်းရဲ့ မျက်နှာပုံးရှင်ဖြစ်ခွင့်ရလာတဲ့ ကင်မ်ယိုဂျန်

တောင်ကိုရီးယားကလေးသရုပ်ဆောင်တွေထဲက ရုပ်သံဇာတ်လမ်းတွဲများစွာနဲ့ ဒရမ်မာရုပ်ရှင်ပေါင်းများစွာမှာ ပါဝင်ရိုက်ကူးခဲ့တဲ့ ကျော်ကြားတဲ့သရုပ်ဆောင်တစ်ဦးဖြစ်သူ ကင်မ်ယိုဂျန်ဟာ "Sure"မဂ္ဂဇင်းရဲ့ ဖေဖော်ဝါရီလထုတ်မဂ္ဂဇင်းမျက်နှာဖုံးရှင်အဖြစ် ဇန်နဝါရီ ၂၅ ရက်က ဓာတ်ပုံများရိုက်ကူးခဲ့ပါတယ်။

အဆိုပါဓာတ်ပုံများကို မဂ္ဂဇင်းရဲ့ လူမှုကွန်ရက်မီဒီယာကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့ရာ ယင်းဓာတ်ပုံတွေထဲမှာ ကင်မ်ဟာ တကယ့်ကိုအရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးလိုရင့်ကျက်တဲ့ အလှတရားတွေကို ပိုင်ဆိုင်ထားကြောင်းလည်း စွန်ပီဒေ့ဲကွန်းက ဖော်ပြခဲ့ပါတယ်။

ကင်မ်ယိုဂျန်ကို ၁၉၉၉ ခုနှစ်မှာ မွေးဖွားခဲ့ပြီး လတ်တလောမှာ အသက်(၁၆)နှစ်ရှိပြီဖြစ်ပါတယ်။ သူဟာ အသက်ငါးနှစ်အရွယ်မှာ အနုပညာလောကသို့ ရုပ်သံအစီအစဉ်တစ်ခုမှတစ်ဆင့် ဝင်ရောက်ခဲ့ပြီး ၂၀၀၈ခုနှစ်မှာ သူရဲ့ပထမဦးဆုံးသော အနုပညာထူးချွန်ဆုတစ်ခုဖြစ်တဲ့ အကောင်းဆုံးကလေးသရုပ်ဆောင်ဆုကို ရရှိခဲ့ပါတယ်။ ယနေ့အချိန်အထိ ရုပ်သံဒရမ်မာရုပ်ရှင် ၁၃ ကား၊ ရုပ်ရှင်ပေါင်း ၁၅ ကား ပါဝင်သရုပ်ဆောင်ခဲ့ပြီး ဖြစ်ပါတယ်။

ပုံတူပယောင်းရုပ်တုနဲ့အတူ ဓာတ်ပုံရိုက်ခဲ့တဲ့ လီဂျန်ဆု

တောင်ကိုရီးယားရဲ့ နာမည်ကျော် မင်းသားတစ်ဦးဖြစ်တဲ့ လီဂျန်ဆုဟာ သူ့ရဲ့ပုံတူထုလုပ်ထားတဲ့ ဖယောင်းရုပ်တုနဲ့တွဲဖက်ကာ ဓာတ်ပုံရိုက်ကူးခဲ့ပါတယ်။ အဆိုပါရုပ်တုဟာ ဟောင်ကောင်ရှိ ဖယောင်းရုပ်တုပြတိုက်တစ်ခုဖြစ်တဲ့ "Madame Tussauds"မှာ ထားရှိတဲ့ လီရဲ့ပုံတူရုပ်တုတစ်ခုဖြစ်ကြောင်း စွန်ပီဒေ့ဲကွန်းမှာ ဖော်ပြခဲ့ပါတယ်။

လီနဲ့ သူ့ရဲ့ပုံတူဖယောင်းရုပ်တုတို့ တွဲဖက်ရိုက်ကူးထားတဲ့ ဓာတ်ပုံကို အဆိုပါဖယောင်းရုပ်တုထားရှိရာပြတိုက်ရဲ့ ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။

လီရဲ့ပုံတူဖယောင်းရုပ်တုကို ယင်းပြတိုက်ရှိ ကေဇော်ပြခန်းမှာ ထားရှိပြသထားလျက်ရှိကာ အဆိုပါပြတိုက်မှာ ပုံတူဖယောင်းရုပ်တုပြသထားခြင်းခံရတဲ့ အခြားသော တောင်ကိုရီးယားအနုပညာရှင်တွေကတော့ ဘေရောင်ဂျန်း၊ လီမင်ဟိုနဲ့ ကင်မ်ဆိုးဟွန်တို့ပဲ ဖြစ်ကြပါတယ်။

အေးပြည့် - စုစည်းသည်

ရုပ်သံဇာတ်လမ်းတွဲသစ်တွင် မိုင်လီဆိုင်းရုပ်စ် ပါဝင်သရုပ်ဆောင်မည်

ဟောလီဝုဒ်ရဲ့ ဂီတလောကမှာ ပေါ့ပ်အဆိုတော်တစ်ဦးအဖြစ် အောင်မြင်နေတဲ့ မိုင်လီဆိုင်းရုပ်စ်ဟာ အမေရိကန်လူမျိုးဒါရိုက်တာ ဝူဒီအယ်လန် ရိုက်ကူးတင်ဆက်တဲ့ ရုပ်သံဇာတ်လမ်းတွဲတစ်ခုမှာ ပါဝင်သရုပ်ဆောင်သွားမှာ ဖြစ်ကြောင်း အမ်တီဗွီနယူးစ်ဒ့ဲကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းရုပ်သံဇာတ်လမ်းတွဲမှာ ဇာတ်လမ်းတွဲပေါင်း ခြောက်ခုပါဝင်မှာဖြစ်ပြီး ဇာတ်လမ်းတွဲအမည်ကိုတော့ မရွေးချယ်ရသေးပါဘူး။ ယင်းရုပ်ရှင်ရဲ့ ရိုက်ကူးရေးလုပ်ငန်းတွေကို လာမယ့်မတ်လအတွင်း စတင်သွားမှာဖြစ်ကြောင်း သိရပါတယ်။

ယခုရိုက်ကူးမယ့်ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်တွေဟာ မိုင်လီအတွက် ပထမဦးဆုံးရုပ်ရှင်တွေတော့ မဟုတ်ပါဘူး။ သူဟာ ၂၀၁၂ ခုနှစ်မှာ "Two and a Half Men" ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး မကြာသေးမီကထုတ်လွှင့်ခဲ့တဲ့ နက်ဖလစ်ဇ်ရဲ့ အားလပ်ရက်အထူးရုပ်ရှင်တစ်ခုဖြစ်တဲ့ "A Very Murray Christmas"မှာလည်း ပါဝင်ထားပါတယ်။ ဒစ်စနေးရုပ်သံလိုင်းရဲ့ ရုပ်သံဇာတ်လမ်း "Hannah Montana" မှာလည်း မိုင်လီက ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ခဲ့ပါတယ်။

အားကစား

ယူရို-၂၀၁၆ အိမ်ရှင် ပြင်သစ်အသင်းတွင် ဘင်ဇီမာနှင့် ဗယ်လ်ဘူနာတို့နှစ်ဦး ပြန်လည်ပါဝင်ရန် ဂရစ်ဇ်မန်းမျှော်လင့်

ယူရို-၂၀၁۶ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသည့် ပြင်သစ်နိုင်ငံကိုယ်စားပြု လက်ရွေးစင်အသင်းတွင် ပြင်သစ်ကြယ်ပွင့်ကစားသမားနှစ်ဦးဖြစ်သော ဘင်ဇီမာနှင့် ဗယ်လ်ဘူနာတို့နှစ်ဦးလုံး ပြန်လည်ပါဝင်ရန် မျှော်လင့်ထားကြောင်း ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းက ထုတ်ဖော်ပြောကြားလိုက်သည်။ ဘင်ဇီမာနှင့် ဗယ်လ်ဘူနာတို့နှစ်ဦးစလုံးသည် လိင်ကိစ္စဗီဒီယိုမှတ်တမ်းဖိုင် ခြိမ်းခြောက်မှုကိစ္စပေါ် ပေါက်လာပြီးနောက်ပိုင်း ပြင်သစ်အသင်းတွင်ရွေးချယ်ခြင်းမခံရတော့ပေ။ ဘင်ဇီမာသည် ဗယ်လ်ဘူနာ၏ လိင်မှုဗီဒီယိုမှတ်တမ်းဖိုင် ငွေညှစ်ခြိမ်းခြောက်မှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟူသော စွပ်စွဲချက်ကြောင့် ပြီးခဲ့သည့်နိုဝင်ဘာလအတွင်း ပြင်သစ်ရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်းခံခဲ့ရသည်။

ပြင်သစ်လက်ရွေးစင်အသင်း တာဝန်ရှိသူများက ဗယ်လ်ဘူနာနှင့် ပတ်သက်၍ ထူးထူးခြားခြား မှတ်ချက်မပေးခဲ့သော်လည်း ဘင်ဇီမာကဲ့သို့ပုဂ္ဂိုလ်မျိုးအတွက် လက်ရွေးစင်အသင်းတွင်နေရာရှိမည်မဟုတ်ကြောင်း အတိအလင်းပြောကြားထားပြီးဖြစ်သည်။ ဂရစ်ဇ်မန်းက ဘင်ဇီမာနှင့် ဗယ်လ်ဘူနာတို့နှစ်ဦးစလုံးသည် ပြင်သစ်လက်ရွေးစင်အသင်းအတွက် အရေးကြီးသူများဖြစ်သောကြောင့် ယူရိုပြိုင်ပွဲစတင်ချိန်တွင် လက်ရွေးစင်အသင်း၌ ပြန်လည်ရွေးချယ်ခံရရန် မျှော်လင့်ထားကြောင်း၊ သို့သော် သူတို့နှစ်ဦးစလုံးမပါဝင်နိုင်လျှင်လည်း ပြင်သစ်လက်ရွေးစင်အသင်းအတွက်အခြားရွေးချယ်စရာ ကစားသမားမြောက်မြားစွာရှိထားကြောင်း ဆိုလိုက်သည်။



"ယူရိုပြိုင်ပွဲမှာ ဘင်ဇီမာရော ဗယ်လ်ဘူနာရော နှစ်ယောက်စလုံး လက်ရွေးစင်အသင်းနဲ့အတူ ပါဝင်နိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ ဒါပေမယ့် သူတို့မပါလည်းဘဲ လက်ကာဇက်တီ၊ ဂီရော့ဒ်၊ ကီဗင်ဂန်မီရိုတို့ကလည်း အသင်းအတွက် အရေးပါသူတွေ ဖြစ်တာကြောင့် ပြင်သစ်အသင်းအတွက် ရွေးချယ်စရာတွေ အများကြီးရှိမယ်လို့ မျှော်လင့်ထားပါတယ်"ဟု ဂရစ်ဇ်မန်းက Telefoot သို့ ပြောကြားခဲ့သည်။ **(မေလဲ့သင်း)**

ရှုံးပွဲမရှိစံချိန်တွေနဲ့အတူ ဒဗလျူဘီစီဝယ်တာဝိတ်ချန်ပီယံဖြစ်လာတဲ့ ဒန်နီဂါစီယာ

အမေရိကန်ရဲ့ ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားနှစ်ဦးဖြစ်တဲ့ ဒန်နီဂါစီယာနဲ့ ရောဘတ်ဂွါရီရိုတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြတဲ့ ဒဗလျူဘီစီ ဝယ်တာဝိတ်ချန်ပီယံလုပွဲတွင် ဗိုင်သုံးဦးရဲ့ အမှတ်ပေးဆုံးဖြတ်ချက်အရ ဒန်နီဂါစီယာ အနိုင်ရရှိကာ ဒဗလျူဘီစီဝယ်တာဝိတ် ချန်ပီယံဆုကို ထပ်မံဆွတ်ခူးနိုင်ခဲ့ပါပြီ။

ဝယ်တာဝိတ်တန်းပြိုင်ပွဲမှာ နာမည်ကြီးလက်ဝှေ့ကျော်ဖြစ်တဲ့ ဒန်နီဂါစီယာဟာ သူ့ရဲ့ ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၁၇ ရက်မှာ စတင်ခဲ့တာဖြစ်ပြီး လက်ဝှေ့သမားဘဝတစ်လျှောက် ဖြတ်သန်းမှုကို ကြည့်မယ်ဆိုပါက ၃၂ ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့ရာမှာ ၃၂ ပွဲလုံးနိုင်ပွဲရခဲ့တဲ့အပြင် ၁၈ ပွဲဟာ အလဲထိုးနိုင်ပွဲရရှိထားခဲ့သူလည်းဖြစ်ပါတယ်။

ဒန်နီဂါစီယာဟာ အသက်အားဖြင့် (၂၇)နှစ်အရွယ်သာရှိသေးပေမယ့် သူ့ထက်အသက်အားဖြင့်ရော အတွေ့အကြုံမှာပါ ဝါရင့်တဲ့ အသက်(၃၂)နှစ်အရွယ် ရောဘတ်ဂွါရီရိုကို ဗိုင်သုံးဦးရဲ့ပေးမှတ်ဖြစ်တဲ့ ၁၁۶-၁၁၂ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ပြိုင်ဘက်လက်ဝှေ့ကျော် ရောဘတ်ဂွါရီရိုဟာ သူ့ရဲ့လက်ဝှေ့သမားဘဝတစ်လျှောက် ဖြတ်သန်းမှုမှာ ၃၉ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာမှာ ၃၃ ပွဲအနိုင်ရခဲ့ပြီး ၁၈ ပွဲဟာ အလဲထိုးနိုင်ပွဲရခဲ့တာပါ။ လေးပွဲကတော့ ရှုံးပွဲကြုံခဲ့ရပါတယ်။

အမေရိကန်ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားနှစ်ဦးဖြစ်တဲ့ ဒန်နီဂါစီယာနဲ့ ရောဘတ်ဂွါရီရိုတို့ ဇန်နဝါရီ ၂၄ ရက်က ထိုးသတ်ခဲ့တဲ့ ဝယ်တာဝိတ်ချန်ပီယံလုပွဲမှာ ဝယ်တာဝိတ်ချန်ပီယံဟောင်းဖြစ်တဲ့ အမေရိကန်လက်ဝှေ့ကျော် မေဝယ်သာလည်း လာရောက်ကြည့်ရှုခဲ့ပါတယ်။

အခုဝယ်တာဝိတ်ချန်ပီယံလုပွဲမှာ အနိုင်ရရှိခဲ့တဲ့ ဒန်နီဂါစီယာကတော့ ပြိတိန်ပရော်ဖက်ရှင်နယ် လက်ဝှေ့ကျော် အေမာခန်နှင့် လော့အိန်ဂျယ်လိစ်မြို့မှာ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်သွားရန် ရှိနေပါတယ်။ ဒန်နီဂါစီယာနဲ့ အေမာခန်တို့ဟာ ၂၀၁၂ ခုနှစ် ဇူလိုင် ၁၄ ရက်တုန်းက လတ်ဗီးဂတ်စ်မှာ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ ဒဗလျူဘီစီလိုက် ဝယ်တာဝိတ်ပြိုင်ပွဲမှာတော့ ဒန်နီဂါစီယာက အနိုင်ရရှိခဲ့ပါတယ်။ အဲဒါကြောင့် ဒန်နီဂါစီယာနဲ့ အေမာခန်တို့ ထိပ်တိုက်တွေ့ဆုံမယ့်ပွဲဟာ အေမာခန်အတွက် မကျေပွဲဖြစ်နေတာမို့ အေမာခန်အနေနဲ့ ဒီနီဂါစီယာကို ၂၀၁၂ ရှုံးကြွေးပြန်ဆပ်နိုင်မလား ဒါမှမဟုတ် ဒန်နီဂါစီယာအတွက် အေမာခန်ကို နှစ်ပွဲဆက်နိုင်ပွဲရယူသွားမယ့်ပွဲစဉ်ဖြစ်လာလေမလားဆိုတာကတော့ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရဦးမှာပါ။

(ငွေကြယ်)

ဘင်နီတက်ဇ်က အစကတည်းက စတုတ္ထဦးစားပေးပါ

ရီးယဲလ်မက်ဒရစ် ဥက္ကဋ္ဌဟောင်း ကယ်လ်ဒါရွန်က ရီးယဲလ်မှ နည်းပြသက်တမ်း ထုတ်ပယ်ခံခဲ့ရသူ ဘင်နီတက်ဇ်မှာ အစကတည်းကပင် ရီးယဲလ်၏ စတုတ္ထဦးစားပေးအဆင့်သာဖြစ်ကြောင်း ပြောကြားလိုက်သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ကနဦးကမ်းလှမ်းမှုအဖြစ် မော်ရင်ဟိုကို ကမ်းလှမ်းခဲ့ပြီးနောက် ဂျာဂမနီနည်းပြ ဂျိုအာချင်လို၊ ဂျာဂန်ကလော့တို့အား ခေါ်ယူရန် ထပ်မံကြိုးပမ်းခဲ့သော်လည်း အဆိုပါနည်းပြများက ငြင်းပယ်ခဲ့ခြင်းကြောင့်သာ ဘင်နီတက်ဇ်ကို ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဆက်လက်၍ ရီးယဲလ်အသင်းအနေဖြင့် ဘင်နီတက်ဇ်အား ထုတ်ပယ်ကာ ဇီဒန်းအား အစားထိုးခန့်အပ်တာဝန်ပေးခဲ့ခြင်းက ပိုမိုကောင်းမွန်သော ဆုံးဖြတ်ချက်ဖြစ်ကြောင်း၊ ဇီဒန်းမှာ နည်းပြအတွေ့အကြုံမရှိသော်လည်း သူ၏ပြီးပြည့်စုံသည့် ကစားသမားဘဝ အောင်မြင်မှုက လက်ရှိရီးယဲလ်ကြယ်ပွင့်ကစားသမားများနှင့် မည်သို့ဆက်သွယ်ဆောင်ရွက်ရမည်ကို သိရှိစေနိုင်ကြောင်း၊ အဝတ်လဲခန်းတွင် ဇီဒန်းအား ကစားသမားများကလည်း လေးစားမှုအပြည့်ရှိကြောင်း၊ ထို့ကြောင့် ပီရက်ဇ်၏ ဆုံးဖြတ်ချက်မှာ လျော်ကန်သင့်မြတ်ကြောင်းလည်း ကယ်လ်ဒါရွန်က ထောက်ခံစကားဆိုလိုက်သည်။ **(မေလဲ့သင်း)**

အာဆင်နယ်မှ အဇားစာချုပ်ဖြင့်သာ ထွက်ခွာချင်သည့် ဒီဘူချီ

ပြင်သစ် ညာနောက်ခံလူ ဒီဘူချီမှာ အာဆင်နယ်တွင် နေရာပျောက်နေသော်လည်း ကလပ်အသင်းမှ အပြီးသတ်ထွက်ခွာရန်ဆန္ဒမရှိဘဲ ၎င်းအား အခြားအသင်းသစ်တစ်ခုသို့ အငှားဖြင့်သာ ယာယီပြောင်းရွှေ့ပေးရန် အာဆင်နယ်တာဝန်ရှိသူများအားတောင်းဆိုခဲ့ကြောင်း သိရသည်။ ဒီဘူချီမှာ ယခုတစ်ပတ်အတွင်းမှာပင် အက်စတွန်ဗီလာအသင်းသို့ အငှားဖြင့် ပြောင်းရွှေ့တော့မည်ဖြစ်ကြောင်း ပြင်သစ်မှလာသော သတင်းရင်းမြစ်များက ဖော်ပြသည်။

ဘယ်လာရင်၏ ခြေစွမ်းပြသနိုင်မှုကြောင့် ဒီဘူချီမှာ အာဆင်နယ်တွင် နေရာပျောက်နေရာ ယူရို-၂၀၁۶ ပြင်သစ်အသင်းနှင့်အတူ ပါဝင်ခွင့်အတွက် တစ်ခုတည်းသော ရွေးချယ်မှုမှာ အမ်မရိတ်စ်မှ ထွက်ခွာရေးပင်ဖြစ်သည်။ ၎င်းအား ဝက်စ်ဘရွန်းနှင့် ဗီလာအသင်းတို့မှ တစ်ပြိုင်နက်တည်း ကမ်းလှမ်းခဲ့သော်လည်း ကစားသမားကိုယ်တိုင်က ပြင်သစ်လူမျိုးနည်းပြ ဂရာဒီကိုင်တွယ်နေသည့် ဗီလာသို့သာပြောင်းရွှေ့ရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ **(မေလဲ့သင်း)**

အာဆင်နယ်နှင့်ချုပ်ဆိုခဲ့သော စာချုပ်အရ အိုဇေးလ် ရီးယဲလ်သို့ ပြန်လည်ရောက်ရှိနိုင်သည်

အာဆင်နယ်နှင့် အိုဇေးလ်တို့ ချုပ်ဆိုခဲ့သောစာချုပ်အား Football Leaks က ထုတ်ဖော်ပြသပြီးနောက် ၎င်းအား ရီးယဲလ်ဘက်မှ အလိုရှိလျှင် ဦးစားပေးအနေဖြင့် ပြန်လည်ရောင်းချပေးရမည်ဆိုသည့်အချက် ပါထည့်သွင်းချုပ်ဆိုထားသည်ကို တွေ့ရှိရမည်ဖြစ်သည်။ အိုဇေးလ်မှာ အာဆင်နယ်သို့ ၂၀၁၃ ခုနှစ် နွေဈေးကွက်တွင် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အာဆင်နယ်၏ အဝယ်စာချုပ်တွင် အိုဇေးလ်အား ရီးယဲလ်မှ အလွယ်တကူ ပြန်လည်ခေါ်ယူခွင့်ရရှိမည့်အချက်များကို ထည့်သွင်းထားခဲ့သည်။

Football Leaks ဆိုသည်မှာ ဘောလုံးလောက လျှို့ဝှက်ချက်များကို ဖော်ထုတ်ပေးနေသည့် အွန်လိုင်းမီဒီယာတစ်ခုဖြစ်ပြီး မကြာသေးမီကပင် မာရှယ်လ်၊ ဂါရတ်ဘေးလ်တို့အပြင် အခြားသော နာမည်ကျော် ကစားသမားအပြောင်းအရွှေ့စာချုပ်များကို ချပြခဲ့သေးသည်။ ယင်းသို့ လျှို့ဝှက်ချက်များ ပေါက်ကြားနေခြင်းမှာ ဒိုရန်းအားကစားအေဂျင်စီမှ ပေါက်ကြားသော အချက်အလက်များကြောင့်ဖြစ်သည်ဟု ပေါ်တူဂီအာဏာပိုင်များက စွပ်စွဲခဲ့သော်လည်း Football Leaks ဘက်ကမူ ယင်းစွပ်စွဲချက်များမှာ မှန်ကန်မှုမရှိကြောင်း ငြင်းဆန်ပယ်ချခဲ့သည်။ စာချုပ်ပါ အချက်အလက်များအရ အာဆင်နယ်အသင်းသည် အိုဇေးလ်အတွက် တရားဝင်ထုတ်ပြန်ခဲ့သော ပြောင်းရွှေ့ကြေးပေါင် ၄၂ ဒသမ ၅ သန်းထက်လျှော့နည်း၍ ပေါင် ၃۶ သန်းသာ ပေးချေခဲ့ရပြီး ယင်းပမာဏအား နှစ်နှစ်အတွင်း သုံးကြိမ်ခွဲကာ အရစ်ကျပေးချေခဲ့ရကြောင်းလည်း သိရသည်။

အရေးကြီးသည့် အချက်အလက်တစ်ခုမှာ အိုဇေးလ်အား စပိန်ကလပ်အသင်းတစ်ခုခုမှ ကမ်းလှမ်းမှုပြုခဲ့လျှင် အာဆင်နယ်အသင်းက ရီးယဲလ်မက်ဒရစ်သို့ အကြောင်းကြားရမည်ဖြစ်ကာ အကယ်၍ ရီးယဲလ်မှ ၄၈ နာရီအတွင်း ကမ်းလှမ်းမှုပြုလျှင် ရီးယဲလ်သို့သာ ဦးစားပေးအနေဖြင့် ပြန်လည်ရောင်းချရမည်ဖြစ်သည်။ ထို့ပြင် အာဆင်နယ်သည် အိုဇေးလ်အား စပိန်ကလပ်တစ်ခုခုသို့ ယူရိုသန်း၅၀ (ပေါင် ၃၈ သန်း)အထက်ဖြင့် ပြန်လည်ရောင်းချခဲ့လျှင် ရီးယဲလ်က ယင်းငွေကြေးပမာဏ၏ ၃၃ ရာခိုင်နှုန်းအကျိုးခံစားခွင့်ရမည်ဖြစ်ကာ ၎င်းကစားသမားအား အခြားလာလီဂါပြိုင်ဘက်အသင်းတစ်သင်းဆီသို့ ရောင်းချမှုကိုပါ တားမြစ်ခွင့်ရှိသည့် အချက်အလက်တစ်ချက်ကိုပါ ထည့်သွင်းချုပ်ဆိုထားကြောင်း သိရသည်။

(မေလဲ့သင်း)

ဘားအံတွင် စိတ်ကြွဆေးပြားများနှင့် လက်ပစ်ပုံးတစ်လုံး သိမ်းဆည်းရမိ

ဘားအံ ဇန်နဝါရီ ၂၆

ကရင်ပြည်နယ် ဘားအံမြို့နယ် သာမည်ကျေးရွာအုပ်စု သာမည်ကျေးရွာ လွမ်းမြတောင်ရပ်ကွက်ရှိ နေအိမ်တစ်အိမ်၌ လက်နက်ကိုင်ဆောင်ပြီး မူးယစ်ဆေးဝါးများရောင်းချနေကြောင်း သတင်းအရ ကရင်ပြည်နယ်ရဲတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့ဖြင့် ဇန်နဝါရီ ၂၅ ရက်နံနက်က ဝင်ရောက်ရှာဖွေဖမ်းဆီးရာ လက်ပစ်ပုံးတစ်လုံးနှင့် မူးယစ်ဆေးဝါးများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ယင်းနေ့ နံနက် ၅နာရီ ၄၅မိနစ်ခန့်က အဆိုပါနေအိမ်သို့ ရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ မြင့်ဦးမှာ တိမ်းရှောင်သွားခဲ့ပြီး ဘားအံမြို့ လွမ်းမြတောင်ရပ်ကွက်နေ မင်းမင်းထက်၊ အမှတ်(၅)ရပ်ကွက်နေ လွင်နိုင်ဦး(ခ)ရန်နိုင်၊ ဘားအံမြို့ သာမည်ကျေးရွာနေသူများဖြစ်သည့် ခွန်ဆန်းမြင့်အောင်၊ စောအဲခေါင်(ခ)အဲခေါင်၊ ကျော်ရဲအောင် (ခ)ကျော်ရဲတို့ ငါးဦးအားတွေ့ရှိခဲ့သည်။

ထပ်မံရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀ နှင့် မူးယစ်ဆေးသုံးစွဲရာတွင်သုံးသည့် ဆက်စပ်ပစ္စည်းများ၊ ၁၀၀၀ ကျပ်တန်ငွေစက္ကူ ၁၄ ရွက်၊ စောအဲခေါင်စီးလာသည့် Dream ဆိုင်ကယ်တစ်စီး၊ မြင့်ဦးနေအိမ်ရှေ့တွင်ရပ်ထားသော 5D/----- CLIMBER 4WD မော်တော်ယာဉ်တစ်စီး၊ ယင်းယာဉ်ရှေ့ခန်းမှ ဖျူးတပ်ဆင်ထားသော (၉၁)လက်ပစ်ပုံး တစ်လုံး၊

လွင်နိုင်ဦး စီးလာသည့်လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးတို့အား တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းတို့အား အိန္ဒြိယမြေရဲစခန်းက အရေးယူထားပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

ချစ်သူချင်းချိန်းတွေ့စဉ် အမျိုးသားက အမျိုးသမီးမျက်နှာအား ထားဖြင့်ထိုးခြစ်မှုဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၆

ဇန်နဝါရီ ၂၅ ရက် နံနက် ၄ နာရီခန့်က အလုံမြို့နယ် ၄ဘနာရပ်ကွက် လိုတရစားသောက်ဆိုင်တွင် သမီးရည်းစားချိန်းတွေ့ရာမှ စကားများကြပြီး အမျိုးသားက အမျိုးသမီးအား စက္ကူဖြတ်သည့် ခလုတ်ဓားဖြင့် မျက်နှာအား ထိုးခြစ်မှုဖြစ်ခဲ့သည်။

အလုံမြို့နယ် ၄ဘနာရပ်ကွက် အလုံလမ်းရှိ လိုတရစားသောက်ဆိုင်တွင် အလုပ်လုပ်နေသော မ---(၂၄)နှစ်သည် အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက်နှင်းဆီကုန်းလမ်း အမှတ်(၇၁/မြေညီ)တွင် နေထိုင်သူ ကျော်ဇင်ဦး(၂၈)နှစ်နှင့် သမီးရည်းစားချိန်းတွေ့စဉ် ဖြစ်ခဲ့သော မှုခင်းဖြစ်သည်။

မ---မှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ်(မစိုးရိမ်ရ)ဆေးကုသခံနေရသည်။ အခင်းဖြစ်ပွားမှုအား မ---၏ မိခင်(လှိုင်သာယာနေထိုင်သူ)မှ သိရှိပြီး တိုင်ကြားခဲ့ရာ အလုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူလျက်ရှိကြောင်း သိရသည်။ **တင်မောင်ဦး(အလုံ)**

မောင်းနှင်နေသောယာဉ်အား ခဲဖြင့်ပစ်ပေါက်မှု ရန်ကုန်-မန္တလေးအမြန်လမ်း၌ ဖြစ်ပွား

နေပြည်တော် ဇန်နဝါရီ ၂၆

အမြန်လမ်းမကြီးရဲတပ်ဖွဲ့ သီးကုန်းအမြန်လမ်းမကြီးရဲစခန်းသို့ ဇန်နဝါရီ ၂၃ ရက် ညနေ ၆ နာရီ ၃၅ မိနစ်ခန့်က ပုဂံမြို့နေ ဦးဇော်ဆန်း(၄၇)နှစ်ရောက်ရှိလာပြီး ၎င်းသည် ညနေ ၆ နာရီ ၁၅ မိနစ်က FF/------ Toyota Crown ယာဉ်ဖြင့် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ်(၂၇၆)နှင့် (၂၇၇)ကြားအရောက် လမ်းမကြီး၏အရှေ့ဘက်ခြမ်းမှ လေးခွဖြင့်ပစ်ခတ်၍ ယာဉ်၏ရှေ့ယာဘက်ထိပ်ရှိ ဘော်ဒီအားထိမှန်ကာ အနည်းငယ်ပိန်ချိုင့် ပျက်စီးခဲ့ကြောင်း အကြောင်းကြားခဲ့သည်။

သီးကုန်းအမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ယာဉ်ကိုခဲဖြင့်ပေါက်သူအား ဖမ်းဆီးရမိရေးအတွက် အဖွဲ့ဝင်များခွဲ၍ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းပြီး အမြန်လမ်းမကြီးတစ်လျှောက် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဇန်နဝါရီ ၂၄ရက် မွန်းတည့် ၁၂ နာရီခန့်က မိုင်တိုင်အမှတ်(၂၇၈/၇)အနီး၌ လမ်းမကြီး၏ အရှေ့ဘက်မှ လူတစ်ဦးက ယာဉ်များအား ခဲဖြင့်ပစ်ပေါက်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ မိတ္ထီလာမြို့နယ် အလယ်ရွာကျေးရွာနေ စိတ်ကျန်းမာရေးမကောင်းသူ ဦးသန်းဆင့်(၅၉)နှစ်အား ၎င်း၏လက်ထဲ၌ ခဲများနှင့်အတူ တွေ့ရှိရသဖြင့် ရဲစခန်းသို့ ခေါ်ယူထိန်းသိမ်းစောင့်ရှောက်ထားခဲ့ပြီး ၎င်း၏မိသားစုဝင်များထံ ပြန်လည်အပ်နှံပေးခဲ့သည်။

အမြန်လမ်းမကြီး ရဲတပ်ဖွဲ့အနေဖြင့် အမြန်လမ်းမကြီးပေါ် သွားလာနေကြသည့် ခရီးသွားပြည်သူများ၏ လုံခြုံရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပြီး အမြန်လမ်းမီးသတ်တပ်ဖွဲ့ဝင်များ၊ အနီးဝန်းကျင်ရှိ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်ပူးပေါင်းကာ အမြန်လမ်းမကြီးတစ်လျှောက် လှည့်ကင်း၊ရပ်ကင်း၊ဝပ်ကင်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ရဲပြန်ကြား)

ခိုးမှုဖြင့် ဖမ်းဆီးထားသူများအား စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုများ ထပ်မံဖော်ထုတ်နိုင်

နေပြည်တော် ဇန်နဝါရီ ၂၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရမည်းသင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ၎င်းရဲစခန်း ပြစ်မှုပုဒ်မ ၃၇၉/ကျင့် ၅၄ အမှုမှ တပ်ကုန်းမြို့နယ် ဖုန်းစိုးကြီးရွာနေ စိုးနိုင်(၄၆)နှစ်၊ တစ်ရွာတည်းနေ သက်နိုင်ဦး(၂၀)နှစ်၊ တရုတ်ကြီး(၁၈)နှစ်တို့ သုံးဦးအား ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ၎င်းတို့သုံးဦးသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ရမည်းသင်းမြို့ ရွှေမြင်တင်ဘုရားမြောက်ဘက်တောင်ခြေအနီးတွင် ရပ်ထားသော Yin Xing-110 ဆိုင်ကယ်တစ်စီးနှင့် Super Reebo-125 ဆိုင်ကယ်တစ်စီး၊ ရမည်းသင်းမြို့ လက်ဆည်ကန်ရပ် နွားပွဲစျေးအနီးရှိ လမ်းဘေးတွင်ရပ်ထားသော Luojia-110 ဆိုင်ကယ်တစ်စီးတို့ကို ခိုးယူခဲ့ကြောင်း စစ်ဆေးသိရှိရ၍ သက်သေခံဆိုင်ကယ်များအား သိမ်းဆည်းပြီး စိုးနိုင်ပါ သုံးဦးအား ရမည်းသင်းမြို့မရဲစခန်းက အသီးသီးထပ်မံအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

ကျသင့် ကုန်သွယ်လုပ်ငန်းခွန်များကို လစဉ်ပေးသွင်းကြပါရန်နှင့် သုံးလတစ်ကြိမ်ပေးပို့ရမည့်ကြေညာလွှာများမပျက်မကွက်ပေးပို့ပါရန် အခွန်ထမ်းပြည်သူများသို့ အသိပေးနှိုးဆော်ခြင်း

* ကုန်သွယ်လုပ်ငန်းခွန်သည် သွယ်ဝိုက်ခွန်အမျိုးအစားဖြစ်ပါသဖြင့် ကုန်စည်ရောင်းချသူ/ဝန်ဆောင်မှုဆောင်ရွက်ပေးသူများက ကုန်စည်ဝယ်ယူသူ/ ဝန်ဆောင်မှုရယူသူထံမှ မိမိတို့၏ ရောင်းရငွေ/ဝန်ဆောင်ခ ရငွေနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို တစ်ပါတည်း ကောက်ခံထားသည့် အခွန်ငွေဖြစ်ပါသည်။
* ကုန်သွယ်လုပ်ငန်းခွန်သည် လုပ်ငန်းရှင်က ထမ်းဆောင်ရသည့် အခွန်မဟုတ်ဘဲ ကုန်စည်ကို ဝယ်ယူသူ/ဝန်ဆောင်မှုကို ရယူသူ အများပြည်သူတို့က နိုင်ငံတော်သို့ ထည့်ဝင်ကြသည့် အခွန်ငွေများသာ ဖြစ်ပါသည်။
* ကုန်စည်ရောင်းချသူ/ဝန်ဆောင်မှု ဆောင်ရွက်ပေးသူသည် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်ကို ကောက်ခံပေးရန် တာဝန်ရှိသကဲ့သို့ ကောက်ခံရရှိထားသည့် ကုန်သွယ်လုပ်ငန်းခွန်များကို သက်ဆိုင်ရာလက္ခန်းဆုံးပြီး ၁၀ ရက်အတွင်း သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံး၏ ဘဏ်စာရင်းသို့ ပြန်လည်ပေးသွင်းပေးရန် လိုအပ်ပါသည်။
* အခွန်ထမ်းများအနေဖြင့် ကောက်ခံရရှိထားသည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်များကို လစဉ်ပေးသွင်းကြရန် လိုအပ်သကဲ့သို့ ရောင်းရငွေ/ ဝန်ဆောင်မှုရငွေရရှိထားမှု ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ထားမှုတို့ကို ဖော်ပြထားသည့် သုံးလတစ်ကြိမ် ကြေညာလွှာများကို သုံးလပတ်ကုန်ဆုံးပြီး တစ်လအတွင်း အချိန်မီပေးပို့ကြရန်လည်း လိုအပ်ပါသည်။
* အိမ်နီးချင်းနိုင်ငံများတွင် ကျင့်သုံးသည့်တန်ဖိုးဖြည့် အခွန်စနစ်အရ အခွန်ပေးဆောင်ရန်နှင့် ကြေညာလွှာ တင်သွင်းရန် အောက်ပါအတိုင်း သတ်မှတ်ထားပါကြောင်း ဖော်ပြအပ်ပါသည်-

နိုင်ငံအမည်	အခွန်ပေးသွင်းရမှု	ကြေညာလွှာတင်သွင်းမှု
ကမ္ဘောဒီးယားနိုင်ငံ	လစဉ်လကုန်ဆုံးပြီး ၂၀ရက်	လစဉ်
အင်ဒိုနီးရှားနိုင်ငံ	ကြေညာလွှာမတင်သွင်းမီ	လစဉ်
လာအိုနိုင်ငံ	ကြေညာလွှာမတင်သွင်းမီ	လစဉ်
မလေးရှား	လစဉ်၊ တစ်ဆက်တည်း ဖြစ်သည့်လ မကုန်ဆုံးမီ	ရောင်းရငွေ ၅သန်းအောက် သုံးလတစ်ကြိမ်/၅သန်းအထက် လစဉ်
ဖိလစ်ပိုင်နိုင်ငံ	လစဉ်လကုန်ဆုံးပြီး ၂၀ရက်	သုံးလတစ်ကြိမ်
စင်ကာပူနိုင်ငံ	လစဉ်၊ တစ်ဆက်တည်း ဖြစ်သည့် လမကုန်ဆုံးမီ	သုံးလတစ်ကြိမ်/လစဉ် (GST Comptroller ဆုံးဖြတ်ချက်အရ)
ထိုင်းနိုင်ငံ	လစဉ် လကုန်ဆုံးပြီး ၁၅ရက်	လစဉ်
ဗီယက်နမ်နိုင်ငံ	လစဉ် လကုန်ဆုံးပြီး ၂၀ရက်	လစဉ်/သုံးလတစ်ကြိမ်

* ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို လစဉ်ပေးသွင်းရန် ပျက်ကွက်ပါကလည်းကောင်း၊ သုံးလပတ်ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ပါကလည်းကောင်း စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ဒဏ်ငွေကိုပေးဆောင်ရမည်ဖြစ်ပါသဖြင့် သတ်မှတ်ရက်များအတွင်း လစဉ် အခွန်ပေးသွင်းခြင်းနှင့် သုံးလပတ် ကြေညာလွှာ တင်သွင်းခြင်းများကို မပျက်မကွက် လိုက်နာဆောင်ရွက်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

မြည်တွင်းအခွန်များဦးစီးဌာန

သုံးလတစ်ကြိမ် ကြေတင်ဝင်ငွေခွန်ပေးသွင်းကြပါရန် အခွန်ထမ်း ပြည်သူများသို့ အသိပေးနှိုးဆော်ခြင်း

* အခွန်ဆိုင်ရာ ဥပဒေများတွင် အခွန်ထမ်းပြည်သူများက ရယူနိုင်သည့်အခွင့်အရေးများပါရှိသကဲ့သို့ လိုက်နာဆောင်ရွက်ရမည့် တာဝန်များကိုလည်း ထည့်သွင်းပြဋ္ဌာန်းထားပါသည်။
* တည်ဆဲ ဝင်ငွေခွန်ဥပဒေ ပုဒ်မ၁၅အရ အခွန်စည်းကြပ်ထိုက်သော ဝင်ငွေရရှိလျှင် ဝင်ငွေရရှိချိန်၌ ဝင်ငွေခွန်ပေးဆောင်ရန် တာဝန်ရှိစေရမည်ဟု အခွန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ကို ပြဋ္ဌာန်းထားပါသည်။
* ပေးဆောင်ရမည့်နည်းလမ်းအဖြစ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-က တွင် အခွန်ထမ်းသည် မိမိရရှိသည့် ဝင်ငွေအပေါ် ကျသင့်မည့်အခွန်ကို ခန့်မှန်းတွက်ချက်၍ တွက်ချက်ရရှိသည့် အခွန်ကို သုံးလတစ်ကြိမ်သက်ဆိုင်ရာ သုံးလပတ်မကုန်မီ သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံး၏ ဘဏ်စာရင်းသို့ ပေးသွင်းရမည်ဟု ပြဋ္ဌာန်းထားပါသည်။
* ကြေတင်ဝင်ငွေခွန်ကို သုံးလတစ်ကြိမ် ပေးသွင်းစေသည့် ပြဋ္ဌာန်းချက်သည် ဝင်ငွေခွန်ဥပဒေ၏ မူရင်းဥပဒေဖြစ်သည့် ရုပ်သိမ်းခဲ့ပြီးဖြစ်သော ၁၉၂၂ခုနှစ်၊ မြန်မာနိုင်ငံ အမြတ်ခွန်အက်ဥပဒေ (1922, The Burma Income Tax Act)၏ ပုဒ်မ ၁၈-က တွင်လည်း ပြဋ္ဌာန်းခဲ့ပါကြောင်းနှင့် အိမ်နီးချင်းနိုင်ငံများတွင်လည်း ဝင်ငွေခွန်ဥပဒေများအရ ဝင်ငွေခွန်စနစ်အတွင်း ကြေတင်ဝင်ငွေခွန် ပေးသွင်းရမည့်ကာလအဖြစ် အောက်ပါအတိုင်း သတ်မှတ်ထားပါကြောင်း ဖော်ပြအပ်ပါသည်။

နိုင်ငံအမည်	ကြေတင်ဝင်ငွေခွန်ပေးသွင်းရမည့် ကာလသတ်မှတ်ချက်
ကမ္ဘောဒီးယားနိုင်ငံ	လစဉ်
တရုတ်နိုင်ငံ	လစဉ်(သို့မဟုတ်)သုံးလတစ်ကြိမ်
အိန္ဒိယနိုင်ငံ	သုံးလတစ်ကြိမ်
အင်ဒိုနီးရှားနိုင်ငံ	လစဉ်
လာအိုနိုင်ငံ	သုံးလတစ်ကြိမ်
မလေးရှားနိုင်ငံ	လစဉ်
ဖိလစ်ပိုင်နိုင်ငံ	သုံးလတစ်ကြိမ်
စင်ကာပူနိုင်ငံ	လစဉ်
ထိုင်းနိုင်ငံ	ခြောက်လတစ်ကြိမ်
ဗီယက်နမ်နိုင်ငံ	သုံးလတစ်ကြိမ်

* ဝင်ငွေခွန်အတွင်း ကျသင့်သည့်အခွန်ကို အရစ်ကျပေးသွင်းရခြင်းကြောင့် အခွန်ထမ်းဆောင်ရသူ အခွန်ထမ်းအနေဖြင့် ကျသင့်အခွန်ကို အလီလီခွဲ၍ပေးသွင်းနိုင်ခြင်းကြောင့် တစ်လုံးတစ်ခဲတည်းဖြင့် အခွန်ပေးဆောင်ရသည့် ဝန်ထုပ်ဝန်ပိုးကို လျော့ကျစေသည့်အပြင် အခွန်ရငွေသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ဝင်ရောက်သည့်ရငွေဖြစ်ခြင်းကြောင့် နိုင်ငံတော်အတွင်း ငွေကြေးလည်ပတ်မှုကို မှန်ကန်စေသည့်အကျိုးရလဒ်များ ရရှိစေပါသည်။
* ဝင်ငွေခွန်နှစ်အတွင်း ကြေတင်ဝင်ငွေခွန်ပေးသွင်းရန် ပျက်ကွက်ခြင်း၊ ပေးသွင်းခဲ့သည့် အခွန်သည် စည်းကြပ်မှုအရ ကျသင့်အခွန်ထက် လျော့နည်းခြင်းတို့အတွက် ကြေတင်ပေးသွင်းရန် ပျက်ကွက်သည့်အခွန်ငွေ သို့မဟုတ်လျော့နည်းပေးသွင်းခဲ့သည့်အခွန်ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကာလများအတွင်း မိမိတို့ပေးဆောင်ရမည့် ကြေတင်ဝင်ငွေခွန်ကို မပျက်မကွက် (မပျက်မကွက်)ပေးသွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မြည်တွင်းအခွန်များဦးစီးဌာန

POST ဈေးထိုးကျောင်းဝင်ခွင့်သင်တန်း

PGDMA အမှတ်စဉ်(၁၇)မာလ်တီမီဒီယာ ဝင်ခွင့် **JO(4)** တရားရေးဝန်ထမ်း တန်းခွဲသစ်များစပြီ

ဘဏ္ဍာ(ပထမ)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ် ၀၉၄၂၀ ၁၂၉ ၇၇၇

(ရောင်း၊ ငှား၊ ဝယ်ယူ၊ ညှိနှိုင်းဈေး) မည်

၁။ လမ်း(၅၀)အနီး ကွန်ဒိုတိုက်ခန်း(၂၅ x ၆၀)နိုင်ငံတကာအဆင့်မီ (အသင့်နေ) Lift ပါ၊ (အလွန်တန်) ၂၃၀၀ သိန်း။ ၂။ ရွှေတိဂုံအနီး လင့်လမ်းအဆင့်မြင့် ကွန်ဒိုတိုက်ခန်း C/G+လုံခြုံရေး ၂၈၆သိန်း ၃။ တ/ဥက္ကလာစက်မှုရုံ(စ) ရပ်ကွက်(၁၀၀x၁၀၀)ပါပါမီတာအဆောက်အုံပါ ၃၃သိန်း ၄။ တိုက်ခန်းမျိုးစုံ၊ အဆင့်မြင့်ကွန်ဒိုခန်းများ၊ လုံးချင်းတိုက်သီးမျိုး ၄။ရန် ရှိသည်နှင့် (ဈေးပေး ပြည်ခန်း ၁၀၀ ၃သိန်း) ၅။ ဝိုလ်တဆောင်ဘုရားလမ်း (အထက်) တထပ်၊ (၂၅ x ၅၅) ၁၀၀-၅သိန်း ၆။ ရေကျော်လမ်း ရေနောက်ကြီး ပြေလီဝောင်းခန်း (၉ x ၁၀) ၁၀၀-၂.၅သိန်း ၇။ ကျွန်းကျင် (ယာဉ်ပေါင်း ပြီးစော) အိမ်ကျွဲရှိသည်။

09-43133981, 245585, 246663

YANGON YMCA

YANGON YMCA
MAHABANDOOLA STREET, YANGON.
294128 / 294109 / 203027, 201335, Fax - 095- 1- 296848
:- mail - yangonymca@mptmail.net.mm
Since 1884

အောက်ပါသင်တန်းများနှင့် ပြည်ပသို့ဆေးပညာကျောင်း ကျောင်းဝင်ခွင့်ကုန်ပါသည်။
(စည်းမျဉ်းစည်းကမ်းနှင့်ပါသည်။)

Supreme Broadway Institute ဘဏ္ဍာပညာသင်တန်း
သင်ရိုးအလယ်အလတ်ပြည့်ပြည့်နိုင်ရန် မူ သင်ကြားပါသည်။
တရုတ်စကားပြောသင်တန်း(ရေး၊ ဖတ်၊ ပြော)
စက်ရင်းပိတ်ဆေး(ဝါဝါစီ)ကျမ်း) မှ သင်ကြားပါသည်။
စနေထားသင်တန်း၊ အော်ဂင်သင်တန်း၊ ဂစ်တာသင်တန်း
အားကစားသင်တန်းများ
YOGA၊ ကာလစလ၊ ကရာတေ၊ အာကီဒို၊ ကွန်ဖူး၊ တိုက်ကွမ်ဒို၊ ကစ်ဘောက်ဆော၊ မတာကြိုးနန်း၊
ရန်ကုန်သင်တန်းများကို ၃-၃-၂၀၁၆ မှ ရန်ကုန်ခွင်ရှိ သုံးနေရာတွင် ကျင်းပပါသည်။
(အင်္ဂလိပ်စကားပြောသင်တန်း။ တရုတ်စကားပြောသင်တန်း။ ဝန်းချီသင်တန်း။ စနေထားအော်ဂင်သင်တန်း။ ဂစ်တာသင်တန်း။ အားကစားသင်တန်းများ)

ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆ ။)

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရာဇဝတ်ကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄ တွင် -

(က) ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ် (ဗ) ၌ ပါရှိသော "transportation or imprisonment for a term exceeding six months." ဆိုသည့် စကားရပ်ကို "transportation or imprisonment for life or imprisonment for a term of unlimited period or imprisonment for a term exceeding six months as provided in the relevant Law:" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဗ) ၏ နောက်၌ ပုဒ်မခွဲငယ် (ဘ)၊ (မ) နှင့် (ယ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(x) "transportation for life" means the imprisonment for a term of twenty years:

(y) "Court of Session" in this Code means a Court of the Self-Administered Division or a Court of the Self-Administered Zone or a District Court; and

(z) "Magistrate" means any judge who is empowered by the Code of Criminal Procedure to take evidence and pronounce a judgement in any criminal proceeding."

၃။ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"6. Besides the Supreme Court of the Union and Courts constituted under any law other than this Code for the time being in force, there shall be three classes of criminal Courts in the Republic of the Union of Myanmar, namely:---

I. --- High Courts of the Region or High Courts of the State:

II. --- Courts of the Self-Administered Division or Courts of the Self-Administered Zone or District Courts:

III. --- Township Courts."

၄။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၂၈ ၏ ဥပမာမှအပ ယင်းပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"28. Subject to the other provisions of this Code, any offence under the Penal Code may be tried -

(a) by the Supreme Court of the Union, or

(b) by a High Court of the Region or a High Court of the State, or

(c) by a Court of the Self-Administered Division or a Court of the Self-Administered Zone or a District Court, or

(d) by any other Court by which such offence is shown in the eighth column of the second schedule to be triable."

၅။ ရာဇဝတ်ကျင့်ထုံးဥပဒေတွင် -

(က) ပုဒ်မ ၂၉၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၉၉-ခ၊ ၉၉-ဂ၊ ပုဒ်မ ၁၀၆၊ ပုဒ်မခွဲ (၁) နှင့် (၃)၊ ပုဒ်မ ၁၇၈၊ ပုဒ်မ ၁၈၅၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၁၈၆၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၂၂၇၊ ပုဒ်မခွဲ (၁) ၊ ပုဒ်မ ၃၃၉၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၃၃၉-က၊ ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ်(က)၊ ပုဒ်မ ၃၄၁၊ ပုဒ်မ ၃၄၂၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဂ)၊ ပုဒ်မ ၃၄၄၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၄၇၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၃၄၈ ၊ ပုဒ်မ ၃၆၄၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၁၀၊ ပုဒ်မ ၄၆၅၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၆၉၊ ပုဒ်မ ၄၇၆၊ ပုဒ်မခွဲ (၁) ခြွင်းချက်၊ ပုဒ်မ ၄၇၈၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၇၉၊ ၄၈၅၊ ၄၈၇၊ ပုဒ်မ ၄၉၁၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၅၂၇၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၃၂၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၃၉-က၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၄၆-က၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၆၂၊ ပုဒ်မ ၅၆၅၊ ပုဒ်မခွဲ (၁)နှင့်(၄) တို့၌ ပါရှိသော "the High Court" ဆိုသည့် စကားရပ်နှင့် "High Court" ဆိုသည့် စကားရပ်တို့ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

(ခ) ပုဒ်မ ၉၅၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၃၅၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ)၊ ပုဒ်မ ၄၂၅၊ ပုဒ်မ ၄၂၆၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၄၂၇၊ ပုဒ်မ ၄၂၈၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၄၃၄၊ ပုဒ်မခွဲ (၁) နှင့် (၂)၊ ပုဒ်မ ၄၃၅၊ ပုဒ်မ ၄၃၆၊ ပုဒ်မ ၄၃၇၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၂၆၊ ပုဒ်မ ၅၂၈၊ ပုဒ်မခွဲ (၁)၊ (၂)၊ (၃) နှင့် (၆-က)၊ ပုဒ်မ ၅၆၁-က တို့၌ ပါရှိသော "the High Court"ဆိုသည့် စကားရပ်ကို "the Supreme Court of the Union or a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဂ) ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၉၉-စ၊ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၃၇၄၊ ပုဒ်မ ၃၇၅၊ ပုဒ်မခွဲ (၁)၊ (၂) နှင့် (၃)၊ ပုဒ်မ ၃၇၆၊ ၃၇၇၊ ၃၇၉၊ ၃၈၁၊ ၃၈၂၊ ပုဒ်မ ၄၂၄၊ ပုဒ်မ ၄၉၁၊ ပုဒ်မခွဲ (၂) နှင့် ပုဒ်မ ၅၅၈ တို့၌ပါရှိသော "High Court" ဆိုသည့်စကားရပ်ကို "Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဃ) ပုဒ်မ ၃၃၉၊ ပုဒ်မခွဲ (၃) ၏ နောက်တွင် အောက်ပါခြွင်းချက်ကို ဖြည့်စွက်ရမည် -

"Provided that, this sub-section shall not apply to such deposition made before the Supreme Court of the Union, or a High Court of the Region or a High Court of the State."

၆။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၁ တွင်-

(က) ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(1) The Supreme Court of the Union may pass any sentence authorized by law."

(ခ) ပုဒ်မခွဲ(၂) ၌ ပါရှိသော"A Sessions Judge or Additional Sessions Judge" ဆိုသည့်စကားရပ်ကို "a High Court of the Region or a High Court of the State or a District Court" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "such Judge" ဆိုသည့် စကားရပ်ကို "such Court" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "the High Court" ဆိုသည့် စကားရပ်ကို"the Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (၃) ကို ပယ်ဖျက်ရမည်။

၇။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၂ တွင် -

(က) ပုဒ်မခွဲ (၁) ခြေဆင်းခ၌ပါရှိသော "Courts of Magistrates" ဆိုသည့် စကားရပ်ကို "Courts of Judges" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) ၌ ပါရှိသော "two years" ဆိုသည့် စကားရပ်ကို "three years" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "one thousand kyats"ဆိုသည့် စကားရပ်ကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) ၌ ပါရှိသော "Whipping" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ) ၌ ပါရှိသော "six months" ဆိုသည့် စကားရပ်ကို "one year" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "two hundred kyats" ဆိုသည့် စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

(င) ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ် (ဂ) ၌ပါရှိသော "one month" ဆိုသည့် စကားရပ်ကို "three months"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "fifty kyats" ဆိုသည့်စကားရပ်ကို "thirty thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၄ တွင် ပါရှိသော "transportation for a term exceeding seven years of imprisonment"ဆိုသည့် စကားရပ်ကို "imprisonment for a term of twenty years" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ရာဇဝတ်ကျင့်ထုံးဥပဒေတွင် -

(က) ပုဒ်မ ၂၆၀၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၃၈၃၊ ၃၉၆၊ ၃၉၇၊ ပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၄၀၂၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၄၂၆၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၅၁၂၊ ပုဒ်မခွဲ (၂) နှင့် ပုဒ်မ ၅၆၅၊ ပုဒ်မခွဲ(၁) တို့၌ ပါရှိသော "transportation" ဆိုသည့် စကားရပ်နှင့် ပုဒ်မ ၄၆၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၃၈၂ နှင့် ပုဒ်မ ၅၆၂၊ ပုဒ်မခွဲ (၁) တို့၌ပါရှိသော "transportation for life" ဆိုသည့် စကားရပ်တို့၏နောက်တွင် "or imprisonment for life or imprisonment for a term of unlimited period or imprisonment for a term of twenty years as provided in the relevant Law" ဆိုသည့် စကားရပ်ကို အသီးသီး ဖြည့်စွက်ရမည်။

(ခ) ပုဒ်မ ၄၉၇၊ ပုဒ်မခွဲ (၁) ၌ပါရှိသော "with transportation for life" ဆိုသည့် စကားရပ်၏နောက်တွင် "or with imprisonment for life or with imprisonment for a term of unlimited period or with imprisonment for a term of twenty years as provided in the relevant Law:" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၀။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၂၃၊ ပုဒ်မခွဲ (၂)၊ (၃-က) နှင့် (၃-ခ)၊ ပုဒ်မ ၃၅၉၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၆၀၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၆၃၊ ပုဒ်မ ၃၇၃၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၄၀၆ တတိယအပိုဒ်၊ ပုဒ်မ ၄၁၀ နှင့် ပုဒ်မ ၅၅၉၊ ပုဒ်မခွဲ (၃) တို့တွင် ပါရှိသော "Sessions Judge" ဆိုသည့် စကားရပ်ကို "District Judge " ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၁။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၂၃၊ ပုဒ်မခွဲ (၃-ခ) တွင်ပါရှိသော "Additional Sessions Judge" ဆိုသည့်စကားရပ်ကို "Additional District Judge"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "Assistant Sessions Judge" ဆိုသည့်စကားရပ်ကို "Deputy District Judge" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၄၁၀ ၌ ပါရှိသော "Additional Sessions Judge" ဆိုသည့် စကားရပ်ကို "Additional District Judge or Deputy District Judge" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၅၅၉၊ ပုဒ်မခွဲ (၃) ၌ပါရှိသော "Additional or Assistant Sessions Judge" ဆိုသည့် စကားရပ်ကို "Additional District Judge or Deputy District Judge"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၂။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၇၀၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော "before him," ဆိုသည့် စကားရပ်၏ နောက်တွင် "or when a report and relevant documentary evidence is submitted, if such property is not physically and easily produceable" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၃။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၇၈ တွင်ပါရှိသော "sessions division:" ဆိုသည့် စကားရပ်ကို "other local area:" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၃၊ ပုဒ်မခွဲ (၂) တွင် ပါရှိသော "Additional Sessions Judges" ဆိုသည့် စကားရပ်ကို "Additional District Judges" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Assistant Sessions Judges"ဆိုသည့် စကားရပ်ကို "Deputy District Judges" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "Sessions Judge"ဆိုသည့် စကားရပ်ကို"District Judge"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "division"ဆိုသည့်စကားရပ်ကို "district" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၅။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၀၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၂၆၀၊ ပုဒ်မခွဲ (၁) ဒုတိယအပိုဒ်၊ ပုဒ်မခွဲငယ်(ခ)၊ (ဂ) နှင့် (ဃ)၊ ပုဒ်မ ၄၁၃ တို့တွင်ပါရှိသော "one hundred kyats" ဆိုသည့် စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "fifty kyats" ဆိုသည့် စကားရပ်ကို "thirty thousand kyats"ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(ဂ)၊ (ဃ) နှင့် (င) တို့တွင်ပါရှိသော "fifty kyats" ဆိုသည့်စကားရပ်ကို "thirty thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃၉၅၊ ပုဒ်မခွဲ (၁) တွင်ပါရှိသော "five hundred kyats" ဆိုသည့် စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၁၃ နှင့် ပုဒ်မ ၄၁၄ တွင် ပါရှိသော "two hundred kyats"ဆိုသည့် စကားရပ်ကို "twenty thousand kyats" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၄၈၀၊ ပုဒ်မခွဲ (၁) နှင့် ပုဒ်မ ၄၈၂၊ ပုဒ်မခွဲ (၁) တို့တွင် ပါရှိသော "two hundred kyats"ဆိုသည့်စကားရပ်ကို "twenty thousand kyats"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၄၈၈၊ ပုဒ်မခွဲ (၁) နှင့် ပုဒ်မ ၄၈၉၊ ပုဒ်မခွဲ (၁) တို့တွင်ပါရှိသော "one hundred kyats"ဆိုသည့် စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၅၂၅ တွင် ပါရှိသော "ten kyats" ဆိုသည့် စကားရပ်ကို "one thousand kyats" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၅၂၆၊ ပုဒ်မခွဲ (၆-က) တွင်ပါရှိသော "two hundred and fifty kyats" ဆိုသည့် စကားရပ်ကို "twenty-five thousand kyats"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၆။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၂၆၀၊ ပုဒ်မခွဲ (၁) ဒုတိယအပိုဒ်၊ ပုဒ်မခွဲငယ် (ဥ) ကို ပယ်ဖျက်ရမည်။

၁၇။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၄၅၊ ပုဒ်မခွဲ (၅-က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(5A) The Supreme Court of the Union or a High Court of the Region or a High Court of the State or a District Court acting in the exercise of its powers of revision under section 439 may allow any person to compound any offence which he is competent to compound under this section."

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

၁၈။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၆၀၊ ပုဒ်မခွဲ(၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(1) As the evidence of each witness taken under section 356 is completed, it shall be read over to him in the presence of the accused, if in attendance, or of his pleader, if he appears by pleader, and shall, if necessary, be corrected and such evidence taken down shall be signed by the witness on every page."

၁၉။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၆၅ တွင် "The High Court"ဆိုသည့် စကားရပ်ကို "The Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "the Court" ဆိုသည့်စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၂၀။ ရာဇဝတ်ကျင့်ထုံးဥပဒေတွင်-

(က) ပုဒ်မ ၃၉၀၊ ၃၉၁၊ ၃၉၂၊ ၃၉၄ နှင့် ၃၉၅ တို့ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၃၉၆ ၌ပါရှိသော "or whipping" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မ ၄၀၆ ဒုတိယအပိုဒ်ကို ပယ်ဖျက်ရမည်။

၂၁။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"408. Any Person convicted on a trial held by a Township Judge or an Additional Township Judge or a Deputy Township Judge may appeal to a Court of the Self-Administered Division or a Court of the Self-Administered Zone or a District Court."

၂၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"409. An appeal to a Court of the Self-Administered Division or the Court of a Self-Administered Zone or a District Court shall be heard by the District Judge or by a Additional District Judge or Deputy District Judge as the District Judge may make over to him."

၂၃။ ရာဇဝတ်ကျင့်ထုံးဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၄၁၁ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"411. Any person convicted on a trial held by a High Court of the Region or a High Court of the State, may appeal to the Supreme Court of the Union."

၂၄။ ပုဒ်မ ၄၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"417. (a) An Advocate General of the Region or an Advocate General of the State may direct the Public Prosecutor to present an appeal to a High Court of the Region or a High Court of the State from an original or appellate order of acquittal, or order of acquittal in revision case passed by any subordinate Court of the said High Court.

(b) The Attorney General of the Union may direct the Public Prosecutor to present an appeal to the Supreme Court of the Union from any of the following orders passed by a High Court of the Region or a High Court of the State :–

(1) order of acquittal in original case or in appeal case;

(2) order of acquittal in revision case;

(3) dismissal order on appeal against acquittal."

၂၅။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၅ တွင်-

(က) ပုဒ်မခွဲ (၁) ၌ ပါရှိသော "Sessions Judge or District Magistrate" ဆိုသည့် စကားရပ်ကို "District Court" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၁) ၌ ပါရှိသော "or any Sub-divisional Magistrate empowered by the President of the Union in this behalf," ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဂ) ရှင်းလင်းချက်ကို ပယ်ဖျက်ရမည်။

၂၆။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၆ တွင်ပါရှိသော "Sessions Judge" ဆိုသည့် စကားရပ်ကို "District Judge" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "District Magistrate" ဆိုသည့် စကားရပ်ကို "District Court" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၂၇။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၇ တွင်ပါရှိသော "the Sessions Judge or District Magistrate" ဆိုသည့် စကားရပ်ကို "the District Judge" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "the Court of Session" ဆိုသည့် စကားရပ်ကို "the District Court" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၂၈။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၉၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၄)နှင့် ပုဒ်မ ၄၄၂ တို့တွင် ပါရှိသော "the High Court, the State or Divisional Court " ဆိုသည့်စကားရပ်ကို "the Supreme Court of the Union or a High Court of the Region or a High Court of the State or a Court of the Self-Administered Division or a Court of the Self-Administered Zone or a District Court" ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၂၉။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၈ တွင် -

(က) ပုဒ်မခွဲ (၁) ၌ပါရှိသော "The High Court" ဆိုသည့် စကားရပ်ကို "The Supreme Court of the Union or a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၂) ၏ ဒုတိယအပိုဒ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

"Provided that no person shall be admitted to bail under this section, unless the Attorney General of the Union or an Advocate-General of the Region or an Advocate-General of the State or Public Prosecutor, as the case may be, has had an opportunity of being heard."

၃၀။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၆-က တွင် ပါရှိသော "is produced" ဆိုသည့် စကားရပ်၏ နောက်တွင် "or when a report and relevant documentary evidence is submitted, if such property is not physically and easily produceable" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃၁။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇ တွင် ပါရှိသော "any property or document produced before it" ဆိုသည့် စကားရပ်ကို "any property or document produced before it or exhibit submitted to it under a report and other relevant documentary evidence, if such exhibit is not physically and easily produceable before it"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၁ တွင်ပါရှိသော"sessions division," နှင့် "sub-division" ဆိုသည့် စကားရပ်တို့ကိုပယ်ဖျက်ရမည်။

၃၃။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၉ တွင် -

(က) "the High Court"ဆိုသည့် စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) "or any Commissioner to administer oaths in England or Ireland, or any Magistrate authorized to take affidavits or affirmations in Scotland" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၃၄။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၅၄၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(1) The Supreme Court of the Union may make rules for the inspection of subordinate Courts."

၃၅။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂ တွင်-

(က) စာတိုင် ၂ နှင့် စာတိုင် ၇ တို့၌ပါရှိသော "transportation for life" ဆိုသည့် စကားရပ်ကို "imprisonment for a term of twenty years"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) စာတိုင် ၂ ၌ပါရှိသော ပုဒ်မ ၁၂၀-ခနှင့်သက်ဆိုင်သည့် "transportation or" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၂၂၂ နှင့် ၂၂၅ တို့နှင့်သက်ဆိုင်သည့် "transportation or" ဆိုသည့် စကားရပ်ကိုလည်းကောင်း အသီးသီးပယ်ဖျက်ရမည်။

(ဂ) စာတိုင် ၂ နှင့် စာတိုင် ၇ တို့၌ ပါရှိသော ပုဒ်မ ၅၁၁ နှင့် သက်ဆိုင်သည့် "transportation or" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၁၂၄-က နှင့်သက်ဆိုင်သည့် "or for any term and fine, or imprisonment of either description for three years and fine," ဆိုသည့် စကားရပ်ကို "and fine or imprisonment of either description for seven years and fine, "ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) စာတိုင် ၂ ၌ ပါရှိသော ပုဒ်မ ၂၂၂ ဒုတိယအပိုဒ်၌ပါရှိသည့် "transportation for life, or transportation" ဆိုသည့် စကားရပ်ကို "imprisonment for a term of twenty years" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) စာတိုင် ၂ ၌ပါရှိသော ပုဒ်မ ၂၂၅ စတုတ္ထအပိုဒ်၌ပါရှိသည့် "transportation for life, or to transportation" ဆိုသည့်စကားရပ်ကို "imprisonment for a term of twenty years"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၁၃၇၊ ပုဒ်မ ၁၄၀၊ ပုဒ်မ ၁၇၂ ပထမအပိုဒ်၊ ပုဒ်မ ၁၇၃ ပထမအပိုဒ်၊ ပုဒ်မ ၁၇၄ ပထမအပိုဒ်၊ ပုဒ်မ ၁၇၅ ပထမအပိုဒ်၊ ပုဒ်မ ၁၇၆ ပထမအပိုဒ်၊ ပုဒ်မ ၁၈၀၊ ၁၈၄၊ ၁၈၆၊ ပုဒ်မ ၁၈၇ ဒုတိယအပိုဒ်၊ ပုဒ်မ ၂၂၇၊ ၂၂၈၊ ၂၂၉-က၊ ၃၃၄၊ ၃၃၆၊ ၃၄၁ နှင့် ၄၄၇ တို့နှင့်သက်ဆိုင်သည့် "500 kyats" ဆိုသည့်စကားရပ်ကို "50,000 kyats" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဇ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၁၅၄၊ ပုဒ်မ ၁၇၂ ဒုတိယအပိုဒ်၊ ပုဒ်မ ၁၇၃ ဒုတိယအပိုဒ်၊ ပုဒ်မ ၁၇၄ ဒုတိယအပိုဒ်၊ ပုဒ်မ ၁၇၅ ဒုတိယအပိုဒ်၊ ပုဒ်မ ၁၇၆ ဒုတိယအပိုဒ်၊ ပုဒ်မ ၁၇၇ ပထမအပိုဒ်၊ ပုဒ်မ ၁၇၈၊ ၁၈၂၊ ၁၈၃၊ ပုဒ်မ ၁၈၈ ဒုတိယအပိုဒ်၊ ပုဒ်မ ၂၂၈၊ ၂၂၉၊ ၂၂၃၊ ၂၂၄၊ ၂၂ဂ၊ ၂၂၅၊ ၂၂၆၊ ၂၂၉၊ ၂၈၀၊ ၂၈၂၊ ၂၈၄၊ ၂၈၇၊ ၂၈၈၊ ၂၈၉၊ ပုဒ်မ ၂၉၄-က ဒုတိယအပိုဒ်၊ ပုဒ်မ ၃၂၃၊ ၃၃၃၊ ၃၅၂ နှင့် ၄၄၈ တို့နှင့်သက်ဆိုင်သည့် "1,000 kyats" ဆိုသည့်စကားရပ်ကို "100,000 kyats" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဈ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၁၆၀ တွင်ပါရှိသည့် "100 kyats" ဆိုသည့် စကားရပ်ကို "10,000 kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ည) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၁၇၁၊ ၁၈၅၊ ပုဒ်မ ၁၈၇ ပထမအပိုဒ်၊ ပုဒ်မ ၁၈၈ ပထမအပိုဒ်၊ ပုဒ်မ ၂၆၃-က၊ ၂၈၃၊ ၂၉၀၊ ၃၃၅ နှင့် ၄၅၁ တို့တွင်ပါရှိသည့် "200 kyats" ဆိုသည့် စကားရပ်ကို "20,000 kyats" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဋ) ရာဇသတ်ကြီး ပုဒ်မ ၁၇၁-စ၏ ခြွင်းချက်နှင့်သက်ဆိုင်သည့် စာတိုင် ၁ မှ စာတိုင် ၈ အထိ ပါရှိသော စကားရပ်များကို ပယ်ဖျက်ရမည်။

(ဌ) ပုဒ်မ ၂၂၆ နှင့်သက်ဆိုင်သည့် စာတိုင် (၁) မှ စာတိုင် (၈) အထိ ပါရှိသော စကားရပ်များကို ပယ်ဖျက်ရမည်။

(ဍ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၃၃၅ နှင့်သက်ဆိုင်သည့် "2,000 kyats" ဆိုသည့် စကားရပ်ကို "200,000 kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဎ) စာတိုင် ၅ ၌ ပါရှိသော ပုဒ်မ ၄၀၆ နှင့်သက်ဆိုင်သည့် "Not bailable" ဆိုသည့် စကားရပ်ကို "Bailable" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဏ) စာတိုင် ၇ ၌ပါရှိသော ပုဒ်မ ၄၁၇ နှင့်သက်ဆိုင်သည့် ထောင်ဒဏ် "1 year"ဆိုသည့်စကားရပ်ကို "3 years" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(တ) စာတိုင် ၂ ၌ပါရှိသော ပုဒ်မ ၄၂၇ နှင့်သက်ဆိုင်သည့် "50 kyats"ဆိုသည့် စကားရပ်ကို "5,000 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၂၈ တွင်ပါရှိသည့် "10 kyats" ဆိုသည့်စကားရပ်ကို "1,000 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၂၉ တွင်ပါရှိသည့် "50 kyats" ဆိုသည့်စကားရပ်ကို "5,000 kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၃၅ တွင်ပါရှိသည့် "100 kyats" ဆိုသည့်စကားရပ်ကို "10,000 kyats" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "10 kyats" ဆိုသည့်စကားရပ်ကို "1,000 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

(ထ) စာတိုင် ၂ ၌ပါရှိသော ပုဒ်မ ၄၇၁ နှင့်သက်ဆိုင်သည့် "the Government of India" ဆိုသည့် စကားရပ်ကို "the Union Government"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဒ)စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၅၁၀ နှင့် သက်ဆိုင်သည့် "10 kyats" ဆိုသည့်စကားရပ်ကို "1,000 kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဓ) စာတိုင် ၈ ၌ ပါရှိသော "Magistrate of the first class" ဆိုသည့်စကားရပ်၏ နောက်တွင် "or second class" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(နဝ) စာတိုင် ၈ ၌ ပါရှိသော "Magistrate of the first class or second class" ဆိုသည့် စကားရပ်ကို "Any Magistrate" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၆။ ရာဇဝတ်ကျင့်ထုံးဥပဒေ ဇယား ၂ တွင် အခြားဥပဒေများကို ကျူးလွန်သူများခေါင်းစဉ်အောက်ရှိ စာတိုင် ၂၊ ပထမအပိုဒ်၌ ပါရှိသော "transportation" ဆိုသည့် စကားရပ်၏နောက်တွင် "or imprisonment for life or imprisonment for a term of unlimited period" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ဝုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဖြည်တွင်းရေးရာ

ပြည်သူ့အသံ

ကားဘော်ဒီထုသံနှင့် အနှံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ထိခိုက်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် ၁၈(စီ)ရပ်ကွက် ပုလဲရတနာလမ်းမြို့ဦးကျောင်းအနီး အိမ်တစ်အိမ်တွင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကကားဘော်ဒီလုပ်ငန်း၊ ဝရိန်လုပ်ငန်း၊ ကားဘော်ဒီဆေးမှတ်လုပ်ငန်းနှင့် ကားဝပ်ရှော့လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။

ယင်းကားဘော်ဒီလုပ်ငန်းမှ ဝရိန်စော်၊ ဘော်ဒီထုသံများ၊ သံပြားဖြတ်သံများ ဆူညံစွာကြားနေရပြီး မီးဘေးအန္တရာယ်စိုးရိမ်ရခြင်း၊ ကားဆေးမှုတ်ရာမှ ဖြစ်ပေါ်လာသော အနံ့ဆိုးများကို ရှုရှိုက်နေရခြင်းကြောင့် ကျန်းမာရေးမကောင်းသည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် ကျောင်းသားကျောင်းသူများအတွက် အနှောင့်အယှက်ဖြစ်နေသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ အမြန်ဆုံးဖယ်ရှားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

(ရပ်ကွက်နေဖြည်သူ)

ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်နေ

ရန်ကုန်မြို့ တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ရွာမရပ်ကွက် ဗဟိုရဲလမ်းရှိ အဆောက်အအုံတစ်ခုတွင် နေ့စဉ်နှင့်အမျှ ကျယ်လောင်စွာ ဆူပူအော်ဟစ်၊ ကခုန်သီဆိုမှုများကြောင့် လမ်းအတွင်းရှိ သက်ကြီးရွယ်အိုများ၊ နာမကျန်းသူများ၊ ကလေးသူငယ်များနှင့် ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေး၊ လူမှုရေးများထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ ဆောင်ရွက်နိုင်ပါရန်တင်ပြအပ်ပါသည်။

(နှားမခံနိုင်သူ လမ်းသူလမ်းသားများ)

ကျူးကျော်စျေးကြီးသဖွယ်ဖြစ်နေ

ရွှေပြည်သာမြို့ထန်းခြောက်ပင်လမ်းဆုံမှ ဘုရင့်နောင်လမ်းတစ်လျှောက် ပတ္တမြားစျေးအထိ နေအိမ်များမှ ငှားထားသော ဆိုင်ခန်းအတော်များများသည် စည်ပင်ရေမြောင်းကို ပေများစွာကျော်၍ (အချို့အခိုင်အမာ) ဆောက်လုပ်ထားကြပါသည်။ စည်ပင်ဥပဒေနှင့် မညီညွတ်ပါ။ မြို့၏ အင်္ဂါရပ်ဂုဏ်ကျက်သရေကို အလွန်ထိခိုက်စေပါသည်။ မြို့လယ်ခေါင်သည် ကျူးကျော်စျေးကြီးသဖွယ် အလွန်အရုပ်ဆိုးနေပါ၍ သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

(ရွှေပြည်သာသား)

မီးဘေးအန္တရာယ်စိုးရိမ်ရ

ရန်ကုန်တိုင်းမြို့ ၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်ကုန်းတောင်ရပ်ကွက်၊ ပြည်သူ့ကွက်သစ်(၁)လမ်းရှိ အိမ်တစ်အိမ်တွင် ကားဝပ်ရှော့လုပ်ငန်းအားအကြီးအကျယ်လုပ်ကိုင်ရပါသဖြင့် နေ့ရောညပါ လမ်းအတွင်း ယာဉ်ကြောပိတ်ဆို့မှုဖြစ်ခြင်း၊ တစ်ခါတစ်ရံ လာရောက်ပြင်ဆင်သည့်ကားများ မီးလောင်ခြင်းတို့ကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရသဖြင့် ယင်းကားဝပ်ရှော့လုပ်ငန်းအားပြောင်းရွှေ့လုပ်ကိုင်ပေးပါရန် တင်ပြအပ်ပါသည်။

(လမ်းသွားတစ်ဦး)

ပစ္စည်းဟောင်းများစုပြုံနေ

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွှန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် ၁၂၀လမ်း အမှတ်(၅)တွင်ရှိသော တိုက်ခန်းပေါင်း ၁၆ခန်းမှ ရေမော်တာများ၊ လျှပ်စစ်မီတာများ ထားရှိသည့် လှေကားခွင်နေရာ၌ ရေမော်တာအစုတ်ပျက်များ၊ ရေပိုက်အစုတ်ပျက်များကို အမှိုက်ပုံကဲ့သို့ ပြည့်လျှံစုပုံထားပါသည်။

မီတာများမှ လျှပ်စစ်ရှော့ပ်တစ်စုံတစ်ရာဖြစ်ပွားပါက ထိုအစုတ်အပျက် ပစ္စည်းများကို လျှပ်စစ်ကူးခြင်း၊ မီးလောင်မှုဖြစ်ပွားနိုင်ပြီး လူတို့၏အသက်အိုးအိမ်စည်းစိမ်တို့ ပျက်စီးဆုံးရှုံးမည်ကို စိုးရိမ်ရသဖြင့် ထိုပစ္စည်းအပျက်များကို သက်ဆိုင်ရာမှ အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြပါသည်။

(မီးဘေးစိုးရိမ်သူ)

မြို့လယ်ခေါင် ဂက်(စ်)အိုးဆိုင်နှင့် ဂတ်(စ်)အရည် ဖြည့်တင်းခြင်းလုပ်ငန်းဖယ်ရှားပေးစေလို

မွန်ပြည်နယ် ရေးမြို့တွင် ခေတ်အဆက်ဆက် အကြိမ်ပေါင်းများစွာ ဆိုးရွားသော မီးလောင်မှုများ ဖြစ်ပွားခဲ့ဖူးသဖြင့် မီးဘေးအန္တရာယ်ကာကွယ်ရန် ဓာတ်ဆီ၊ ဒီဇယ်၊ စက်သုံးဆီအရောင်းဆိုင်များကို မြို့ပြင်သို့ထားရှိဖွင့်လှစ်စေခဲ့ပါသည်။

သို့သော်ယခုအခါ လုပ်ငန်းရှင်တစ်ဦးက မြို့လယ်ခေါင် ရန်ကြီးအောင်ရပ်ကွက် ဘုရင့်နောင်လမ်း ဝင်းသုခရွှေစျေးရှေ့ လူနေရပ်ကွက်အတွင်း၌ ဂက်(စ်)အရည်ဖြည့်တင်းထားသော ဂက်(စ်)အိုးအလုံးပေါင်းများစွာထားရှိရောင်းချနေသည့်အပြင် ဆိုင်နှင့်မလှမ်းမကမ်း ကမ်းနားလမ်းထောင့် လူနေရပ်ကွက်အတွင်း၌လည်း တရားမဝင် ဂက်(စ်) အရည်ဖြည့်တင်းခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ ဂက်(စ်)နှင့် ဂက်(စ်)အိုးများ ပေါက်မီးကွဲလောင်ကျွမ်းလျှင် လွန်စွာပြင်းထန်သဖြင့် ပတ်ဝန်းကျင်နေထိုင်သူများအားလုံးမှာ မီးလောင်မှုနှင့် အသက်အန္တရာယ်စိုးရိမ်နေရပါသည်။ ၎င်းအား သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

(ဂက်(စ်)မီးဘေးအန္တရာယ်စိုးရိမ်နေသူများ)

ရန်ကုန်ဆောင်ပိုင်းခရိုင် သန်လျင်မြို့နယ်သို့ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များ တစ်နှစ်ထက်တစ်နှစ် ဝင်ရောက်လေ့လာမှုပိုမိုများပြားလာပြီး ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက ကမ္ဘာလှည့်ခရီးသည်များ သန်လျင်မြို့တွင်းသို့ အနေးယာဉ်ဆိုက်ကားများ စီးကာ လေ့လာနေကြသည်ကို တွေ့မြင်ရစဉ်။

သက်ခိုင်(ပြန်/ဆက်)

ဆူးလေစေတီတော်ဆွမ်းဆန်စိမ်းလောင်းလှူ

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ်၌ တည်ထားကိုးကွယ်လျက်ရှိသော ဆူးလေစေတီတော်မြတ်ကြီး၏ (၁၀၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတော်ကြီးကို ဇန်နဝါရီ ၂၄ ရက် ညနေ ၃ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

(ရွှေတိုင်လွင်)

ဝက်လက်၌စတုတ္ထအကြိမ်ဆွမ်းဆန်စိမ်းလောင်းလှူ

ဝက်လက် ဇန်နဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် စတုတ္ထအကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇန်နဝါရီ ၂၃ ရက် ညနေ ၃ နာရီက နာရီစင်အနီး အမှတ်(၂)ရပ်ကွက် လမ်းမပေါ်တွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

ဝက်လက်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၅ ကျောင်းတွင် စာသင် စာချသာသနာပြုတော်မူလျက်ရှိသော သံယာတော်အပေါ် ၃၀၀ ခန့်တို့အား ဆွမ်းအခက်အခဲ မရှိစေရန်ရည်ရွယ်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒါယိကာ၊ ဒါယိကာမများက စုပေါင်း၍ဆွမ်းဆန်စိမ်းများကိုစတုတ္ထအကြိမ်မြောက် လောင်းလှူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နန်းမြင့်(ဝက်လက်)

ကျောက်တံခါးမြို့တွင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ငွေများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၆

ကျောက်တံခါးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အသက် (၉၀)နှင့်အထက် သက်ကြီးဘိုးဘွားများအား တစ်ဦးချင်းစီ အိမ်တိုင်ရာရောက် အလှူငွေများ သွားရောက်ပူဇော်လှူဒါန်းရာ ကျောက်တံခါးမြို့ ဈေးပိုင်းရပ်ကွက်ဦးစံကျော်လမ်းရှိဆရာကြီးဦးချစ်လှိုင်(ငြိမ်း)အသက် (၉၅)နှစ်အား ဇန်နဝါရီ ၂၅ ရက်တွင်အိမ်တိုင်ရာရောက်လှူဒါန်းပူဇော်သွားကြောင်း သိရသည်။

မျိုးဦး(ကျောက်တံခါး)

ကျောင်းတွင်းဘက်စုံပညာရည်ချွန်ဆုပေးပွဲကျင်းပ

ဖြူး ဇန်နဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဖြူးမြို့ မြို့မ (၁) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းတွင်းဘက်စုံပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အဆိုပါကျောင်းခန်းမတွင် ဇန်နဝါရီ ၂၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆုရကျောင်းသား၊ ကျောင်းသူများနှင့် သုံးနှစ်ဆက်တိုက် ခွင့်ပျက်ရက်မရှိ စာသင်ကြားပေးခဲ့သူ ဆရာမ ဒေါ် သန်းသန်းအေးတို့အား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ကျောင်းသားကျောင်းသူများက ပြည်မြန်မာသီချင်းကို သီဆိုကာ ရှုပ်သိမ်းခဲ့ကြောင်းသိရှိရသည်။

(ဖြူးမြင့်ဦး)

အုပ်ချုပ်ရေးမှူး ရွေးချယ်

လှိုင်သာယာ ဇန်နဝါရီ ၂၅။ ။ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရှမ်းချောင်းကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက ကျေးရွာမူလတန်းကျောင်း အမှတ်(၄)(လယ်ခွဲ) ကျောင်း၌ ကျင်းပရာ ထင်သာမြင်သာ လွတ်လပ်စွာ လျှို့ဝှက်ဆန္ဒပေးရွေးချယ်တင်မြှောက်ကြကြောင်း သိရသည်။

(၃၂၉)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူးကျင်းပသည့် စာဖတ်ရှိန်မြင့်မားရေးပွဲတော် စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြောပြိုင်ပွဲကို မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာအထကတွင် ဇန်နဝါရီလ ၂၅ ရက် နံနက်က စတင်၍ ကျင်းပခဲ့သည်။

ဥမ္မာခင် နတ်မောက်(ပြန်/ဆက်)

ပုဗ္ဗသီရိတွင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကျင်းပ

ပုဗ္ဗသီရိ ဇန်နဝါရီ ၂၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ဟူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားအား ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းအစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက 'မြန်မာ့ကျောင်း' သီချင်းသီဆိုဖော်ဖြေဖွင့်လှစ်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ခေတ္တညွှန်ကြားရေးမှူးဦးကျော်ဆင့်က စာဖတ်ရှိန်မြှင့်တင်ရေးအတွက် နိုင်ငံတော်မှ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ အခြေခံကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောခြင်း၊ ပြိုင်ပွဲများကျင်းပပြုလုပ်ပေးခြင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ဥတ္တရခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာနမှ ပြသထားသော အသိပညာပေးနံရံကပ်စာစောင်နှင့် ဓာတ်ပုံများအား လှည့်လည်ကြည့်ရှုကြပြီးနောက် အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကိုကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၄၀ ဦးက ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါစာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဇန်နဝါရီ ၂၅ ရက်မှ ၂၈ ရက်ထိ စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာပေဟောပြောပွဲများကို ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ရွှေရဲရင့်**

၂၀၀ ကေဗွီအေ ထရန်စဖော်မာ တိုးချဲ့တည်ဆောက်

ဝါးခယ်မ ဇန်နဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကမ်းနားလမ်းနှင့် ပန်းခြံထိပ်တွင် ၁၁ ကေဗွီလိုင်း ပေ ၆၀၀ နှင့် (၁၁/၀. ၄) ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးအား တည်ဆောက်လျက်ရှိရာ လုပ်ငန်းအားလုံးပြီးစီးပါက ဓာတ်အားသုံးစွဲသူပြည်သူများအနေဖြင့် ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်မည်ဖြစ်သည်။

ယင်းမြို့နယ်ရှိ ဆေးရုံရပ်ကွက်၊ မင်းပိုင်းရပ်ကွက်၊ ပတ္တမြားရပ်ကွက်နှင့် ကမ်းနားလမ်းတို့မှာ ယခင်က ဆေးရုံရပ်ကွက်ရှိ ၂၅၀ ကေဗွီအေ ထရန်စဖော်မာမှ ဓာတ်အားရယူသုံးစွဲလျက်ရှိရာ ယခုအခါတို့အားကျဆင်းနေသဖြင့် ဓာတ်အားသုံးစွဲသူပြည်သူများ ဗို့အားပြည့်ဝစွာအသုံးပြုနိုင်ရန် ၎င်းကမ်းနားလမ်းနှင့် ပန်းခြံထိပ်တွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးအား တိုးချဲ့တည်ဆောက်ခြင်းဖြစ်သည်။

ယင်းပြင် ဆွေးမြေ့သစ်သားတိုင်များအား ကျောက်တိုင်ဖြင့်လဲလှယ်ခြင်း၊ ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းရန်အတွက် ၂၃၀ ဗို့အားလိုင်း တိုးချဲ့တည်ဆောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးဇေယျာဇော်က ပြောသည်။ **လွမ်းသီဟ(ဝါးခယ်မ)**

ဓမ္မစကူးသင်တန်း ကျောင်းကုန်းမြို့တွင် ဖွင့်လှစ်

ကျောင်းကုန်း ဇန်နဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ မိုးမခကျေးရွာအုပ်စု ကန်ဒေါင့်မူလတန်းကျောင်းတွင် ဓမ္မစကူးဖောင်ဒေးရှင်းက ဓမ္မစကူးသင်တန်းဖွင့်လှစ်သင်ကြားလျက်ရှိရာ ဇန်နဝါရီ ၂၄ ရက် တနင်္ဂနွေနေ့တွင် ၃၂ ပတ်မြောက်အဖြစ် ဖွင့်လှစ်သင်ကြားခဲ့သည်။

အဆိုပါ ဓမ္မစကူးသင်တန်းဖြစ်မြောက်အောင် စီစဉ်ပေးသော ကဲ့ကော်ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဥုးကော သလ္လ M.A(Indo-Aryan) ဘာသန္တရဆေက မဟာဓမ္မာစရိယက ဌေကျပ်ဆယ်သိန်းမတည်ပြီး သင်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ ပထမတန်း ၄၂ ဦး၊ ဒုတိယတန်း ၄၁ ဦး၊ တတိယတန်း ၄၃ ဦး၊ စတုတ္ထတန်း ၄၁ ဦး၊ ပဉ္စမတန်း ၄၃ ဦး စုစုပေါင်း ၂၁၀ ရှိသည်။ မိုးမခကျေးရွာအုပ်စုအနီးအနားရွာများဖြစ်သော ကန်ဒေါင့်ရွာ၊ ကွင်းဝစုရွာ၊ ညောင်သာယာရွာ၊ ဖူတိုက်ရွာ၊ ပိန်းဂရက်လေးရွာတို့မှ လာရောက်သင်ကြားကြခြင်းဖြစ်သည်။ **ဝင်းကြိုင်(ဖြန့်/ဆက်)**

ဓာဘျီလိတ်တွင် အကြိုအခြေခံမီးသတ်ပညာသင်တန်းအမှတ်စဉ် (၁/၂၀၁၆) ဖွင့်လှစ်

ဓာဘျီလိတ် ဇန်နဝါရီ ၂၆

အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ အကြိုအခြေခံ မီးသတ်ပညာသင်တန်းအမှတ်စဉ် (၁/၂၀၁၆)ဖွင့်ပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီ က ဓာဘျီလိတ်မြို့နယ်မီးသတ်ဦးစီးဌာနရုံး အပေါ်ထပ်ရှိ ခန်းမဆောင်၌ကျင်းပခဲ့ကြောင်း သိရသည်။ နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်ပိုင်ကုန်ထုတ်အရင်းအနှီးများ၊ အဆောက်အအုံများကို မီးဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်နိုင်ရန်၊ သဘာဝအလျောက်ဖြစ်ပွားတတ်သော ဘေးအန္တရာယ်များကို ပြည်သူလူထု၊ လူမှုအသိုက်အဝန်းများနှင့်ပူးပေါင်းပြီး ကာကွယ်တားဆီးစောင့်ရှောက်ရန်နှင့် နိုင်ငံတော်၏ အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်းတည်ဆောက်ရန်ဆိုသည့် မွန်မြတ်မြင့်မားသည့်ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှမင်းက မြို့နယ်အတွင်းရှိ တာဘျီလိတ်၊ တာလေ၊ ကျိုင်းလပ်မြို့များမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၉၉၀ အတွက် တူညီဝတ်စုံများကို ပေးအပ်ရာ အရန်မီးသတ်တပ်ဖွဲ့ဝင်များကိုယ်စား ဝမ်ကောင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ရယူခဲ့သည်။

အဆိုပါ အကြိုအခြေခံမီးသတ်ပညာသင်တန်းအား မြို့ပေါ်ရပ်ကွက် ၁၁ ရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ပြီး သင်တန်းကို ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၅ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှျား ဦးစီးအရာရှိ ဦးကျော်သူနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြောင်း သိရသည်။ **ဝေယံလင်း(ဖြန့်/ဆက်)**

မိုင်းဆတ်၌ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးအပိုဆောင်းတိုက်ကျွေး

မိုင်းဆတ် ဇန်နဝါရီ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ကလေးငယ်များ မသန်စွမ်းခြင်းမှကာကွယ်နိုင်ရန် အသက်ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုရောဂါကာကွယ်ဆေးအပိုဆောင်းတိုက်ကျွေးခြင်းကို ဒေသအလိုက် ကာကွယ်ဆေးတိုက်နေ့များအစီအစဉ်အရ ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်ထိ ဆေးရုံ၊ ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် တိုက်ကျွေးခဲ့သည်။

မြို့သစ်ရပ်ကွက်၌ ပိုလီယိုရောဂါအပိုဆောင်းတိုက်ကျွေးခြင်းကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင်ကျင်းပရာ ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကလေးငယ် ၆၀ အား တိုက်ကျွေးပေးခဲ့သည်။ **ခရိုင်(ဖြန့်/ဆက်)**

အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V GOLDEN FAN V.167A သင်္ဘောသည် ၂၉-၁-၂၀၁၆ ရက်ခန့်တွင် ရန်ကုန်ဆိပ်မကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချိုးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်မကမ်းအာဏာပိုင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေကွက်အမှတ်(၂၄)၊ မြေကွက်အမှတ်(၁၀၄၅)၊ မြေကွက်အကျယ်အဝန်း(၆၀'× ၈၀')မြေဂရန် ပျက်စီးသွားပါသဖြင့် မြေဂရန် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ပိုလ်မှူးကြီးစောခင်စိုး(ပြိမ်း)(ဖိုင်ဆိုင်သူ)
ဖုန်း-၀၁-၅၆၅၅၃၀

အမှားသိရှိနိုင်ရန်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ မဟာမြင့်မိုရ်လမ်း၊ အမှတ်(၂၇/ပထပ်)တွင်နေထိုင်သူ ဒေါ်ကျော့ကျော့လှိုင် [၁၂/ဥကတ(နိုင်)၁၅၉၉၅]ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

သယံနီးကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/၁)၊ လူနေရပ်ကွက်အမှတ်(၁၆/၁)၊ ဇဋ္ဌိလ(၂)လမ်း၊ မြေကွက်အမှတ် (၁၀၀၄/က)၊ အကျယ်အဝန်း ပေ(၂၀×၆၀)ရှိ မြေကွက်နှင့် နေအိမ်အား အမည်ပေါက် ပိုင်ဆိုင်သူ ဦးထွန်းမြင့် (ကွယ်လွန်)၊ ဇနီးဒေါ်ချို(ကွယ်လွန်)တို့၏ တရားဝင်အမွေစားအမွေခံသားသမီး(၆)ဦးဖြစ်သည့် (၁)ဒေါ်ခင်ဝင်းမြင့် [၁၂/သယက(နိုင်)၁၁၉၉၈၈]၊ (၂)ဦးစိန်မြင့်(ကွယ်လွန်)ဇနီး ဒေါ်ခင်စန်းဝင်း[၁၂/သယက(နိုင်)၀၁၀၄၃၇]၊ (၃)ဦးမြင့်သန်း(ကွယ်လွန်)ဇနီး ဒေါ်မာမာကြည်[၁၂/သယက(နိုင်)၀၁၀၄၅၂]၊ (၄)ဒေါ်ဥမ္မာ[၁၂/သယက(နိုင်)၀၉၅၄၂]၊ (၅)ဒေါ်မာလာ[၁၂/သယက(နိုင်)၀၁၀၁၀၈]၊ (၆)မောင်ဆန်းအေး[၁၂/သယက(နိုင်)၀၉၅၄၂]တို့မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းချက်အရ ကျွန်ုပ်တို့၏ မိတ်ဆွေမှ တန်ဖိုးရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်သဖြင့် လူကြီးမင်းတို့ မည်သူမဆို အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အမွေဆက်ခံသူများ အခြားသော မည်သည့်ပုဂ္ဂိုလ်မဆို ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် သတင်းစာပါ ရက်၏ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ ကန့်ကွက်မှု ပျက်ပြားပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမိုးရွှေ
အထက်တန်းရှေ့နေ(စဉ်-၁၂၇၇၉)

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမိုးကျော်
အထက်တန်းရှေ့နေ(စဉ်-၂၈၉၆၉)

အမှတ်(၁၀)၊ ဆရာမကြီးလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၀၂၆၆၈

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၁၁-ခ) နှင့် (၅၁၉-က)၊ လှည်းကူးမြို့နယ်၊ ကြာအင်းအုပ်စု၊ ကွင်းအမှတ်(၉၈၇)နှင့် ကလီထော်အနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၇၇)တို့တွင်ရှိသော စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၃) မြေကွက်အမှတ်(၄၃/ ၇၁) မြေဧရိယာ(၁၀)ကေရှိ မြေကွက်(၂) ယူနစ်နှင့် ယင်းမြေကွက်များပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို လက်ရှိအမည်ပေါက်လုပ်ကိုင်လျက်ရှိသော ဦးမြင့်သိန်း[၇/ပမန(ဧည့်)၀၀၀၀၁၆]ထံမှ လက်ရောက်လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ ကျွန်ုပ်တို့မိတ်ဆွေ၏အမည်ဖြင့် ညောင်နှစ်ပင်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေးအထူးဇုန် ကြီးကြပ်မှုဗဟိုကော်မတီတွင် လုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်စာကို လျှောက်ထားရယူမည်ဖြစ်ပါ၍ အထက်ပါမြေကွက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းများယူဆောင်၍ ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ အထူးဇုန်(၃) ကြီးကြပ်မှုဗဟိုကော်မတီထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ခင်စုစုမြိုး (LL.B, D.B.L)
(စဉ်-၃၇၆၄၇)
အထက်တန်းရှေ့နေ

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ချိုခိုမ(စဉ်-၁၉၁၁) B.Sc.,H.G.P.,R.L.,D.B.L
ဒေါ်ခင်အိအိအောင်(စဉ်-၇၆၆၄) (LL.B.,D.L.L)
တရားလွတ်တော်ရှေ့နေများ

အမှတ်-၁၇၀/၁၇၂ ၅ ၅၁လမ်း၊ ပထမထပ်၊ (၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊
**ဖုန်း-၀၁-၂၀၃၁၇၆၊ ၀၉-၇၃ ၂၃၇၀၉၆၊ ၀၉-၅၅ ၀၄ ၄ ၄

ကျောက်ပန်းတောင်းတွင် ဝါးလက်မှုပစ္စည်းများ ဒေသအနှံ့တိုက်ရိုက်ရောင်းချ

မန္တလေး၊ ဇန်နဝါရီ ၂၆

ဝါးဖြင့်ပြုလုပ်ထားသော စိုက်ပျိုးရေးသုံးပစ္စည်းများနှင့် အသုံးအဆောင်များကို ဒေသခံများက မြတ်နိုးစွာဆက်လက် အသုံးပြုခြင်းကြောင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ သစ်ပုတ်ပင်၊ မင်းပြင်၊ ဒလက်ညွှန့်၊ ရွာလု၊ ရိုးခြားနှင့်ပေါက် သစ်ရွာတို့တွင် ဝါးလက်မှုပစ္စည်းများကိုရက်လုပ်ကာ ဒေသအနှံ့အပြားသို့ တင်ပို့ရောင်းချကြကြောင်းသိရသည်။

တောင်သူသုံးပစ္စည်းများဖြစ်သည့် ဆန်ကော၊ ဆန်ခါ၊ ဗန်း၊ တောင်းများနှင့် လူသုံးကုန်ပစ္စည်းများဖြစ်သော ထမင်းအုပ်ဆောင်း၊ ရေအိုးဖုံး၊ ခမောက်နှင့်တကွ ပခြုပ်များကို ဝါးဖြင့်ပြုလုပ်တစ်နှစ်ပတ်လုံးရက်လုပ်ရောင်းချကြပြီး တောင်သူသုံးပစ္စည်းများနှင့် ဝါးလက်မှုပစ္စည်းများကို ရက်လုပ်ရာတွင် ကြသောင်းဝါး၊ တင်းဝါးတို့ကို အဓိက အသုံးပြုကြသည်။

ဝါးလက်မှုပစ္စည်းများပြုလုပ်ပါက ဝါးတစ်လုံးလျှင် ထမင်းအုပ်ဆောင်း ငါးခုခန့်ရရှိပြီး ဝါးတစ်လုံး၏ကာလတန်ဖိုးမှာ ငွေကျပ် ၄၀၀ ခန့်ရှိကာ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာအချို့သည် တစ်နှစ်ပတ်လုံး ဝါးလက်မှုပစ္စည်းများကို မိသားစုလိုက် ရက်လုပ်ကြသည်။

ရက်လုပ်ပြီးဝါးလက်မှုပစ္စည်းမျိုးစုံကို ဒေသအနှံ့ ကားဖြင့်သယ်ယူ၍ ဖြန့်ချိရောင်းချကြပြီး ခရီးအနီးအဝေးနှင့် သယ်ယူစရိတ်အရ စျေးနှုန်းကွာခြားသွားကာ လက်ရှိကာလတွင် ထမင်းအုပ်ဆောင်းတစ်ခုလျှင် ငွေကျပ် ၁၅၀၀၊ ရေအိုးဖုံးတစ်ခုလျှင်ကျပ် ၃၀၀၊ ပြည်တောင်းတစ်လုံးလျှင် ငွေကျပ် ၅၀၀ ဖြင့် အခြားတောင်သူသုံးပစ္စည်းများဖြစ်သော ဆန်ခါအမျိုးမျိုး တောင်း၊ ဗန်းနှင့် အခြားဝါးလက်မှုပစ္စည်းများကို စျေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချကြသည်။

လက်ရှိကာလတွင် စပါးရိတ်သိမ်းပြီး ပဲပေါ်ချိန်နီးသည့်အတွက် ဝါးဖြင့်ပြုလုပ်သော တောင်သူသုံးပစ္စည်းများကို တိုက်ရိုက်တင်ပို့ရောင်းချလျက်ရှိပြီး အများစုမှာ နယ်မှလာကာ ဘုန်းတော်ကြီးကျောင်းတစ်ခုတွင် ဝါးပစ္စည်းများ ခေတ္တအပ်ကာ တည်းခိုပြီး လှည့်လည်ဖြန့်ချိ ရောင်းချကြသည်။

တောင်သူများအိမ်သို့ တိုက်ရိုက်သွားရောက်ရောင်းချသည့်အတွက် အရောင်းတွင်ကျယ်လျက်ရှိပြီး ပါလာသည့်ပစ္စည်းများ ကုန်ပါက ဒေသတွင်အသင့်ရက်လုပ်ထားသည်မို့ သွားရောက်ယူကာ နယ်စုံလှည့်လည်ရောင်းချကြကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ရွာများနှင့် ပေါက်သစ်ရွာတွင် ဝါးလက်မှုပစ္စည်းမျိုးစုံကို တစ်နှစ်ပတ်လုံးရောင်းချသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ အဆင်ပြေကြကြောင်း ဝါးလက်မှုပစ္စည်းရောင်းချသူတစ်ဦးက ပြောပြ၍ သိရသည်။

တိမိတမန်

ပဲစေးကောင်းသောကြောင့် စရိတ်ချေးငွေ ပေးဆပ်နိုင်

နွားထိုးကြီး၊ ဇန်နဝါရီ ၂၆

ပဲစဉ်းငုံပေါ်ချိန် စျေးကောင်းနေသော ပဲစဉ်းငုံစျေးကွက်ကြောင့် လယ်ယာဖွံ့ဖြိုးရေးဘဏ် စိုက်စရိတ်ချေးငွေကိုပေးဆပ်လျက်ရှိရာ လက်ရှိအချိန်ထိ ၁၂ ရာခိုင်နှုန်းအထိ ငွေကျပ် ၄၁၅ သိန်းကျော်ပေးဆပ်နိုင်ပြီဖြစ်ကြောင်း မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဦးဟန်ညွှန့်က ပြောသည်။

ယခုနှစ်အတွက် ငွေကျပ်သန်း ၃၀၀၀ ကျော်ထုတ်ချေးထားရာ ဖေဖော်ဝါရီ ၁၅ ရက်အတွင်း ပေးဆပ်နိုင်ရန်ရည်မှန်းထားပြီး စနေနှင့် တနင်္ဂနွေရက်များပါ ဘဏ်ခွဲဖွင့်ပေးထားပြီး ရုံးချိန်ကို နံနက် ၈ နာရီမှ စတင်ဖွင့်ပေးထားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။ ပဲစဉ်းငုံစျေးကောင်းပြီး အထွက်မစိုး၍ ချေးငွေကို အချိန်မီပေးဆပ်ရန် နေ့စဉ်နွားထိုးကြီး လယ်ယာဖွံ့ဖြိုးဘဏ်ခွဲ၌ လူစည်ကားနေကြောင်း သိရသည်။

ရွှေမြင့်မောင်

စဉ့်ကိုင်မြို့နယ်တွင်မျိုးသန့်မျိုးပွားလုပ်ငန်းငါးကေစိုက်ပျိုး

စဉ့်ကိုင်၊ ဇန်နဝါရီ ၂၆

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် မျိုးစေ့ဘဏ်စံပြကွက်ငါးဇေကို ခံလူကျေးရွာတောင်သူ ဦးစိုးတင့်၏ ကွင်းအမှတ်(၇)တွင် ကုလားပဲမျိုးသန့်မျိုးပွားနိုင်ရန် စနစ်တကျစိုက်ပျိုးထားရှိကြောင်း သိရသည်။

အဆိုပါ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ခံလူကျေးရွာမှ တောင်သူဦးကြီးများသာမက အနီးဝန်းကျင်ရှိ တောင်သူဦးကြီးများမှာ နှစ်စဉ် ဆောင်းကုလားပဲစိုက်ပျိုးဇေ ၁၅၀၀၀ စိုက်ပျိုးလျက်ရှိပြီး ဒေသတွင်းလိုအပ်လျက်ရှိသော ကုလားပဲမျိုးကောင်းမျိုးသန့်များကို အကျိုးဆောင်တောင်သူများဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသောကြောင့် ထွက်ရှိလာသောကုလားပဲမျိုးများကို လာမည့်ရာသီတွင် စိုက်ပျိုးနိုင်ရန်အတွက် မျိုးသန့်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ မျိုးသန့်ထိန်းသိမ်းခြင်းလုပ်ငန်းများအား ဆက်လက်ဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးက ပြောသည်။

တင်တင်ထွေး(စဉ့်ကိုင်)

နွားထိုးကြီးဒေသထွက်ကွမ်းများ စျေးကောင်းရနေ

နွားထိုးကြီး၊ ဇန်နဝါရီ ၂၆

ပြီးခဲ့သည့်နှစ်ကုန်ပိုင်း ဒီဇင်ဘာလမှစ၍ ကွမ်းစျေးကောင်းနေသောကြောင့် နွားထိုးကြီးဒေသထွက်ကွမ်းစျေးမှာ ကျပ် ၁၀၀၀၀ ကျော်ဖြင့် စျေးကောင်းရနေကြောင်း ကွမ်းစိုက်တောင်သူများကပြောသည်။

နွားထိုးကြီးမြို့နယ်မှာပင် ကွမ်းခြံပေါင်း ၂၀၀ ကျော်ရှိကာ ကွမ်းစျေးမှာ ကွမ်းတစ်ပိဿာ ကျပ် ၁၀၀၀၀၊ ၁၄၀၀၀၊ ၁၅၀၀၀ အထိ စျေးကောင်းခဲ့နေကြောင်း သိရသည်။

ယခုနှစ်တွင် မိုးဖျက်၍ မိုးလိုပြီး ကွမ်းခြံပျက်သလို ကွမ်းထွက်မမှန်ခဲ့ခြင်း၊ အချိန်စောခြင်းကြောင့် ကွမ်းထွက်လျှော့ပြီး ကွမ်းစျေးကောင်းခဲ့ခြင်းဖြစ်သည်။

"တပ္ပိတွဲလ ဘုရားပွဲတော်လမှာ ကွမ်းစျေးတစ်ပိဿာကျပ် ၁၀၀၀၀ ကျော်စျေးရှိပေမယ့်လည်း ကွမ်းခြံတွေမှာလည်း အချိန် ၁၀၀ ခူးရသောခြံမှာ ၃၀ ပိဿာထက်ပိုမထွက်ဘဲ ကွမ်းထွက်ညံ့နေပါတယ်။ ငွေကြေတင် ထုတ်ထားသော ကွမ်းခြံပိုင်ရှင်တွေလည်း အခက်တွေ့နေပါတယ်။ စျေးကောင်းနေသော်လည်း ကွမ်းမထွက်ဘဲဖြစ်နေပါတယ်။ မူဆယ်၊ ပဲခူး၊ ရန်ကုန်၊ မန္တလေးစျေးကွက်က ကောင်းနေပေမယ့် ပုံမှန်မပို့နိုင်ဖြစ်နေပါတယ်။ အညာမှာ ကွမ်းစျေးဆက်ကောင်းနေဦးမယ်" ဟု ယင်းဒေသရှိ ကွမ်းပွဲစားတစ်ဦးကပြောသည်။

ခင်စာမွန်မြင့်(ဥပဒေ)

အထူးလျှိုဝှက်လှဲစွာဝမ်းမြောက်ကြောင်းဝုဏ်ပြုလွှာ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ Pile ရိုက်ခြင်းလုပ်ငန်း အသိအမှတ်ပြုလိုင်စင်ရရှိပါသော

(၁) Joyance International Co.,Ltd
(၂) Win Piling Group
(၃) Positive Pioneer Co.,Ltd
(၄) GEO-TECH pile Co.,Ltd
(၅) Golden Tri Star Co.,Ltd
(၆) Myanmar V-Pile Co.,Ltd
(၇) WINNER SUPER DIAMOND PILE Co.,Ltd
(၈) De Pa Waddy Co.,Ltd

မိတ်ဆွေကုမ္ဏီတို့နှင့်ထပ်တူ ကျွန်တော်များကုမ္ဏီမှ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းများ ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်းလျက် ဝမ်းမြောက်စွာ ဂုဏ်ပြုအပ်ပါသည်။

Royal Mingalar Myanmar Group

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 4E/4707 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကည၊ ခရိုင်မှဲ့ (ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 3G/1685 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကုန်လမ်းမို့ဆောင်ရေး ညွှန်ကြားမှူးဦးစီးဌာန ခရိုင်မှဲ့(ရန်ကုန်မြောက်ပိုင်း)

ကန့်တွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒိုလ်တဆောင်မြို့နယ်၊ လမ်း(၅၀)၊ (၅)ရပ်ကွက်၊ မဟာနေဝရတ် ကွန်ဒို၊ (ယခင်)တိုက်(၁)၊ အခန်းအမှတ်(၁၇)၊ (ယခု)တိုက်(A)၊ အခန်းအမှတ်(A၃၀၉)၊ ကွန်ဒိုတိုက်ခန်းနှင့်ဌာန်း၏ဆက်နွယ်သည့်အကျိုးခံစားခွင့် အရပ်ရပ်အရောင်းအဝယ်ပြုလုပ်ခြင်း။

အထက်ဖော်ပြပါတိုက်ခန်းတို့ဒေါ် ရင်ဖေအမည်ပေါက်ပြီးဖေါ် ရင်ခေနှင့်ခင်ပွန်းတွယ်လွန်၍သားဖြစ်သူဦးမင်းဇော်ဝင်း(၁၂/ဝတထ(နိုင်)၀ ၂၉၇၈၇)မှကျွန်ုပ်အစိုးတို့ဖောင်ရှမများ၏ကန့်တွက်ရန်မရှိသဘောတူညီကြောင်းစာဖြင့်ဖိစီမှုရောင်းချိုင်ခွင့်ပျိုကြောင်းအရှေ့ပိုးကင်ရှင်းကြောင်းဝန်ခံပြီးကျွန်ုပ်၏မိတ်ဆွေသို့ရောင်းချခဲ့ရာကျွန်ုပ်၏မိတ်ဆွေဝယ်ယူမည်ဖြစ်ရာဤတိုက်ခန်းအရောင်းအဝယ်ကိုပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှကန့်တွက်လိုပါကယခုနေ့မှစပြီး(၇)ရက်အတွင်းခိုင်လုံသောအထောက်အထားမူရင်းများနှင့်အတူကန့်တွက်နိုင်ပါသည်။ကန့်တွက်သူမရှိပါကအရောင်းအဝယ်ကိုပြီးဆုံးသည့်တိုင်တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဖိစိလျိုင်(LL.B)
လွှဲအပ်ညွှန်ကြားချက်အရ - တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၃၅၄)
တိုက်(၈)၊ အခန်း(၇)၊ (မြေညီထပ်)၊ ကျိုးဖြူလမ်း၊ စံပြဈေးဆေးလရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့၊ ၀၉-၇၃၀၃၉၁၁၇၊ ၀၉-၇၃၁ ၂၃၉၇၇

အများသိစေရန်ကြေညာချက်

တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်၊ ဟော်ဦးလမ်း အမှတ် - ၁၃/၁၁ နေဒေါ်နန်းခမ်းအိမ်(၁၃/ပယန(နိုင်)၀၀၀၀၇၆)၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်။

ရန်ကုန်မြို့ ဒဂုံပြည်သစ်(အရှေ့ပိုင်း)မြို့နယ်၊ တောင်တလုပ်ရပ်ကွက်၊ အမှတ်(၇)လမ်းမကြီး ဦးပိုင်အမှတ် (၃ ၊ ၄)၊ ကွင်းအမှတ်- ၄၀ ၂ ရေယာ(၈-၉၀)ကေထဝမ် မခုမစိတ်ရသေးသော (၃)ကေ အကျယ်ရှိ မြေနင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ကျွန်ုပ်၏ပိတ်ဆွေ ဒေါ်နန်းခမ်းအိမ်က အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ငယ်ယုပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်၏ ပိတ်ဆွေပိုင်ဆိုင်သော မြေနင့်မြေပေါ်ရှိ အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ တိုးမြေပေါ်တွင် ဝင်ရောက်ကျူးကျော်ခြင်း ရောင်းချခြင်း ပေါင်နှံခြင်း ပေးကမ်းခြင်း ငွေချေးယူခြင်း အာမခံထားခြင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ ချုပ်ဆိုခြင်း တနည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့် ထိုသို့ပြုလုပ် ဆောင်ရွက်သည်ကို တွေ့ရှိပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်နန်းခမ်းအိမ်
၁၃/ပယန(နိုင်)၀၀၀၀၇၆

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဖြူဖြူမိုး (L.L.B, D B L)
အထက်တန်းရှေ့နေ၊ စဉ် - ၂၀၁၂
တိုက်အမှတ်- ၉/၁၁၊ အခန်းအမှတ်- ၂၀ ၂/အေ
ဒုတိ-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၂၅၄၃၃၀၀၁၁

အများသိစေရန်ကြေညာချက်

တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်၊ ဟော်ဦးလမ်း အမှတ် - ၁၃/၁၁ နေဒေါ်နန်းခမ်းအိမ်(၁၃/ပယန(နိုင်)၀၀၀၀၇၆)၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်။

ရန်ကုန်မြို့ ဒဂုံပြည်သစ်(အရှေ့ပိုင်း)မြို့နယ်၊ တောင်တလုပ်ရပ်ကွက်၊ အမှတ်(၇)လမ်းမကြီး ဦးပိုင်အမှတ် (၃ ၊ ၄)၊ ကွင်းအမှတ်- ၄၀ ၂ ရေယာ (၇- ၂၂)ကေ အကျယ်ရှိ မြေနင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ကျွန်ုပ်၏ပိတ်ဆွေ ဒေါ်နန်းခမ်းအိမ်က အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ငယ်ယုပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်၏ ပိတ်ဆွေပိုင်ဆိုင်သော မြေနင့်မြေပေါ်ရှိ အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ တိုးမြေပေါ်တွင် ဝင်ရောက်ကျူးကျော်ခြင်း ရောင်းချခြင်း ပေါင်နှံခြင်း ပေးကမ်းခြင်း ငွေချေးယူခြင်း အာမခံထားခြင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ ချုပ်ဆိုခြင်း တနည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့် ထိုသို့ပြုလုပ် ဆောင်ရွက်သည်ကို တွေ့ရှိပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်နန်းခမ်းအိမ်
၁၃/ပယန(နိုင်)၀၀၀၀၇၆

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဖြူဖြူမိုး (L.L.B, D B L)
အထက်တန်းရှေ့နေ၊ စဉ် - ၂၀၁၂
တိုက်အမှတ်- ၉/၁၁၊ အခန်းအမှတ်- ၂၀ ၂/အေ
ဒုတိ-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၂၅၄၃၃၀၀၁၁

နွေစပါးနှင့် အခြားသီးနှံကေပေါင်း လေးသိန်းခန့် စိုက်ပျိုးရန်လျာထား

